The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL.23, NO. 5
တနင်္လာနေ့တိုင်းထုတ်ဝေသည်
February 27, 2023



# ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေး

စာမျက်နှာ ၈

ပြည်ပမှ လျှပ်စစ်သုံးယာဉ် တင်သွင်းခြင်းဆိုင်ရာ လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်သည့် အမိန့်ကြော်ငြာစာ ထုတ်ပြန် ၄

မြန်မာ့ကြက်သွန်နီကို ပြည်ပသို့ G to G စနစ်ဖြင့် တိုးမြှင့်တင်ပို့ရန် လုပ်ဆောင်နေ ၁၈

ကမ္ဘာတစ်ဝန်းရှိ ဘဏ်များ မျက်စိကျနေသည့် အင်ဒိုနီးရှားကုမ္ပဏီများ ၂၅




Royal-D
Royal-D
ELECTROLYTE BEVERAGE
ချွေးထွက်များလို့ ရေဓာတ်ဆုံး
ရွိုင်ရယ်-ဒီ သာအကောင်းဆုံး


Vito SOY
နေ့ရက်တိုင်းမှာအာဟာရပြည့်ဝစေဖို့ Vito ပဲနို့
Vito SOY
STRAWBERRY SOY MILK
HIGH PROTEIN
DOUBLE MILK ADDED
Vito SOY
CLASSIC SOY MILK
ပဲနို့
HIGH PROTEIN
DOUBLE MILK ADDED
Vito SOY
CHOCOLATE SOY MILK
HIGH PROTEIN
SOYMILK

# ပြည်တွင်းကြက်သွန်နီ ဈေးနှုန်းတည်ငြိမ်စွာဖြင့် ပြည်ပသို့တိုးမြှင့်တင်ပို့နိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ(၁)၌ ကျင်းပပြုလုပ်ခဲ့သည့် ပြည်တွင်းကြက်သွန်နီဈေးနှုန်း တည်ငြိမ်စွာဖြင့် ပြည်ပသို့တိုးမြှင့်တင်ပို့နိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ကြက်သွန်နီစိုက်ဧက ၁ ဒသမ ၇ သိန်းကျော်ရှိပြီး နှစ်စဉ်တန်ချိန် တစ်သန်းကျော် ထွက်ရှိကြောင်း၊ ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်သူ တောင်သူများ ထိုက်သင့်သည့် အကျိုးအမြတ် ရရှိစေရေး၊ စားသုံးသူပြည်သူများ သင့်တင့်မျှတသည့် ဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်ရေးတို့ကို ချိန်ညှိဆောင်ရွက်ရေးနှင့် ပြည်ပနိုင်ငံများသို့ စဉ်ဆက်မပြတ် တိုးမြှင့်တင်ပို့နိုင်ရေးတို့ကို ဟန်ချက်ညီဆောင်ရွက်ရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သုံးသီးနှံများ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူများကဈေးကွက် အခြေအနေနှင့် အလားအလာများ၊ ပြည်ပတင်ပို့ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ ဈေးကွက်တိုးချဲ့တင်ပို့နိုင်ရေးအတွက် နိုင်ငံတော်မှ ကူညီပံ့ပိုးပေးရန် လိုအပ်ချက်များ၊ ပြည်ပနိုင်ငံများသို့ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ လက်ရှိတင်ပို့နေမှု အခြေအနေများကို ဆွေးနွေးခဲ့ကြပြီး ကြက်သွန်နီကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖိလစ်ပိုင်နိုင်ငံ အပါအဝင် ဈေးကွက်အလားအလာရှိသည့် နိုင်ငံများသို့ တိုးမြှင့်တင်ပို့နိုင်ရေး အစိုးရချင်း ချိတ်ဆက်ဆောင်ရွက်ရေး၊ လိုအပ်သည့် အပင်ပိုးမွှားရောဂါများကင်းရှင်းကြောင်း အသိအမှတ်ပြုလက်မှတ်များ လွယ်ကူစွာ ထုတ်ယူရရှိနိုင်ရေး၊ ကောင်းမွန်သော စိုက်ပျိုးထုတ်လုပ်မှု ကျင့်စဉ် (GAP) စနစ်ဖြင့် စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် တောင်သူပညာပေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး တို့အပါအဝင် ပြည်ပဈေးကွက်သို့ကြက်သွန်နီ စဉ်ဆက်မပြတ် တိုးမြှင့်တင်ပို့နိုင်ရေးနှင့် ပြည်တွင်းဈေးကွက် တည်ငြိမ်စေရေးတို့အတွက် ဆောင်ရွက်သင့်သည့်အစီအစဉ်များကို ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင် သုံးသီးနှံများ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

MOC(IR)

# နယ်စပ်ကုန်သွယ်ရေးမှ ပို့ကုန်တင်ပို့မှုများ လွယ်ကူချောမွေ့စေရေး Vehicle Monitoring System အသုံးပြုစစ်ဆေးနေ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သွယ်မှုလုပ်ငန်းများ တရားဝင်မှန်ကန်စွာ ဆောင်ရွက်လာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပို့ကုန်တင်ပို့သည့် ယာဉ်များက ကုန်ပစ္စည်းများသယ်ဆောင်တင်ပို့ရာတွင် စနစ်တကျရှိစေရေးအတွက် လည်းကောင်း၊ ကုန်ပစ္စည်းစစ်ဆေးခြင်းလုပ်ငန်းများ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် လည်းကောင်း၊ ကုန်ပစ္စည်းသယ်ဆောင်ခွင့်လက်မှတ်များအား Vehicle Monitoring System ဖြင့် Online မှ စိစစ်ခွင့်ပြုပေးလျက်ရှိသည်။

အဆိုပါအစီအစဉ်အရ ပို့ကုန်ယာဉ်များက QR Code ကို အသုံးပြု၍ ကုန်ပစ္စည်းသယ်ဆောင် တင်ပို့နေခြင်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့်အတူ မန္တလေး (၁၆) မိုင် ကျောက်ချောစစ်ဆေးရေးစခန်းသို့ ဖေဖော်ဝါရီ ၁၈ ရက်တွင် လာရောက်စစ်ဆေးခဲ့သည်။

ဤသို့ စစ်ဆေးကြည့်ရှုစဉ် ပို့ကုန်ပစ္စည်းများအား နယ်စပ်မှတင်ပို့ရာတွင် ကုန်ပစ္စည်းသယ်ဆောင်သည့် ယာဉ်များအတွက် QR Code ပါဝင်သည့် ပစ္စည်းသယ်ဆောင်ခွင့်လက်မှတ်ကို Online မှ လျှောက်ထားခွင့်ပြုနေသည့် အစီအစဉ်များ၊ စစ်ဆေးဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခြေအနေများကို လည်းကောင်း၊ အဆိုပါအစီအစဉ်နှင့်စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ထုတ်ပြန်ချက်များကိုလည်းကောင်း သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပို့ကုန်လုပ်ငန်းရှင်များ၊ ယာဉ်မောင်းများနှင့်တွေ့ဆုံကာ အခက်အခဲများအား မေးမြန်းညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

MOC (IR)

# ပြည်တွင်းစားသုံးဆီတိုးမြှင့်ထုတ်လုပ်ရေးနှင့် စားသုံးဆီ ဖူလုံရေးကိစ္စများနှင့်စပ်လျဉ်းသည့် တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်

ပြည်တွင်းစားသုံးဆီ တိုးမြှင့်ထုတ်လုပ်ရေးနှင့် စားသုံးဆီ ဖူလုံရေးကိစ္စများနှင့်စပ်လျဉ်းသည့် တွေ့ဆုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး၌ ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တက်ရောက် အမှာစကား ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် ပြည်တွင်း၌ စားသုံးဆီ ဖူလုံမှုရှိစေရန် မူဝါဒချမှတ် အကောင်အထည်ဖော်လျက်ရှိကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း ဆီတင်သွင်းသည့် နိုင်ငံအဖြစ်မှ ဆီတင်ပို့သည့် နိုင်ငံအဖြစ်သို့ ရောက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ရေး လမ်းညွှန်ချက် ပေးထားကြောင်း၊ ပြည်တွင်းစားသုံးဆီ ဖူလုံရေးနှင့် ပြည်ပသို့ တင်ပို့နိုင်သည့် အခြေအနေသို့ရောက်ရှိအောင် ဆောင်ရွက်ရာတွင် စိုက်ပျိုးထုတ်လုပ်သူတောင်သူများ၊ ကြိတ်ခွဲထုတ်လုပ်သည့် ဆီစက်လုပ်ငန်းရှင်များအပြင် ပြည်ပမှ ဆီတင်သွင်းဖြန့်ဖြူးသည့် လုပ်ငန်းရှင်များကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဆီတင်သွင်းသူ လုပ်ငန်းရှင်အဖြစ်မှ ပြည်ပသို့ ဆီတင်ပို့သူလုပ်ငန်းရှင်အဖြစ် ရောက်ရှိရေး စတင်ပြင်ဆင်ရမည့် အချိန်ဖြစ်ကြောင်း၊ နေကြာအပါအဝင် ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရန်၊ ဆီစက်လုပ်ငန်းများ တိုးတက်၍ အခွင့်အလမ်းကောင်းများ ရရှိနိုင်စေရန်နှင့် စားသုံးဆီထုတ်လုပ်မှု ကဏ္ဍတစ်ရပ်လုံး မြင့်မားလာစေရေးအတွက် အသင်းအဖွဲ့များက ဦးဆောင်၍ စီးပွားရေးနယ်ပယ်အသီးသီးမှ လုပ်ငန်းရှင်များ ပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဆီလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ဆီစက်လုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု မြှင့်တင်နိုင်ရေး၊ ပြည်တွင်းစားသုံးဆီ ဖူလုံမှုရှိစေရေးနှင့် ဆီစက်များ အဆင့်မြှင့်နိုင်ရေး ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းခဲ့သည်။

ဆွေးနွေးပွဲမစတင်မီ ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့် တာဝန်ရှိသူများနှင့်တွေ့ဆုံကာ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပုဂ္ဂလိက ကဏ္ဍအား အသင်းချုပ်အနေဖြင့် အဓိကထားဦးဆောင်၍ ပူးပေါင်းဆောင်ရွက်ရန်၊ ကုန်သွယ်မှု မြှင့်တင်ရေးဆိုင်ရာ ပူးပေါင်းရွက်ရေးနှင့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များကို အားပေးမြှင့်တင်ဆောင်ရွက်ရေးနှင့် ကုန်သွယ်မှု လျင်မြန်ချောမွေ့ရေးကိစ္စများ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

MOC(IR)

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
ဝင်းလွင်
အောင်သွင်ဦး
ဒေါက်တာထိန်လင်း

**စာတည်းမှူးချုပ်**
ရန်နိုင်လွင်

**အုပ်ချုပ်ရေးမှူး**
မြမြစိန်

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ရဲမင်းနိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး

**သတင်းထောက်များ**
ရီလင်းထွဋ်(မုံရွာ)၊
ကြည်နိုင်ဦး(အင်းတော်)၊ မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ)၊ ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)
မင်းမင်းဦး(ပုသိမ်)
ဝင်းဝင်းခိုင်(ပြည်)
သန်းသန်းတင်(မုံရွာ)
စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
အိမ့်သဇင်ခိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (၀၉ ၇၇၇ ၁၂၇၂၇၂)

**ထုတ်ဝေသူ**
ဦးမျိုးခိုင်ဝင်း (၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊
ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၀၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
ဇော်ဝင်း

**ဖြန့်ချိရေး**
အုန်းခင်(၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
ခြူးခြူးနိုင်၊ မေသန္တာမိုး၊ ဆုပန်ပြည့်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com



# ယခုတစ်ပတ် ဆန်နှင့် ဆန်ကွဲ တန်ချိန် လေးသောင်းနီးပါးတင်ပို့

**ဆန်**

ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၇ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၈၄၃ သန်း တန်ဖိုးရှိ ဆန်တန်ချိန် ၁၃၅၀၀ ခန့်တင်ပို့ခဲ့သည်။ တင်ပို့မှုအနေဖြင့် အာရှနိုင်ငံများသို့ ဆန်တန်ချိန် ၆၆၉၀ ကျော်နှင့် ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများသို့ ဆန်တန်ချိန် ၆၈၀၀ ခန့်တင်ပို့ခဲ့ကြောင်း သိရသည်။ ဆန်တင်ပို့မှု အများဆုံးနိုင်ငံများမှာ အာရှတွင် ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တန်ချိန် ၄၂၉၀၊ တရုတ်နိုင်ငံသို့ ဆန်တန်ချိန် ၂၀၈၀ ခန့်၊ မလေးရှားနိုင်ငံသို့ ဆန်တန်ချိန် ၂၅၀ နှင့် ဗီယက်နမ်နိုင်ငံသို့ အနည်းငယ် တင်ပို့ခဲ့ကြောင်း သိရသည်။ ဥရောပတွင် နယ်သာလန်နိုင်ငံသို့ ဆန်တန်ချိန် ၁၀၀၀ ခန့်၊ တူရကီနိုင်ငံသို့ ဆန်တန်ချိန် ၂၀၀၀ ကျော်၊ ပိုလန်နိုင်ငံသို့ ဆန်တန်ချိန် ၇၀၀ ခန့်၊ ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်တန်ချိန် ၅၅၀၊ အီတလီနိုင်ငံသို့ ဆန်တန်ချိန် ၅၀၀၊ အင်္ဂလန်နိုင်ငံသို့ ဆန် ၄၇၅ တန်နှင့် အခြားဥရောပနိုင်ငံများသို့လည်း အနည်းငယ်တင်ပို့ခဲ့သည်။

ယခုတစ်ပတ် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၈၀ သန်း တန်ဖိုးရှိ ဆန်တန်ချိန် ၄၀၆၀ ကျော် တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ စုစုပေါင်း ဆန်တန်ချိန် ၁၇၅၆၀ ကျော် တင်ပို့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၇ ဒသမ ၄၂၃ သန်း ရရှိခဲ့သည်။ ယခင်တစ်ပတ် တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ဆန်တန်ချိန် ၉၀၀၀ ကျော် လျော့နည်းတင်ပို့ခဲ့ကြောင်းသိရသည်။

**ဆန်ကွဲ**

ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၇ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၆၂၃ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၁၄၈၅၀ ခန့်တင်ပို့ခဲ့သည်။ တင်ပို့မှုများအနေဖြင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၅၄၀၀ ကျော်နှင့် အာရှနိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၉၄၄၀ ခန့် တင်ပို့ခဲ့သည်။

ယခုတစ်ပတ် ဆန်ကွဲတင်ပို့မှု အများဆုံးနိုင်ငံများမှာ ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၄၅၀၊ နယ်သာလန်နိုင်ငံသို့ ဆန်ကွဲ ၉၇၅ တန်၊ စပိန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၈၀၀ ခန့်၊ အီတလီနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၄၅၀ ခန့်နှင့် အခြားဥရောပနိုင်ငံများသို့လည်း တင်ပို့ခဲ့ကြောင်း သိရသည်။ အာရှနိုင်ငံများဖြစ်သော တရုတ်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၉၃၆၀ ကျော်နှင့် စင်ကာပူနိုင်ငံသို့ ဆန်ကွဲ ၇၅ တန်ခန့် တင်ပို့ခဲ့သည်။

ယခုတစ်ပတ် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုမှ ဆန်ကွဲတန်ချိန် ၆၇၀၀ ကျော်နှင့် မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်မှုမှ ဆန်ကွဲတန်ချိန် ၇၁၀ ကျော် တင်ပို့သဖြင့် စုစုပေါင်း ဆန်ကွဲ တန်ချိန် ၇၄၁၀ ကျော် တင်ပို့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၅၀သန်း ရရှိခဲ့သည်။ နည်းလမ်းနှစ်သွယ်မှ စုစုပေါင်း ဆန်ကွဲတင်ပို့မှု တန်ချိန် ၂၂၂၆၀ ကျော် တင်ပို့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၈ ဒသမ ၃၇၃ သန်း ရရှိခဲ့သည်။ ယခင်တစ်ပတ် တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ဆန်ကွဲတန်ချိန် ၁၀၀ ကျော် လျော့နည်းတင်ပို့ခဲ့သည်။

ယခုတစ်ပတ် နည်းလမ်းနှစ်သွယ်မှ ဆန်နှင့်ဆန်ကွဲ စုစုပေါင်းတင်ပို့မှု တန်ချိန် ၃၉၈၃၀ တန် တင်ပို့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၇၉၆ သန်း ရရှိခဲ့ကြောင်းသိရသည်။

**အေးအေးသန့် (DOT)**

## အာရှနိုင်ငံများ၏ FOB ဆန်ဈေးနှုန်းများ

၂၄-၂-၂၀၂၃ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၉၅ | ၄၇၉ | ↓ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၈၁ | ၄၇၄ | ↓ | ၄၇၂ | ၄၆၂ | ↓ | ၄၄၄ | ၄၄၄ | - | ၄၈၇ | ၄၇၇ | ↓ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၄၇၂ | ၄၆၅ | ↓ | ၄၅၂ | ၄၄၂ | ↓ | ၄၃၁ | ၄၃၁ | - | ၄၆၂ | ၄၅၇ | ↓ |
| ပေါင်းဆန် | ၄၉၀ | ၄၈၃ | ↓ | - | - | - | - | - | - | - | - | - |

*Source: thairiceexporters*

## ပြည်တွင်းမြို့ကြီးများ၏(၂၄-၂-၂၀၂၃)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ညှော်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၁၄၀၀၀ | - | ၆၀၀၀၀ | - | | | | |
| ပုသိမ် | ၁၄၁၀၀ | ↑ | ၅၄၀၀၀ | ↑ | | | | |
| ပဲခူး | ၁၄၁၀၀ | ↑ | ၅၄၀၀၀ | ↑ | | | | |
| ရွှေဘို | ၁၅၀၀၀ | - | ၆၀၀၀၀ | - | ၂၁၀၀၀ | - | ၇၀၀၀၀ | - |
| စစ်တွေ | ၁၅၅၀၀ | ↑ | ၆၀၀၀၀ | ↑ | ၁၈၀၀၀ | ↑ | ၇၃၀၀၀ | ↑ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၁၂၅၀၀ | ↑ | ၅၀၀၀၀ | ↓ | | | ၇၀၀၀၀ | ↑ |
| ရန်ကုန်(ဝါးတန်း) | ၁၂၅၀၀ | ↑ | ၅၀၀၀၀ | ↓ | | | ၇၀၀၀၀ | ↑ |
| မန္တလေး | ၁၄၀၀၀ | ↑ | ၅၄၀၀၀ | ↑ | | | ၈၅၀၀၀ | - |
| မကွေး | ၁၅၅၀၀ | ↑ | ၆၀၀၀၀ | ↑ | | | ၈၅၀၀၀ | ↓ |
| မော်လမြိုင် | ၁၂၀၀၀ | ↑ | ၅၇၀၀၀ | ↓ | ၁၅၈၀၀ | - | ၇၀၀၀၀ | - |
| မြိတ် | ၁၄၀၀၀ | - | ၆၃၀၀၀ | - | | | ၈၀၀၀၀ | - |
| ဘားအံ | ၁၄၅၀၀ | ↑ | ၄၆၀၀၀ | - | | | ၆၉၆၀၀ | ↑ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည် ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ညှော်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

# ရွှေဘိုခရိုင်အတွင်း စပါး၊ ဆန်၊ ပဲ ဈေးနှုန်းဈေးကွက်

ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်များ၌ ဖေဖော်ဝါရီလ ဒုတိယပတ်တွင် စပါးဈေးမှာ အနည်းငယ်မြင့်တက်၍ ဆန်ဈေးနှုန်းမှာ တည်ငြိမ်နေသည်။ ယခုတစ်ပတ်တွင် ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီးများသို့ ဆန်စီးထွက်မှုမှာ ရန်ကုန်သို့ အိတ်ရေ ၄၀၀၀၀၊ မန္တလေးသို့ အိတ်ရေ ၅၁၇၄၀၊ နေပြည်တော်သို့ အိတ်ရေ ၁၁၀၀၀၊ ရှမ်းပြည်နယ်(တောင်ပိုင်း)သို့ အိတ်ရေ၁၀၀၀၀၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့ အိတ်ရေ ၁၀၀၀၀၊ ပခုက္ကူသို့ အိတ်ရေ ၆၀၀၊ စုစုပေါင်းအိတ်ရေ ၁၂၃၃၄၀၊ တန်အားဖြင့် ၆၁၆၇ တန် စီးထွက်ခဲ့သည်။

ရွှေဘိုမြို့၏ ဖေဖော်ဝါရီလ ဒုတိယပတ်တွင် ဖြစ်ပေါ်နေသော စပါး/ဆန် ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ကျပ် ၂၆၀၀၀၀၀၊ ရွှေဘိုပေါ်ဆန်း ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၉၀၀၀၀၊ ဧရာမင်းစပါး တင်း ၁၀၀ လျှင် ကျပ် ၁၄၅၀၀၀၀၊ ဧရာမင်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၆၅၀၀၀၊ ရွှေဘိုပေါ်ဆန်းစပါး(သစ်) တင်း ၁၀၀ လျှင် ကျပ် ၂၁၀၀၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန်(သစ်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၇၀၀၀၀၊ ဧရာမင်းစပါး (သစ်) တင်း ၁၀၀ လျှင် ကျပ် ၁၅၀၀၀၀၀၊ ဧရာမင်းဆန် (သစ်)၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၆၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

ရွှေဘိုမြို့၌ ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်း အရောင်းအဝယ်ဖြစ်သည့် သီးနှံနှင့် ဈေးနှုန်းအခြေအနေများကို ရွှေဘိုမြို့ ပဲ၊ နှမ်းကုန်စည်ဒိုင်ရှိ တာဝန်ရှိသူများနှင့် ဆက်သွယ်မေးမြန်းရာ ပဲစင်းငုံတစ်မျိုးတည်းသာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရှိရသည်။

ပဲစင်းငုံမှာ ဒီဇင်ဘာလ နောက်ဆုံးပတ်မှစတင်၍ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဖေဖော်ဝါရီလ ဒုတိယပတ်အထိ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဒုတိယပတ်၌ တစ်ရက်လျှင် တင်း ၃၀၀၀ ကျော်ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်း အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများမှာ ပဲစင်းငုံတစ်တင်းလျှင် ကျပ် ၆၁၀၀၀ ဖြစ်ပြီး အရောင်းအဝယ်ဖြစ်မှုမှာ ၁၈၀၀၀ တင်း/၅၈၈ တန်ဖြစ်ကြောင်း၊ ပဲစင်းငုံတစ်တင်း၏ ယခင်တစ်ပတ်ပေါက်ဈေးမှာ ကျပ် ၅၇၀၀၀ သာရှိခဲ့သဖြင့် ယခင်တစ်ပတ်နှင့် ယခုတစ်ပတ် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းနှိုင်းယှဉ်ပါက ယခုတစ်ပတ်တွင် ယခင်တစ်ပတ်ထက် တစ်တင်းလျှင် ကျပ် ၄၀၀၀ ဈေးနှုန်းပိုခဲ့ကြောင်း၊ ကုန်သည်များအနေဖြင့် မိမိဝယ်ယူရသည့် ဈေးနှင့် ရောင်းချရသည့် ဈေးနှုန်းအပေါ် အကျိုးအမြတ်ရရှိပါက နေ့ချင်းရောင်းချကြပြီး ဈေးမကိုက်ပါက လက်ဝယ်သိုလှောင်ထားကာ ဈေးနှုန်းကိုက်မှသာ ရောင်းချကြသော်လည်း ယခုတစ်ပတ်တွင် ဝင်ရောက်သမမျှ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ဖေဖော်ဝါရီလ ဒုတိယပတ်တွင် ရွှေဘိုမြို့၌ ရောင်းချလျက်ရှိသော ဓာတ်မြေဩဇာဈေးနှုန်းများမှာ အာမို၊ ကျွဲနက်တံဆိပ် (15:15:15)ကွန်ပေါင်းဓာတ်မြေဩဇာ 50kg တစ်အိတ်လျှင် ကျပ် ၁၅၂၅၀၀၊ MC တံဆိပ် (15:15:15) ကွန်ပေါင်းဓာတ်မြေဩဇာ 50kg တစ်အိတ်လျှင် ကျပ် ၁၄၂၀၀၀၊ ဇာမဏီတံဆိပ်(13:5:7) ကွန်ပေါင်းဓာတ်မြေဩဇာ 50kg တစ်အိတ်လျှင် ကျပ် ၇၇၀၀၀၊ အာမို၊ ပုလဲတံဆိပ် ကွန်ပေါင်းဓာတ်မြေဩဇာ 50kg တစ်အိတ်လျှင် ကျပ် ၁၁၂၀၀၀၊ ပန်းဖူးတံဆိပ် ဓာတ်မြေဩဇာ 50kg တစ်အိတ်လျှင် ကျပ် ၉၈၀၀၀ ဖြစ်ပြီး ပိုးသတ်ဆေးဈေးနှုန်းများမှာ ရှောင်လင်တံဆိပ် ထိသေ/စားသေ(အဆိပ်ငွေ့)တစ်လီတာ တစ်ဘူးလျှင် ကျပ် ၁၅၅၀၀၊ ဒီမွန် 1.8 တံဆိပ် ထိသေ/စားသေ(အဆိပ်ငွေ့) 500cc တစ်ဘူးလျှင် ကျပ် ၁၂၅၀၀၊ ငှက်ကြီးတောင်တံဆိပ် ထိသေ/ စားသေ(အဆိပ်ငွေ့) ၂၅၀ခခ တစ်ဘူးလျှင် ကျပ် ၂၈၅၀၀၊ ဇိုင်ကလုံးတံဆိပ် ပင်လုံးပြန့် 1Liter တစ်ဘူးလျှင် ကျပ် ၂၉၅၀၀၊ အင်ဖာနိုတံဆိပ် ပင်လုံးပြန့် ၅၀ဝါ တစ်ဘူးလျှင် ကျပ် ၉၀၀၀ ဖြစ်ကြောင်း၊ ယခုရောင်းချသည့်ဈေးနှုန်းများသည် ဒီဇင်ဘာလ ပထမပတ်မှစတင်၍ ရောင်းချခဲ့သော ဈေးနှုန်းများဖြစ်ပြီး ဖေဖော်ဝါရီလ ဒုတိယပတ်တွင်လည်း ယခင်ဈေးနှုန်းများအတိုင်း ဈေးငြိမ်လျက်ရှိကြောင်း သိရသည်။

**နှင်းနှင်းခိုင်၊ အေးသိင်္ဂီစိုး**

# အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ်-၆ သင်တန်းဆင်းပွဲ ကျင်းပ

ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပို့ကုန်သွင်းကုန်ရုံး (ရန်ကုန်) ပဥ္စမထပ်အစည်းအဝေးခန်းမ၌ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု အခြေခံသင်တန်း (စနေ၊ တနင်္ဂနွေ) အမှတ်စဉ်(၆) သင်တန်းဆင်းပွဲ နှင့် သင်တန်းဆင်းအောင်လက်မှတ် အပ်နှင်းခြင်း အခမ်းအနား ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင် တက်ရောက်အမှာ စကား ပြောကြားခဲ့သည်။ ၎င်းက နိုင်ငံတကာစီးပွားရေးဈေးကွက် တွင် ယှဉ်ပြိုင်ထိုးဖောက်နိုင်မည့် ပို့ကုန်လုပ်ငန်းရှင်သစ်များနှင့် စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းရှင်များ မွေးထုတ်ရန်၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်၊ ကုန်သွယ်ရေးကဏ္ဍ စဉ်ဆက် မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရန် ရည်ရွယ်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် ကုန်သွယ်မှုသင်တန်းကျောင်းကို ၂၀၁၂ ခုနှစ် ဧပြီလတွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ ကုန်သွယ်မှုသင်တန်းကျောင်း အနေဖြင့် ပုဂ္ဂလိကပိုင်ကဏ္ဍ၏ ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုး တက်ရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီအဖွဲ့အစည်း များမှ ဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန် စိတ်ပါဝင် စားသူများအား အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း များနှင့် အဆင့်မြင့်သင်တန်းများဖြင့် နိုင်ငံတကာ ကုန်သွယ်မှု စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ သီအိုရီ သဘော တရားများ၊ လက်တွေ့လုပ်ငန်းများ၊ အလေ့အထ အတွေ့အကြုံများ ကို အသေးစိတ် သင်ကြားပို့ချပေးနေကြောင်း၊ ယခုအချိန်သည်



မြန်မာနိုင်ငံ၏ Global Supply Chain Trade ဖြစ်လာသည့်အတွက် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးဖို့ အခွင့်အရေးများ အထူးရှိနေပြီဖြစ် ကြောင်း၊ SME လုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်မှုစွမ်းအား မြှင့်တင် နိုင်အောင် ပိုမိုလေ့လာ၊ ပိုမိုပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကာ ပို့ကုန် ပိုမိုတင်ပို့နိုင်အောင် ကြိုးစားရမည့် အချိန်အခါဖြစ်သည့် အတွက် လိုအပ်သည့် ပံ့ပိုးမှုများကို မိမိတို့ဝန်ကြီးဌာနအနေဖြင့် အစွမ်းကုန် ဖြည့်စွမ်းပေးသွားရမည်ဖြစ်သလို ကုန်သွယ်မှုနှင့်ဆိုင် သည့် အခြားဝန်ကြီးဌာနများနှင့်လည်း ဆက်စပ်ပူးပေါင်းဆောင် ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးက ထူးချွန်သူများအား ဆုချီးမြှင့် ခြင်းနှင့် သင်တန်းဆင်းအောင်လက်မှတ်များ အပ်နှင်းခဲ့သည်။ အပြည်ပြည်ဆိုင်ရာ သင်တန်းအမှတ်စဉ် (၆) သို့ သင်တန်းသား၊ သင်တန်းသူ ၇၅ ဦး တက်ရောက်ခဲ့ပြီး ကုန်သွယ်မှုဆိုင်ရာသင်တန်း ပို့ချချက်များနှင့် လက်တွေ့ကုန်သွယ်မှုဗဟုသုတများ ရရှိစေရန် အတွက် Yangon Stock Exchange ၊ မြန်မာသီလဝါ SEZ ၊ Myanmar International Terminals Thilawa (MITT)၊ ဝါးတန်း ကုန်စည်ဒိုင်၊ ဘုရင့်နောင်ကုန်စည်ဒိုင်နှင့် လှိုင်သာယာစက်မှုဇုန် များသို့ လေ့လာရေးခရီးများ စီစဉ်ပေးခဲ့ကြောင်းသိရသည်။

သင်တန်းသို့ ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသက်နှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု အခြေခံသင်တန်း(စနေ၊ တနင်္ဂနွေ) အမှတ်စဉ်(၆) သင်တန်းနည်းပြများ အပါအဝင် စုစုပေါင်း ၈၀ တက်ရောက်ခဲ့သည်။

**CJ**

# ပြည်ကုန်စည်ဒိုင်မှ ပဲမျိုးစုံ ဈေးနှုန်း နှိုင်းယှဉ်ချက်

ပြည်ကုန်စည်ဒိုင်၏ ဖေဖော်ဝါရီလဒုတိယပတ်တွင် မတ်ပဲတစ်တင်းကို ကျပ် ၆၁၀၀၀-၆၁၅၀၀ ဖြင့် တစ်ရက်ကို အိတ် ၂၀၀-၃၀၀ ခန့် အရောင်းအဝယ်ရှိခဲ့သည်။ တတိယပတ်တွင် မတ်ပဲတစ်တင်းကို ကျပ် ၆၂၀၀၀ ဖြင့် တစ်ရက်ကို အိတ် ၄၀၀-၅၀၀ ခန့် လျှောင်သမားနှင့် ရန်ကုန်အဝယ်ရှိခဲ့သည်။

ပြည်ကုန်စည်ဒိုင်တွင် ပဲစင်းငုံတစ်တင်းကို ကျပ် ၆၅၀၀၀ ဖြင့် တစ်ရက်ကို ရန်ကုန်အဝယ် အိတ် ၄၀၀-၅၀၀ ခန့် ရှိခဲ့သည်။ ဖေဖော်ဝါရီလ တတိယပတ်တွင် ပဲစင်းငုံတစ်တင်းကို ကျပ် ၆၆၀၀၀ ဖြင့် လျှောင်သမားနှင့် ရန်ကုန်အဝယ် တစ်ရက်ကို အိတ် ၅၀၀-၆၀၀ ခန့် အဝယ်ရှိသည်။ ဖေဖော်ဝါရီလ တတိယပတ်တွင် ပဲစင်းငုံတစ် တင်းကို ကျပ် ၁၀၀၀ ခန့် ဈေးတက်ခဲ့သည်။

ဖေဖော်ဝါရီလ ဒုတိယပတ်တွင် ကုလားပဲ (HL) တစ်တင်းကို ကျပ် ၆၅၀၀၀၊ ကုလားပဲ (မြကြေးမုံ)တစ်တင်းကို ကျပ် ၆၂၅၀၀-၆၃၀၀၀ ဖြင့် တစ်ရက်ကို အိတ် ၃၀၀-၄၀၀ ခန့် ခွဲစက်သမားနှင့်ရန်ကုန်အဝယ်ရှိခဲ့သည်။ တတိယပတ်တွင်ကုလားပဲ (HL) တစ်တင်းကို ကျပ် ၆၆၀၀၀-၆၆၅၀၀ ကုလားပဲ(မြကြေးမုံ)တစ်တင်း ကို ကျပ် ၆၆၀၀၀-၆၆၅၀၀ ဖြင့် တစ်ရက်ကို အိတ် ၄၀၀-၅၀၀ ခန့် ခွဲစက်သမားနှင့် ရန်ကုန် အဝယ်ရှိခဲ့သည်။

ဖေဖော်ဝါရီလ ဒုတိယပတ်တွင် ပဲကြီး(ရွှေကျွန်း)တစ်တင်းကို ကျပ် ၈၃၀၀၀-၈၅၀၀၀ ဖြင့် ပဲကြော်သမားများ မြို့တွင်းအဝယ်ရှိခဲ့သည်။ ဖေဖော်ဝါရီလ တတိယ ပတ်တွင် ပဲကြီး(ရွှေကျွန်း) တစ်တင်းကို ကျပ် ၈၀၀၀၀-၈၁၀၀၀ ဖြင့် ပဲကြီးဈေးကျလာ ခဲ့သည်။ ပဲကြီး (ရွှေကျွန်း)အဝယ် တစ်ရက်ကို အိတ် ၃၀၀/၄၀၀ ခန့် မြို့တွင်းအဝယ် ရှိခဲ့သည်။

ဖေဖော်ဝါရီလ ဒုတိယပတ်တွင် ဗိုလ်ကိတ်ပဲ တစ်တင်းကို ကျပ် ၄၈၀၀၀-၄၈၅၀၀ ဖြင့် မြို့တွင်းအဝယ်တစ်ရက်ကို အိတ် ၁၀၀ ခန့် အဝယ်ရှိခဲ့သည်။ တတိယ ပတ်တွင် ဗိုလ်ကိတ်တစ်တင်းကို ကျပ် ၄၇၀၀၀ ဖြင့် ဈေးကျလာခဲ့ပြီး မြို့တွင်းအဝယ် တစ်ရက်ကို အိတ် ၁၀၀-၁၅၀ ခန့်ရှိခဲ့သည်။

ပြည်ကုန်စည်ဒိုင်တွင် ပြည်ပပို့ကုန်ရှိသောပဲဈေးမှာ အနည်းငယ်တက်လျက် ရှိပြီး မြို့တွင်းအဝယ်ရှိသော ကုလားပဲဈေးမှာလည်း မြင့်လာခဲ့ကြောင်း သိရှိရသည်။

**မိမိအေး (ပြည်)**

# ပြည်မြေပဲဆန် ဝယ်လိုအားများလာ၍ ဈေးဆက်လက်မြင့်တက်လာ

ပြည်ခရိုင် ပြည်မြို့ဈေးကွက်တွင် ဖေဖော်ဝါရီနောက်ဆုံး ပတ်တွင် မြေပဲဆန်ဝယ်လိုအား များလာသဖြင့် လုံးဆန်ဈေး အနည်းငယ် မြင့်တက်လာခဲ့သည်။ မကွေးတိုင်းဒေသကြီး ကံမမြို့နှင့် ပြည် ခရိုင် ရွှေတောင်မြို့ဘက်မှ ပြည်ဈေးကွက်သို့ ရက်ခြား အဝင်ရှိပြီး ဝင်ရောက်သည့်ရက်တွင် မြေပဲဆန်အိတ် ၁၀၀၀ ခန့် ဝင်ရောက်မှုရှိသည်။

ယခုနှစ် မြေပဲထွက်ချိန်တွင် ရာသီဥတု မကောင်းသဖြင့် အထွက်နှုန်းများနည်းပြီး အညာဒေသဘက်မှလည်း ဝယ်လို အား များလာသဖြင့် မြေပဲဆန်ဈေးမှာ ယခင်နှစ်ထက်စာလျှင် ဈေးမြင့်တက်လာခဲ့သည်။

မြေပဲဆန်ဈေးနှုန်းမှာ ဆီကြိတ် မြေပဲဆန်(အဖြူ)တစ် ပိဿာလျှင် ကျပ် ၅၆၀၀၊ ဆီကြိတ်မြေပဲဆန် (အနီ)တစ်ပိဿာ လျှင် ကျပ် ၆၆၀၀ ဖြင့် ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေသော် လည်း၊ ယခင်နှစ်တွင် မြေပဲဆီဆန် (အဖြူ) တစ်ပိဿာလျှင် ကျပ် ၃၄၀၀ နှင့် (အနီ)တစ်ပိဿာလျှင် ကျပ် ၃၂၀၀ ဖြစ်ခဲ့၍ ယခုနှစ်အတွက် တစ်ပိဿာလျှင် ကျပ် ၂၂၀၀ မှ ၃၄၀၀ ထိ ဈေးနှုန်းများ မြင့်တက်လာခဲ့သည်။

မြေပဲဆန်လုံးဆန်ဈေးမှာ လုံးဆန်(အဖြူ)တစ်ပိဿာ လျှင် ကျပ် ၆၄၀၀၊ လုံးဆန်(အနီ)တစ်ပိဿာလျှင် ကျပ် ၇၂၀၀ ဖြင့် ယခင်တစ်ပတ်ကထက် တစ်ပိဿာလျှင် ကျပ် ၁၀၀-၂၀၀ ခန့် ဈေးအနည်းငယ် မြင့်တက်လာခဲ့သည်။ ယခင်နှစ်တွင် လုံးဆန်(အဖြူ)တစ်ပိဿာလျှင် ကျပ် ၃၇၀၀၊ လုံးဆန်(အနီ) တစ်ပိဿာလျှင် ကျပ် ၃၆၀၀ ဖြစ်ခဲ့၍ ယခုနှစ်တွင် တစ်ပိဿာ လျှင် ကျပ် ၂၇၀၀ မှ ၃၆၀၀ ခန့် ဈေးနှုန်းများ မြင့်တက်လာခဲ့ သည်။

ထို့အတူ မြေပဲဆီဈေးမှာလည်း တစ်ပိဿာလျှင် ကျပ် ၁၃၀၀၀ ဖြင့် ယခင်တစ်ပတ်ကအတိုင်း ဈေးငြိမ်နေသော်လည်း ယခင်နှစ်က မြေပဲဆီတစ်ပိဿာလျှင် ကျပ် ၆၈၀၀-၇၀၀၀ ဖြစ်သည့်အတွက် တစ်ပိဿာလျှင် ထက်ဝက်ခန့်မြင့်တက်လာ ခဲ့သည်။

**ဝေဝေမင်း (ပြည်)**

# ဖေဖော်ဝါရီလဝက်အတွင်း ပဲတန်ချိန် ရှစ်သောင်းနီးပါးတင်ပို့

ဖေဖော်ဝါရီ ၄ရက်မှ ၁၇ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုနှင့် နယ်စပ်ကုန်သွယ်ရေး စခန်းများမှ ပဲတီစိမ်း၊ ပဲစင်းငုံနှင့် မတ်ပဲ တင်ပို့မှုများအား စုစည်းဖော်ပြပေး လိုက်ပါသည်။

**ပဲတီစိမ်း**

ပဲတီစိမ်းကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၄၄၄ သန်း တန်ဖိုးရှိ ပဲတီစိမ်း တန်ချိန် ၃၄၀၈၀ ကျော် တင်ပို့ပြီး နယ်စပ်ကုန်သွယ်ရေးမှ အမေရိကန် ဒေါ်လာ ၇ ဒသမ ၄၇၆ သန်းဖိုးရှိ တန် ချိန် ၁၃၀၀၀ ကျော် တင်ပို့ခဲ့သဖြင့် စုစု ပေါင်း အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၉၂၀ သန်းဖိုးနှင့် တန်ချိန် ၄၇၀၈၀ ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ထိုင်း၊ မလေးရှား၊ ဗီယက်နမ်၊ တရုတ်၊ စင်ကာပူ၊ ဖိလစ်ပိုင်နှင့် အီးယူနိုင်ငံများ သို့ တင်ပို့ခဲ့သည်။ နယ်စပ်ကုန်သွယ်ရေး မှတင်ပို့မှုမှာ မြန်မာ-တရုတ်နယ်စပ်မှ တစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ခြင်းဖြစ် ကြောင်းသိရသည်။

**ပဲစင်းငုံ**

ပဲစင်းငုံ တင်ပို့မှုမှာ ပင်လယ်ရေ ကြောင်း ကုန်သွယ်မှုမှ အမေရိကန် ဒေါ်လာ ၁၀ ဒသမ ၄၂၉ သန်းဖိုးနှင့် တန်ချိန် ၁၃၆၉၀ ကျော်ဖြစ်သည်။ ပဲစင်းငုံကို အိန္ဒိယနိုင်ငံသို့ အများဆုံး တင်ပို့ခဲ့သည်။

**မတ်ပဲ**

မတ်ပဲကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၁၀၃ သန်းဖိုးနှင့် မတ်ပဲတန်ချိန် ၁၈၆၈၀ ကျော် တင်ပို့ခဲ့သည်။ မြန်မာ- တရုတ်နယ်စပ်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ဝ၇ဝ သန်းတန်ဖိုးရှိ မတ်ပဲ ၉၉ တန်ကို တင်ပို့ခဲ့သည်။ ဖေဖော်ဝါရီ လဝက်အတွင်း ပဲမျိုးစုံတန်ချိန် ၇၉၅၆၀ ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။

**CJ**

Vol: 23, No.5 Monday February 27 2023

**အစပျိုးစမ်းသပ်ကာလ (Pilot Project ) အတွင်း ပြည်ပမှ လျှပ်စစ်သုံးယာဉ်တင်သွင်းခြင်းဆိုင်ရာ လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်သည့်**

**အမိန့်ကြော်ငြာစာ**

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန် အစပျိုးစမ်းသပ်ကာလ (Pilot Project) အတွင်း ပြည်ပမှ လျှပ်စစ်သုံးယာဉ်များ တင်သွင်းခြင်းအတွက် လိုက်နာရမည့် စည်းကမ်းချက်များကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

(က) လျှပ်စစ်သုံးယာဉ်တင်သွင်းမည့်ကုမ္ပဏီသည် အရောင်းပြခန်းဖွင့်လှစ်ခွင့် လက်မှတ်ရရှိထားခြင်း မရှိသေးပါက အောက်ပါအချက်များနှင့်ကိုက်ညီရမည်-

(၁) မြန်မာနိုင်ငံသားက ဖြစ်စေ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားဖက်စပ်ဆောင်ရွက်ခြင်းဖြင့်ဖြစ်စေ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီဖြစ်ရမည်။

(၂) တင်သွင်းမည့် လျှပ်စစ်သုံးယာဉ်၏ အမှတ်တံဆိပ် (Brand) တစ်ခုစီအတွက် **ရောင်းချသည့် ကုမ္ပဏီနှင့် ချုပ်ဆိုထားသည့် အရောင်း၊အဝယ်** သဘောတူစာချုပ် တင်ပြနိုင်သူဖြစ်ရမည်။

(၃) အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ရရှိပြီး ဖြစ်ရမည်။

( ခ ) အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး **ဦးဆောင်ကော်မတီ၏** သတ်မှတ်ထားသည့်စံချိန်စံညွှန်းနှင့် ခွင့်ပြုထားသည့် **အစီးအရေအတွက်အတိုင်းသာ တင်သွင်းရမည်။**

( ဂ ) တင်သွင်းမည့် လျှပ်စစ်သုံးယာဉ်များအတွက် လိုအပ်သည့် အာမခံမှု၊ အပိုပစ္စည်းများ(Spare Parts) ရရှိနိုင်မှုနှင့် သုံးစွဲပြီးနောက်ပိုင်း ပြင်ဆင်မှုများကို ဆောင်ရွက်နိုင်သည့် အစီအမံထားရှိရမည်။

(ဃ) လျှပ်စစ်သုံးယာဉ် တင်သွင်းရောင်းချမည့် ကုမ္ပဏီသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုသည့်ဘဏ်တွင် မြန်မာငွေကျပ်သိန်း ၅၀၀ ပေးသွင်းနိုင်ကြောင်း ဘဏ်အာမခံချက်(Bank Guarantee) တင်ပြရမည်။

( င ) လျှပ်စစ်သုံးယာဉ်တင်သွင်းရောင်းချခွင့်ရသည့် ကုမ္ပဏီသည် တင်သွင်းလာသောယာဉ်များအား ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနတွင် မှတ်ပုံတင်ရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ဝယ်ယူခွင့်ပါမစ်လျှောက်ထားရမည်။

၂။ ဤအမိန့်ကြော်ငြာစာပါ လျှပ်စစ်သုံးယာဉ်ဟူသော စကားရပ်တွင် လျှပ်စစ်သုံးလူစီးယာဉ်နှင့် ခရီးသည်တင်ယာဉ်တို့ အကျုံးဝင်ပြီး BEV (Battery Electric Vehicle)ယာဉ်များသာဖြစ်ရမည်။

၃။ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့ထိ အကျိုးသက်ရောက်စေရမည်။

၄။ ဤအမိန့်ကြော်ငြာစာပါ သတ်မှတ်ချက်များအား လိုအပ်ပါက ပြင်ဆင်ဆောင်ရွက်သွားမည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## မြန်မာ့ဆိပ်ကမ်းတွင် ၂၄.၂.၂၀၂၃ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆိပ်ကမ်းအမှတ်(၁) | ISEACO GENESIS | ကုန်သေတ္တာ ၁၀၆၉ တင် ၃၉၇ ချဆဲ |
| ထီးတန်းဆိပ်ကမ်းအမှတ်(၂) | SITC HAIPHONE | ကုန်သေတ္တာ ၅၆၅ တင်ဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်းအမှတ်(၁) | BLPL TRUST | ကုန်သေတ္တာ ၄၅၄ တင် ၂၇၉ ချဆဲ |
| အလုံဆိပ်ကမ်းအမှတ်(၁) | VIET THUAN 30-03 | ပြောင်းဖူး ၂၅၀၀၀ တင်ဆဲ |
| စက်မှုဆိပ်ကမ်းအမှတ်(၄) | TRIESTE TRADER | ကုန်သေတ္တာ ၉၆၇ တင် ၇၄၈ ချဆဲ |
| သီလဝါစက်မှုဆိပ်ကမ်းအမှတ်(၁) | AE NEPTUNE | Steel & Equipmen ၈၅၀၅ ချဆဲ |
| MFSL Jetty | MV CITRA | Cement ၂၆၀၀ တန်ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| MV MCL16 | Y'Maize ၂၇၀၀ တန်တင်ရန် | - | ၁၀.၂.၂၀၂၃ |
| PIONEER FORTUNE | Y'Maize ၁၆၅၀၀ တန်တင်ရန် | THAILAND | ၂၇.၂.၂၀၂၃ |
| BMC PANDORA | Y'Maize ၁၆၅၀၀ တန်တင်ရန | THAILAND | ၂၇.၂.၂၀၂၃ |
| MALAYASIA STAR | (113 Unit)Vehicle(RO RO),၃၁၆၀တန်တင်ရန် | SINGAPORE | ၂၈.၂.၂၀၂၃ |
| HTK LUCKY | Coal(In Bulk), ၂၅၀၀၀ တန်ချရန် | INDONESIA | ၂၈.၂.၂၀၂၃ |
| PRETTY MAERSK | Steel ၄၀၀၀ တန်ချရန | TAIWAN | ၂.၃.၂၀၂၃ |
| DANCEWOOD SW | Wheat, ၂၄၀၀၀ တန်ချရန် | AUSTRALIA | ၆.၃.၂၀၂၃ |
| BAMBOO STAR | Wheat, ၂၀၀၀၀ တန်ချရန် | AUSTRALIA | ၁၂.၃.၂၀၂၃ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| MTT SAI SUNEE | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၄.၂.၂၀၂၃ |
| RICH SEAWAY | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၅.၂.၂၀၂၃ |
| RATNA BHUM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၅.၂.၂၀၂၃ |
| FILOTIMO | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၆.၂.၂၀၂၃ |
| KITI BHUM | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၆.၂.၂၀၂၃ |
| HANSA HARBURG | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၂၇.၂.၂၀၂၃ |
| TCI ARJUN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၇.၂.၂၀၂၃ |
| X PRESS MEGHNA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၇.၂.၂၀၂၃ |
| MSC FORTUNE F | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၇.၂.၂၀၂၃ |
| TI2 APPLE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၇.၂.၂၀၂၃ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၇.၂.၂၀၂၃ |



## ၉-၂-၂၀၂၃ မှ ၂၂-၂-၂၀၂၃ ရက်အထိ Online CO Application မှ CO / Product Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 906 | 14 | - | - | - | 920 |
| | Form AANZ | 11 | 1 | - | - | - | 12 |
| | Form AHK | - | - | - | - | - | - |
| | Form AI | 340 | 2 | - | - | - | 342 |
| | Form AJ | 55 | 1 | - | - | - | 56 |
| | Form AK | 447 | 5 | - | - | - | 452 |
| | Form CHINA | - | - | - | - | - | 0 |
| | Form D | - | - | - | - | - | 0 |
| | Form DFTP | 141 | 9 | - | - | - | 150 |
| | Form E | 595 | 25 | - | - | - | 620 |
| | Form Korea | 44 | 2 | - | - | - | 46 |
| | E Form D | 615 | - | - | - | - | 615 |
| 2. | Product Card | - | - | - | - | - | 0 |
| 3. | Certified Exporter | - | - | - | - | - | 0 |
| | **Total** | **3154** | **59** | - | - | - | **3213** |

# မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်တို့အကြား စီးပွားရေးနှင့် ကုန်သွယ်ရေး ကိစ္စရပ်များအား ပိုမိုမြှင့်တင်နိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်တို့အကြား စီးပွားရေးနှင့် ကုန်သွယ်ရေးကိစ္စရပ်များအား ပိုမိုမြှင့်တင်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ယူနန်ပြည်နယ် ကူးသန်းရောင်းဝယ်ရေးဌာန ညွှန်ကြားရေးမှူးချုပ်တို့ ဦးဆောင်၍ ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉နာရီခွဲတွင် ရုံးအမှတ်(၃) နေပြည်တော်၌ ကျင်းပခဲ့သည်။

အစည်းအဝေးကို မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်တို့အကြား စီးပွားရေးနှင့် ကုန်သွယ်ရေးကိစ္စရပ်များအား ပိုမိုမြှင့်တင်ဆောင်ရွက်ရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး အစည်းအဝေးသို့ မြန်မာနိုင်ငံဘက်မှ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးများနှင့် ဘာသာရပ်တာဝန်ခံများ တက်ရောက်ပြီး တရုတ်နိုင်ငံဘက်မှ ယူနန်ပြည်နယ် ကူးသန်းရောင်းဝယ်ရေးဌာန ညွှန်ကြားရေးမှူးချုပ် Mr.Li Chenyang ဦးဆောင်၍ ကိုယ်စားလှယ် ၁၉ ဦးတို့ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် နှစ်နိုင်ငံအကြား နယ်စပ်ဂိတ်များ ဖွင့်လှစ်နိုင်ရေးနှင့် မူဝါဒပိုင်းဆိုင်ရာ ကိစ္စရပ်များ၊ ကုန်စည်စီးဆင်းမှု လျင်မြန်ချောမွေ့စေရေးကိစ္စများ၊ ဘဏ္ဍာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကိစ္စများနှင့် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ကဏ္ဍများတွင် နှစ်နိုင်ငံ ပိုမိုပူးပေါင်းဆောင်ရွက်ရေး ကိစ္စတို့အား ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို မွန်းတည့် ၁၂ နာရီတွင် အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**MOC (IR)**

# ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ (WIPO) က ချီးမြှင့်မည့် ၂၀၂၃ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ဆုတံဆိပ်ကို ကမ္ဘာတစ်ဝန်းရှိ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ လျှောက်ထားနိုင်

ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ (World Intellectual Property Organization-WIPO) က ချီးမြှင့်မည့် ၂၀၂၃ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ဆုတံဆိပ်အတွက် လျှောက်ထားမှုများအား လက်ခံသွားမည်ဖြစ်ကြောင်း အဖွဲ့ဝင်နိုင်ငံများထံသို့ အကြောင်းကြားထားကြောင်း သိရှိရသည်။

အဆိုပါ ဆုတံဆိပ်အတွက် ရွေးချယ်ရန် ယှဉ်ပြိုင်မှုများအား ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၆ ရက်မှ ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်အထိ လက်ခံဆောင်ရွက်သွားမည်ဖြစ်ပြီး ပြိုင်ပွဲတွင် နည်းပညာ၊ စိုက်ပျိုးရေး၊ တီထွင်ဖန်တီးထားသော စက်မှုလုပ်ငန်းများ စသည့် စီးပွားရေးကဏ္ဍအားလုံးတွင် တက်ကြွစွာပါဝင်ဆောင်ရွက်နေသည့် ကမ္ဘာတစ်ဝန်းရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(SMEs)များ လျှောက်ထားနိုင်မည်ဖြစ်သည်။ လျှောက်ထားသူများအနေဖြင့် ကုန်အမှတ်တံဆိပ်များ၊ တီထွင်မှုများနှင့် ဒေသဆိုင်ရာ အညွှန်းတို့နှင့် သက်ဆိုင်သည့် မူပိုင်ခွင့်ဆိုင်ရာများကို အသုံးပြုကာ လျှောက်ထားနိုင်မည်ဖြစ်သည်။

ပြိုင်ပွဲတွင် ဆုရွေးချယ်မည့်ပုံစံမှာ စိစစ်ရွေးချယ်ရေးအဖွဲ့က အနိုင်ရရှိသူ ခုနစ်ဦးအထိ ရွေးချယ်သွားမည်ဖြစ်ပြီး ရွေးချယ်ခံရသူများသည် ဇူလိုင်လတွင်ပြုလုပ်မည့် WIPO General Assembly ကာလအတွင်း ၂၀၂၃ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ဆုပေးပွဲသို့ တက်ရောက်ရန် ဖိတ်ကြားခြင်းခံရမည်ဖြစ်သည့်အပြင် Personalized WIPO Mentorship Program တစ်ခုအား လက်ခံရရှိမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍနှင့် ယဉ်ကျေးမှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူပိုင်ခွင့်ကဏ္ဍ၏ အရေးပါမှုများကို မီးမောင်းထိုးပြခြင်းအားဖြင့် မူပိုင်ခွင့်ကဲ့သို့ အင်အားပြည့်ဝသောစနစ်ကို အသုံးပြု၍ ပြည်တွင်း၊ ပြည်ပ၌ တိုးတက်အောင်မြင်မှုများကို တီထွင်သူများ၊ ဖန်တီးသူများနှင့် ဒီဇိုင်းဖန်တီးသူများ မြင်တွေ့စေရန်နှင့် ပိုမိုလှုံ့ဆော်ပေးရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ထပ်မံသိရှိလိုသော အချက်အလက်များအား https://www.wipo.int/global-awards/en/ သို့ ဝင်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

**IP**

# ဘင်္ဂလားဒေ့ရှ်မှ လက်ရာမြောက်သော ရိုးရာလက်မှု ရွှေလက်ဝတ်ရတနာများကို ပို့ကုန်အဖြစ် တင်ပို့ရန် ရွေးချယ်ထား

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၎င်းတို့နိုင်ငံအတွင်းရှိ ပုံစံအမျိုးမျိုးသော ရိုးရာလက်မှု လက်ဝတ်ရတနာများကို ပို့ကုန်အဖြစ် တင်ပို့သွားမည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် ကျောက်မျက်လုပ်ငန်းရှင်များအသင်းက ပြောကြားခဲ့သည်ကို Dhaka Tribune တွင် ဖေဖော်ဝါရီ ၁၁ ရက်က ရေးသားဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ် ကျောက်မျက်လုပ်ငန်းရှင်များအသင်းက စီစဉ်ကျင်းပသည့် သုံးရက်တာ ကျောက်မျက်ရတနာပြပွဲတွင် လက်ဝတ်ရတနာအလုပ်ရုံအတွက် စိန်ခေါ်မှုများနှင့် အလားအလာရှိသော ရှေ့ဆက်လှမ်းမည့်ခရီး ခေါင်းစဉ်ဖြင့် နှီးနှောဖလှယ်ပွဲ၌ ကျောက်မျက်ကျွမ်းကျင်ပညာရှင်များက ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဘင်္ဂလားဒေ့ရှ် ကျောက်မျက်လုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များတင်ပြသည့် အဓိကအချက်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရွှေကုန်ကြမ်းမရရှိနိုင်ခြင်း၊ ကြီးမားသော ရင်းနှီးမြှုပ်နှံမှုမရှိခြင်း၊ ပြည်တွင်းဈေးကွက်ကိုသာ မှီခိုနေရခြင်းသည် ရွှေကဏ္ဍအတွက် အဓိကစိန်ခေါ်မှုအချို့ဖြစ်ကြောင်းလည်း ဖော်ပြပါရှိသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရိုးရာလက်မှုရွှေလက်ဝတ်ရတနာများကို လက်ပန်းထိမ်ဖြင့် ပြုလုပ်သည့် လုပ်ငန်းတွင် လုပ်သားအများအပြားရှိကြောင်း ဘင်္ဂလားဒေ့ရှ် ကျောက်မျက်လုပ်ငန်းရှင်များအသင်းက ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ် ရိုးရာလက်မှုရွှေလက်ဝတ်ရတနာများသည် အမေရိကန်၊ ကနေဒါနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများတွင် ဝယ်လိုအား ကောင်းမွန်ကြောင်းကိုလည်း ရေးသားဖော်ပြထားသည်။

**https://www.dhakatribune.com/commerce**

**စစ်တွေကုန်သွယ်ရေးစခန်း**

# အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာ ကိုယ်စားလှယ် သင်တန်း ဖွင့်လှစ်

မူပိုင်ခွင့်ဦးစီးဌာန၏ အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာ ကိုယ်စားလှယ်သင်တန်း အမှတ်စဉ် ၁/၂၀၂၃ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာန၊ ရုံးအမှတ်(၅၂)၌ Virtual စနစ်ဖြင့် ကျင်းပခဲ့ရာ မူပိုင်ခွင့်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဌာနခွဲအသီးသီးမှ ညွှန်ကြားရေးမှူးများနှင့် သင်တန်းနည်းပြများ တက်ရောက်ကြပြီး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ်က အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းကို မူပိုင်ခွင့်ဦးစီးဌာနမှ ကိုယ်စားလှယ် ဆောင်ရွက်ခွင့် (WIPO File Account) ရရှိထားပြီး အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားခြင်းအတွက် ဆောင်ရွက်လိုသော မူပိုင်ခွင့်ဆိုင်ရာ ကိုယ်စားလှယ်များကို နည်းစနစ်မှန်ကန်စွာဖြင့် မူပိုင်ခွင့်ဆိုင်ရာ မှတ်ပုံတင် လျှောက်ထားခြင်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။ ယခုကဲ့သို့ ကိုယ်စားလှယ်သင်တန်းကို ၂၀၂၂ ခုနှစ်တွင် နှစ်ကြိမ်ဖွင့်လှစ်ခဲ့ပြီး သင်တန်းတွင် အမှတ်တံဆိပ်များနှင့် ပတ်သက်သော ဥပဒေများ၊ ကိုယ်စားလှယ်တစ်ဦး၏ အခန်းကဏ္ဍ၊ အရေးပါမှုနှင့် အခြားနိုင်ငံများတွင် ဆောင်ရွက်နေမှု အလေ့အကျင့်များ၊ မူပိုင်ခွင့်ဆိုင်ရာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများနှင့် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များအကြောင်း၊ ဒေသဆိုင်ရာအညွှန်း (GIs)နှင့် ပတ်သက်သည့် ကိစ္စရပ်များ၊ မှတ်ပုံတင်ခွင့်မရှိသော အမှတ်တံဆိပ်များအကြောင်း၊ အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်လွှာ(TM-1) နှင့် ကိုယ်စားလှယ်ခန့်အပ်လွှာ (TM-2) ဖြည့်စွက်လျှောက်ထားပုံများ၊ အပြည်ပြည်ဆိုင်ရာ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ အမျိုးအစားခွဲခြားခြင်း၊ Online Filing စနစ်ဖြင့် အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားခြင်းအတွက် နည်းပညာပိုင်းဆိုင်ရာသိကောင်းစရာများ၊ WIPO File Account ဖွင့်လှစ်ခြင်းနည်းလမ်းများ၊ Online Filing စနစ်ဖြင့် အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားခြင်းအတွက် အခကြေးငွေ ပေးသွင်းသည့်စနစ်၊ Online Filing စနစ်ဖြင့် အမှတ်တံဆိပ် မှတ်ပုံတင် ရုပ်သိမ်းခြင်းဆိုင်ရာများကို စာတွေ့/လက်တွေ့ သင်ကြားပို့ချပေးခဲ့သည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၇ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး သင်တန်းသား/သူ စုစုပေါင်း ၁၃၄ ဦး တက်ရောက်ကြကြောင်း သိရသည်။

**IP**

ရန်ကုန်သီရိမင်္ဂလာဈေးရှိ သစ်သီးဝလံဈေးနှုန်းများ

| စဉ် | သစ်သီး အမျိုးအမည် | ၂၃-၂-၂၀၂၃ ဈေးနှုန်း (လုံး/ကျပ်) | ၂၄-၂-၂၀၂၃ ဈေးနှုန်း (လုံး/ကျပ်) | ဈေးနှုန်း နှိုင်းယှဉ်ချက် (တက်/ကျ) | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဖရဲသီး | ၃၀၀၀-၇၀၀၀ | ၃၅၀၀-၇၀၀၀ | ↑ | ၂၄-၂-၂၀၂၃ နေ့တွင် ရန်ကုန်သီရိမင်္ဂလာဈေးသို့ နယ်စုံမှ သစ်သီးဝလံဟင်းသီးဟင်းရွက် ကုန်ကား(၁၄)စီး ဝင်ရောက်ပြီး ကုန်ပိဿာချိန် ခန့်မှန်း ၂၇၂၀၀၀၀ ဝင်ရောက်ကြောင်း သိရှိရသည်။ ကုန်ဈေးနှုန်းများအနေနှင့် နယ်စုံမှ ဝင်ရောက်လာသော ကုန်ပစ္စည်း အနည်းအများပေါ်မူတည်၍ ဈေးနှုန်းအနည်းငယ် အတက်အကျရှိနိုင်ကြောင်း ဈေးများဌာနမှ သိရှိရသည်။ |
| ၂ | ကျွဲကောသီး | ၁၅၀၀-၂၅၀၀ | ၁၀၀၀-၃၀၀၀ | ↑ | |
| ၃ | ထောပတ်သီး | ၅၀၀-၁၀၀၀ | ၆၀၀-၁၀၀၀ | ↑ | |
| ၄ | လိမ္မော်သီး | ၂၀၀-၃၀၀ | ၂၅၀-၃၀၀ | ↑ | |
| ၅ | သရက်သီး | ၃၀၀-၁၆၀၀ | ၃၀၀-၁၇၀၀ | ↑ | |
| ၆ | သဘော်သီး | ၁၀၀၀-၂၀၀၀ | ၁၀၀၀-၂၅၀၀ | ↑ | |
| ၇ | နာနတ်သီး | ၄၀၀-၇၀၀ | ၃၀၀-၇၀၀ | ↑ | |

# ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေး




**ရီလင်းထွင့်(မုံရွာ)**

ခရီးသွားများ အပန်းဖြေ အနားယူနိုင်သည့် စိမ်းစိုသော ပတ်ဝန်းကျင်များ ဖော်ထုတ်ရေး၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းသော ဝန်ဆောင်မှုကောင်းများ ပေးစွမ်းနိုင်ရေး၊ လုံခြုံရေးနှင့် ဧည့်စာရင်း စီမံခန့်ခွဲမှုစနစ်တို့ အသုံးပြု၍ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လှုပ်ရှားမှုများတွင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်းထားကြောင်း သိရသည်။ ဟိုတယ်အဆင့်အတန်းကို ဟိုတယ်အခန်းဖွဲ့စည်းမှု၊ အသုံးအဆောင်ပစ္စည်းများ အရည်အသွေး၊ ဟိုတယ်ဝန်ထမ်းများ၏ အရည်အသွေး ဝန်ဆောင်မှု စံချိန်စံညွှန်းများ၊ အဆောက်အအုံ၏ အင်ဂျင်နီယာပိုင်းဆိုင်ရာ အရည်အသွေးများအပေါ် မူတည်သတ်မှတ်ခြင်းဖြစ်သည်။ ဟိုတယ်တစ်ခုအတွက် ဝန်ဆောင်မှုလုပ်ငန်းများအတွက် ပြည့်စုံလုံလောက်သော မြေနေရာကျယ်ဝန်းမှု၊ ခရီးသွားလုပ်ငန်းဆိုင်ရာဆွဲဆောင်မှုများနှင့်နီးစပ်ပြီး သဘာဝရှုခင်းကောင်းသော ပတ်ဝန်းကျင်တို့နှင့် ပြည့်စုံမှုရှိရန် လိုအပ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် ခရီးသွားများအတွက် စိတ်ဝင်စားဖွယ် နေရာများစွာရှိသော တိုင်းဒေသကြီးတစ်ခုဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီအစည်းအဝေးကို တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မုံရွာမြို့၌ လစဉ်ကျင်းပပြုလုပ်ပြီး ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် သက်ဆိုင်ရာဌာနများ၊ လုပ်ငန်းရှင်များ ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့နယ် ၁၂ မြို့နယ်တွင် ဟိုတယ်၊ တည်းခိုရိပ်သာ ၆၁ ခု ခွင့်ပြုလိုင်စင် ချထားသည့်အနက် ခရီးသွားဇုန် သတ်မှတ်ထားသော မုံရွာဇုန်တွင် ၁၄ ခု၊ စစ်ကိုင်းဇုန်တွင် ၁၀ ခု ရွှေဘိုဇုန်တွင် လေးခု၊ ကလေးဇုန်တွင် ၁၁ ခု၊ ကသာဇုန်တွင် ငါးခု၊ ခန္တီးဇုန်တွင် သုံးခု စုစုပေါင်း ၄၇ ခု ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။

၂၀၂၁ ခုနှစ်အတွင်း ပြည်တွင်းဧည့်ဝင် ၄၉၈၀၅ ဦး၊ ပြည်ပဧည့်ဝင် ၄၉၇ ဦး စုစုပေါင်း ၅၀၃၀၂ ဦး ဝင်ရောက်ခဲ့ပြီး ၂၀၂၂ ခုနှစ်အတွင်း ပြည်တွင်း ၁၁၁၅၆၄ ဦး၊ ပြည်ပ ၁၄၅၁ ဦး စုစုပေါင်း ၁၁၃၀၁၅ ဦး ဧည့်ဝင်ရောက်ခဲ့သဖြင့် ယခင်နှစ်ထက် တိုးတက်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ပြည်ပခရီးသွားအနက် အများစုလာရောက်သည့် နိုင်ငံများမှာ ထိုင်း၊ ရုရှား၊ အစ္စရေး၊ အီတလီနိုင်ငံသားတို့ဖြစ်သည်။ စစ်ကိုင်း မင်းကွန်းဒေသတွင် ဧည့်လမ်းညွှန် သင်တန်း၊ စစ်ကိုင်းမြို့တွင် မုန့်ဖုတ်သင်တန်း၊ မုံရွာမြို့တွင် မသန်စွမ်းသူများ ဝန်ဆောင်မှု ပေးနိုင်ရေး အသိပညာပေးသင်တန်းနှင့် အွန်လိုင်းစနစ်ဖြင့် ဧည့်သည်စာရင်းပေးပို့နိုင်ရေးအတွက် Guest List Management System သင်တန်းများကို ဖွင့်လှစ်ပို့ချပေးခဲ့သည်။ ဟိုတယ်တည်းခိုရိပ်သာများတွင် သစ်ပင်ပန်းမန်များ တိုးချဲ့စိုက်ပျိုးခြင်းနှင့် အမှိုက်ခွဲခြား စွန့်ပစ်စနစ်ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရီးစဉ်ဒေသသစ်နှင့် ခရီးစဉ်ဒေသဆွဲဆောင်မှုများ ဖော်ထုတ်ရေးအတွက် အထင်ကရ ခရီးစဉ်ဒေသများအကြောင်း အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် QR Code အပါအဝင်၊ ခရီးသွားလမ်းညွှန်မြေပုံ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။ ဒေသခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ လေဆိပ်၊ ဘုရား၊ အပန်းဖြေနေရာတို့တွင် ကွင်းဆင်း၍ ခရီးသွားဧည့်သည်များ၏ Feedback များကို ရယူရန် Survey ကောက်ယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မုံရွာခရီးသွားဇုန်နှင့် စစ်ကိုင်းခရီးသွားဇုန်ရှိ ခရီးစဉ်ဒေသများ၏ Documentary Video ရိုက်ကူးဆောင်ရွက်လျက်ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

## အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ ဆဋ္ဌမအကြိမ်မြောက် အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ ဆဋ္ဌမအကြိမ်မြောက် အစည်းအဝေးကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၁ ရက်ထိ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ Grand Hyatt Hotel ၌ ကျင်းပပြုလုပ်ခဲ့သည်။

အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့က ပူးတွဲဥက္ကဋ္ဌအဖြစ် ပြုလုပ်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်များ (Eminent Persons)၊ အဆင့်မြင့်ကိုယ်စားလှယ်များ (High Level Representatives)၊ ကိုယ်စားလှယ်များနှင့် အာဆီယံ နိုင်ငံရေး-လုံခြုံရေး အသိုက်အဝန်း ဒုတိယအတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့သည်။ အဆိုပါအစည်းအဝေးသို့ အဆင့်မြင့် လုပ်ငန်းအဖွဲ့ဝင်များဖြစ်သည့် မြန်မာနိုင်ငံ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်၍ မြန်မာနိုင်ငံ အဆင့်မြင့်ကိုယ်စားလှယ်၊ အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးအောင်မျိုးမြင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာထမ်းများ လိုက်ပါတက်ရောက်ခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်၌ ထည့်သွင်းမည့် အဓိကသွင်ပြင်လက္ခဏာများကို ဆွေးနွေးညှိနှိုင်းခြင်း၊ ပြီးပြည့်စုံပြီး အားလုံးအကျုံးဝင်သည့် မျှော်မှန်းချက် ပေါ်ထွက်လာရေးအတွက် ဒေသတွင်းရှိ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးရန်ကိစ္စ၊ ၂၀၂၃ ခုနှစ်အတွင်း အဆင့်မြင့်လုပ်ငန်းအဖွဲ့မှ ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကိစ္စ၊ တီမောလက်စ်တေနိုင်ငံအား လေ့လာသူနိုင်ငံအဖြစ် အဆင့်မြင့်လုပ်ငန်းအဖွဲ့အစည်းအဝေးသို့ စတင်ဖိတ်ကြားရေးကိစ္စ၊ ၂၀၂၃ ခုနှစ် မေလတွင် ကျင်းပမည့် (၄၂)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တင်ပြမည့် အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ အစီရင်ခံစာနှင့် အကြံပြုတင်ပြချက်များ ကိစ္စတို့ကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။ ထို့ပြင် အဆင့်မြင့်လုပ်ငန်းအဖွဲ့သည် အာဆီယံနှင့် ဆက်စပ်အဖွဲ့အစည်းများဖြစ်သည့် ဂျကာတာမြို့အခြေစိုက် အာဆီယံဖောင်ဒေးရှင်းနှင့် အာဆီယံငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးဗဟိုဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်တွင် ထည့်သွင်းရေးဆွဲသင့်သည့် ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဖွံ့ဖြိုးမှုကွာဟချက်ကို ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်း၊ ပြည်သူများကိုဗဟိုပြု၍ ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အပံ့ပေးနိုင်သော လက်တွေ့ကျသည့် မျှော်မှန်းချက်များဖြစ်ရန် လိုအပ်ကြောင်း၊ အနာဂတ်ကာလတွင် ဖြစ်ပေါ်လာနိုင်သော မမျှော်မှန်းနိုင်သည့် ကိစ္စများအား ခြုံငုံသုံးသပ်ပြင်ဆင် ဖြည့်စွက်နိုင်ရေးအတွက် ကာလလယ် သုံးသပ်ချက်များကို ထည့်သွင်းရေးဆွဲသင့်ကြောင်း ဆွေးနွေးခဲ့သည်။

လက်ရှိ အာဆီယံအသိုက်အဝန်း (၂၀၁၅-၂၀၂၅)သည် မကြာမီပြီးဆုံးတော့မည်ဖြစ်ပါသဖြင့် အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရန် အဆင့်မြင့်လုပ်ငန်းအဖွဲ့ ဖွဲ့စည်းရေးကို ၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် (၃၈) ကြိမ်မြောက်နှင့် (၃၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အတည်ပြုခဲ့သည်။ အဆိုပါ အဆင့်မြင့် လုပ်ငန်းအဖွဲ့ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ထင်ပေါ်ကျော်ကြား ပုဂ္ဂိုလ်များနှင့် အဆင့်မြင့်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည်။

DICA

# ယခုတစ်ပတ်အတွင်း ဘိလပ်မြေနှင့် ဓာတ်မြေသြဇာ တင်သွင်းမှုအခြေအနေ

ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၇ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၇၂၆ သန်း တန်ဖိုးရှိ ဓာတ်မြေသြဇာတန်ချိန် ၁၀၀၀၀ ကျော် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တန်ချိန် ၇၁၀၀ ခန့်၊ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံမှ တန်ချိန် ၂၅၀၀ ခန့်နှင့် ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၆၀၀ ခန့်နှင့် ထိုင်းနိုင်ငံမှ တန်ချိန် ၃၀၀ ကျော် တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ဓာတ်မြေသြဇာ တန်ချိန် ၅၀၀၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

နယ်စပ်ကုန်သွယ်မှုမှ ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၇ ရက်အထိကာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၃၂၉ သန်း တန်ဖိုးရှိ ဓာတ်မြေသြဇာတန်ချိန် ၁၂၀၀ ခန့် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် တရုတ်နိုင်ငံမှ တန်ချိန် ၁၁၅၀ ကျော်၊ ထိုင်းနိုင်ငံမှ တန်ချိန် ၄၀ ကျော် တင်သွင်းခဲ့သည်။

ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၇ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၈၃ သန်း တန်ဖိုးရှိ ဘိလပ်မြေ တန်ချိန် ၅၆၀ ကျော် တင်သွင်းခဲ့သည်။ မလေးရှားနိုင်ငံမှ တန်ချိန် ၅၁၀ ကျော်နှင့် အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံမှ တန်ချိန် ၅၀ ကျော် တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ ဘိလပ်မြေတန်ချိန် ၅၀၀ ခန့် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

နယ်စပ်ကုန်သွယ်မှုမှ ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၇ ရက်အထိကာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၃၄၆ သန်း တန်ဖိုးရှိ ဘိလပ်မြေတန်ချိန် ၄၃၀၀ ကျော် ထိုင်းနိုင်ငံမှ တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက နယ်စပ်မှ ဘိလပ်မြေ တန်ချိန် ၂၁၀၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

**အိမ့် (DOT)**

# ယခုတစ်ပတ်အတွင်း နို့ဆီ၊ နို့မှုန့်နှင့် ဆေးဝါးပစ္စည်းများ တင်သွင်းမှုအခြေအနေ

ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၇ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၀၃ သန်း တန်ဖိုးရှိ နို့ဆီ တန်ချိန် ၁၅၀ ကျော် တင်သွင်းခဲ့သည်။ တင်သွင်းမှုများအနေဖြင့် ထိုင်းနိုင်ငံမှ တန်ချိန် ၁၁၀ ကျော်နှင့် စင်ကာပူနိုင်ငံမှ တန်ချိန် ၄၀ ကျော် တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက နို့ဆီ တန်ချိန် ၂၈၀ ကျော် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၇ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၈၀ သန်း တန်ဖိုးရှိ နို့မှုန့်တန်ချိန် ၆၀ ကျော် နယူးဇီလန်နိုင်ငံမှ တင်သွင်းခဲ့သည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက နို့မှုန့်တန်ချိန် ၁၅၀ ကျော် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၇ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၇၁၀ သန်း တန်ဖိုးရှိ ဆေးဝါးပစ္စည်းများ တန်ချိန် ၄၀၀ ကျော် တင်သွင်းခဲ့သည်။

ယခုတစ်ပတ်အတွင်း အာဂျင်တီးနား၊ ဘယ်လ်ဂျီယံ၊ ဆွစ်ဇာလန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘရာဇီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဆိုက်ပရပ်စ်နိုင်ငံ၊ အီကွေဒေါနိုင်ငံ၊ ဂျာမနီနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ အိုင်ယာလန်နိုင်ငံ၊ အီတလီနိုင်ငံ၊ ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ စပိန်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ပေါ်တူဂီနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့် ဗီယက်နမ်နိုင်ငံတို့မှ တင်သွင်းခဲ့ကြောင်း သိရသည်။ အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ဆေးဝါးပစ္စည်းများ တန်ချိန် ၇၀ ကျော် လျော့နည်းတင်သွင်းခဲ့ကြောင်း သိရသည်။

**အိမ့် (DOT)**

ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း) ဆန်ဈေးနှုန်း (အိတ်/ကျပ်) (၂၄.၂.၂၀၂၃)

| စဉ် | လိုင်းအမည် | ပေါ်ဆန်း | | နှိုင်းယှဉ်ချက် | ကြားပျံ/ တောင်ပျံ | | နှိုင်းယှဉ်ချက် | ခွံနီ/ ပေါ်ကွဲ | | နှိုင်းယှဉ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယခင်တစ်ပတ် | ယခုတစ်ပတ် | | ယခင်တစ်ပတ် | ယခုတစ်ပတ် | | ယခင်တစ်ပတ် | ယခုတစ်ပတ် | |
| ၁ | ဖျာပုံ | 65,000 | 73,000 | ↑ | 75,000 | 77,000 | ↑ | 54,000 | 66,000 | ↑ |
| ၂ | မော်ကျွန်း | 62,000 | 76,000 | ↑ | 60,000 | 76,000 | ↑ | 50,000 | 64,000 | ↑ |
| ၃ | ဘိုကလေး | 56,000 | 70,000 | ↑ | 60,000 | 73,000 | ↑ | – | 63,000 | |
| ၄ | ဒေးဒရဲ/ ကွန်းခြံကုန်း | 60,000 | 72,000 | ↑ | 62,000 | 77,000 | ↑ | – | | |
| ၅ | ကော့မှူး/ တွံတေး | 58,000 | 70,000 | ↑ | 63,000 | 75,000 | ↑ | 53,000 | 63,000 | ↑ |
| ၆ | ဝါးခယ်မ | – | | | – | | | – | | |
| ၇ | မြောင်းမြ | 62,000 | 76,000 | ↑ | 64,000 | | | 49,000 | 65,000 | ↑ |
| ၈ | ကျိုက်လတ် | – | 70,000 | | – | 74,000 | | – | | |
| ၉ | လပွတ္တာ | 60,000 | 74,000 | ↑ | 62,000 | 76,000 | ↑ | 49,000 | 66,000 | ↑ |
| ၁၀ | ရွှေဘို | 72,000 | 80,000 | ↑ | – | | | – | | |

Source: Myanmar Rice

ရော်ဘာပြည်ပပို့ကုန်ဈေးနှုန်း (တန်/ ဒေါ်လာ) (၂၄.၂.၂၀၂၃)

| စဉ် | အမျိုးအစား | ယခင်တစ်ပတ် | ယခုတစ်ပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|---|
| 1 | RSS–1 | 1175–1225 | 1175–1225 | – |
| 2 | RSS–2 | 1125–1175 | 1125–1175 | – |
| 3 | RSS–3 | 1075–1125 | 1075–1125 | – |
| 4 | RSS–4 | 1025–1075 | 1025–1075 | – |
| 5 | RSS–5 | 975–1025 | 975–1025 | – |

Source: MRPPA

# ရွှေဆိုင်အားလုံး တစ်ပြေးညီရောင်းချရမည့် ရွှေဈေးနှုန်း ထုတ်ပြန်

ရွှေဆိုင်များအားလုံး မီးလင်းအခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၂၇၉၀၀၀၀ ဖြင့် တစ်ပြေးညီရောင်းချရန် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (YGEA) က ဖေဖော်ဝါရီ ၂၂ ရက်တွင် အသိပေးထုတ်ပြန်သည်။

ရွှေဈေးတက်ခြင်း၊ ဈေးကစားနေမှုများကို ထိန်းချုပ်နိုင်ရန်အတွက် ယခုကဲ့သို့ ဈေးတန်းတစ်ခု သတ်မှတ်ပေးခြင်းဖြစ်ကြောင်း YGEA အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က ဖေဖော်ဝါရီ ၂၃ ရက်တွင် ပြောသည်။

"ကျွန်တော်တို့ကတော့ ရွှေနဲ့ ငွေကြေးဈေးကွက် စောင့်ကြည့်ထိန်းသိမ်းကြပ်မတ်ရေးကော်မတီရဲ့ လမ်းညွှန်ချက်အရ ဒီဈေးနှုန်းနဲ့ရောင်းပေးဖို့ ကြားထဲကနေ မေတ္တာရပ်ခံပေးတာပါ။ အတင်းအကျပ်ကြီး အမိန့်ပေးတာမျိုးတော့ မဟုတ်ပါဘူး" ဟု ၎င်းက ပြောသည်။

ပြင်ပရွှေဈေးကွက်အတွင်း လက်ရှိ၌ အခေါက်ရွှေ တစ်ကျပ်သား ကျပ် ၂၈ သိန်းခွဲကျော်ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး ဖေဖော်ဝါရီလဆန်းပိုင်းကတည်းက အဆိုပါဈေးတန်းဝန်းကျင်တွင်သာ ရှိနေခြင်းဖြစ်သည်။

ဖေဖော်ဝါရီ ၂၃ ရက် ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စ ၁၈၃၆ ဒေါ်လာရှိပြီး ပြည်တွင်းရွှေဈေးမှာ တစ်ကျပ်သား ကျပ် ၂၈၆၀၀၀၀ ဖြစ်ကြောင်း သိရသည်။

**ပန်းဆု**

# ပြည်တွင်း ငွေကြေးဈေးကွက် အရောင်းအဝယ် ပုံမှန်အတိုင်းသာရှိ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပြည်တွင်းငွေလဲနှုန်း တည်ငြိမ်စေရေးဆောင်ရွက်လျက်ရှိရာ လက်ရှိငွေကြေးဈေးကွက်အတွင်း အရောင်းအဝယ် ပုံမှန်အတိုင်းသာ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ဗဟိုဘဏ်အနေဖြင့် ပြည်တွင်းရွှေနှင့် ငွေကြေးဈေးကွက် တည်ငြိမ်စေရေးအတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့်အတူ ဆက်လက် ပံ့ပိုးပေးသွားမည်ဖြစ်သည်ဟု ဆိုသည်။

ယင်းအပြင် ဗဟိုဘဏ်အနေဖြင့် ပြင်ပဈေးအတိုင်း ရောင်းဝယ်မှုများ ပြုလုပ်နေသည့် လိုင်စင်ရ ငွေလဲကောင်တာများကိုလည်း အရေးယူမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

လက်ရှိ ဗဟိုဘဏ်က မှတ်ပုံတင်ထုတ်ပေးထားသည့် ဘဏ်မဟုတ်သည့် ငွေရေးကြေးရေး အဖွဲ့အစည်းများအနေဖြင့် Money Changer လုပ်ငန်း ဆောင်ရွက်လိုပါက ဘဏ်မဟုတ်သည့် ငွေရေးကြေးရေးအဖွဲ့အစည်းအောက်မှ မဟုတ်ဘဲ သီးခြားကုမ္ပဏီ သို့မဟုတ် မိခင်ကုမ္ပဏီအမည်ဖြင့်သာ လျှောက်ထားရန် မူဝါဒချမှတ်ထားကြောင်း သိရသည်။

**ပန်းဆု**

# စတော့ရှယ်ယာတန်ဖိုး ကျပ်သန်းပေါင်း ၁၇၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့

ယခုနှစ် ဖေဖော်ဝါရီ ၉ ရက်မှ ၂၂ ရက်အထိ နှစ်ပတ်တာကာလအတွင်း စာရင်းဝင်ကုမ္ပဏီများ၏ စတော့ရှယ်ယာ အရောင်းအဝယ်ဖြစ်မှုမှာ တန်ဖိုးအားဖြင့် ကျပ်သန်းပေါင်း ၁၈၀ ကျော် ရှိခဲ့ကြောင်း ရန်ကုန်စတော့အိပ်ချိန်း (YSX) မှ သိရသည်။

အဆိုပါ ကာလအတွင်း အရောင်းအဝယ်ဖြစ်မြောက်သည့် ရှယ်ယာစောင်ရေစုစုပေါင်းမှာ ၆၅၄၇၆ ဖြစ်ပြီး တန်ဖိုးအားဖြင့် ကျပ် ၁၈၇ ဒသမ ၆၁ သန်း ရှိခဲ့ခြင်းဖြစ်သည်။

ကုမ္ပဏီတစ်ခုချင်းစီ၏ အစုရှယ်ယာရောင်းချနိုင်မှုအနေဖြင့် First Myanmar Investment (FMI) က အစုရှယ်ယာ ၃၆၄၉ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၃၀ ဒသမ ၉၈ သန်း၊ Myanmar Thilawa SEZ Holidings Public (MTSH) က အစုရှယ်ယာ ၂၃၃၈၂ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၇၃ ဒသမ ၈၂ သန်း ရရှိခဲ့ကြောင်း သိရသည်။

အလားတူ မြန်မာနိုင်ငံသားများဘဏ် (MCB) က အစုရှယ်ယာ ၈၀၅ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၆ ဒသမ ၀၅ သန်း၊ ပထမပုဂ္ဂလိကဘဏ် (FPB) က အစုရှယ်ယာ ၃၅၂၈၄ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၆၇ ဒသမ ၃၃ သန်း ရရှိခဲ့သည်။

ထို့အတူ TMH Telecom Public (TMH) က အစုရှယ်ယာ ၆၁၈ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၁ ဒသမ ၅၈ သန်း၊ Ever Flow River Group Public (EFR) က အစုရှယ်ယာ ၂၉၀ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် သုည ဒသမ ၇၆ သန်း၊ Amata Holding Public Co.,Ltd. (AMATA) က အစုရှယ်ယာ ၁၄၄၈ ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၇ ဒသမ ၀၉ သန်း စသည်ဖြင့် အသီးသီးရရှိခဲ့ကြောင်း သိရသည်။

**ပန်းဆု**

# စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့ရွှေဈေးသည် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၈၃၉ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ ဖေဖော်ဝါရီ ၂၂ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၈၃၅ ဒေါ်လာ ဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။ ပြည်တွင်းရွှေဈေးသည်လည်း ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ၂၈၅၇၀၀၀ ကျပ် ပေါက်ဈေးရှိခဲ့ရာမှ ဖေဖော်ဝါရီ ၂၂ ရက်တွင် ၂၈၆၀၀၀၀ ကျပ်သို့ အတက်အကျ ဖြစ်ပေါ်ခဲ့ကြောင်းကို ရွှေဈေးကွက်အတွင်းမှ သိရှိရသည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၂ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို တစ်ဖက်ပါဇယား ဖြင့် ဖော်ပြအပ်ပါသည်။

ယခုတစ်ပတ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၂ ရက်ထိ အမေရိကန် တစ်ဒေါ်လာလျှင် ၂၁၀၀ ကျပ် ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပြီး အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း (ဗဟိုဘဏ် သတ်မှတ်နှုန်းထား) မှာ တည်ငြိမ်လျက်ရှိသည်။

ပြည်တွင်းရှိ ပြင်ပဒေါ်လာငွေကြေးဈေးကွက်၌ ဝယ်လိုအား ပြောင်းလဲမှုပေါ်လိုက်၍ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၂ ရက်အထိ ရက်သတ္တပတ်အတွင်း ၂၈၈၀-၂၈၈၅ ကျပ် ကြားရှိနေကြောင်း သိရှိရသည်။

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၁၆-၂-၂၀၂၃ | ၁၇-၂-၂၀၂၃ | ၂၀-၂-၂၀၂၃ | ၂၁-၂-၂၀၂၃ | ၂၂-၂-၂၀၂၃ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၀.၀၀ | - |
| ၂ | Thai Baht | THB | ၃၄.၃၂၅ | ၃၄.၆၀၀ | ၃၄.၄၂၀ | ၃၄.၅၇၀ | ၃၄.၆၀၀ | ၀.၈၀ | ↑ |
| ၃ | Singapore Dollar | SGD | ၁.၃၃၄ | ၁.၃၄၀ | ၁.၃၃၆ | ၁.၃၃၈ | ၁.၃၄၀ | ၀.၄၅ | ↑ |
| ၄ | Malaysian Ringgit | MYR | ၄.၄၀၄ | ၄.၄၃၂ | ၄.၄၃၀ | ၄.၄၃၃ | ၄.၄၄၂ | ၀.၈၆ | ↑ |
| ၅ | Indonesian Rupiah | IDR | ၁၅၁၅၇ | ၁၅၂၀၂ | ၁၅၁၅၇ | ၁၅၁၉၀ | ၁၅၂၀၂ | ၀.၃၀ | ↑ |
| ၆ | Chinese Yuan | CNY | ၆.၈၅၅ | ၆.၈၈၂ | ၆.၈၅၉ | ၆.၈၇၅ | ၆.၈၉၅ | ၀.၅၈ | ↑ |
| ၇ | Indian Rupee | INR | ၈၂.၇၀၃ | ၈၂.၈၄၀ | ၈၂.၇၃၆ | ၈၂.၇၉၅ | ၈၂.၈၈၆ | ၀.၂၂ | ↑ |
| ၈ | Japanese Yen | JPY | ၁၃၃.၈၃၅ | ၁၃၄.၉၃၅ | ၁၃၄.၀၉၁ | ၁၃၄.၆၃၃ | ၁၃၄.၈၇၅ | ၀.၇၈ | ↑ |
| ၉ | Australian Dollar | AUD | ၁.၄၄၅ | ၁.၄၆၅ | ၁.၄၄၉ | ၁.၄၅၁ | ၁.၄၆၆ | ၁.၄၅ | ↑ |
| ၁၀ | Euro | EUR | ၀.၉၃၄ | ၀.၉၄၀ | ၀.၉၃၆ | ၀.၉၃၈ | ၀.၉၄၀ | ၀.၆၄ | ↑ |
| ၁၁ | Pound Sterling | GBP | ၀.၈၂၉ | ၀.၈၃၇ | ၀.၈၃၂ | ၀.၈၂၇ | ၀.၈၂၈ | -၀.၁၂ | ↓ |

Source- Central Bank of Myanmar

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် Thai Rice Exporter Association Website ၌ ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ(၅%) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၇၇ ဒေါ်လာ ဖြင့်လည်းကောင်း၊ ဧည့်မထ (၂၅ %) တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၄၄၇ ဒေါ်လာဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ(၁၀၀%) ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၉ ဒေါ်လာဖြင့် လည်းကောင်း၊ ဧည့်မထ(၅ %)တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၇၄ ဒေါ်လာ ဖြင့်လည်းကောင်း၊ ဧည့်မထ (၂၅ %) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၆၅ ဒေါ်လာဖြင့်လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၈၀ ဒေါ်လာဖြင့် လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို လေ့လာ သိရှိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ (၅ %) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၆၂ ဒေါ်လာဖြင့်လည်းကောင်း၊ ဧည့်မထ(၂၅ %) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၄၂ ဒေါ်လာဖြင့်လည်းကောင်း ရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ဧည့်မထ (၂၅ %) ဆန်တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၄၃၁ ဒေါ်လာ ဖြင့်လည်းကောင်း အသီးသီး ရှိခဲ့သည်ကို လေ့လာတွေ့ရှိရ သည်။ Thai Rice Exporter Association တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ထိုင်းနိုင်ငံ၌ (၁၀၀ %) ဘီဂရိတ်ဆန်၊ ဧည့်မထ (၅ %) ဆန်၊ ဧည့်မထ (၂၅ %) ဆန်ဈေးနှုန်းများနှင့် ဗီယက်နမ် နိုင်ငံ၏ ဆန်ဈေးနှုန်းများမှာ ဈေးနှုန်းအနည်းငယ်ကျဆင်းခဲ့ပြီး ပါကစ္စတန် နိုင်ငံတွင် ဆန်ဈေးနှုန်းမှာ မြင့်တက်ခဲ့ကာ အိန္ဒိယနိုင်ငံတွင် ဆန် ဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိသည်ကို သိရှိရသည်။

လက်ရှိ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဖေဖော်ဝါရီ ၁၇ ရက်အထိ (ယာယီ) စာရင်းများအရ ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှုတွင် ဆန်တန်ချိန် ၁၁၇၅၃၇၉ ဒသမ ၂၄၆ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၄၅၃ ဒသမ ၁၃၀ သန်း၊ ဆန်ကွဲတန်ချိန် ၇၄၇၂၁၁ ဒသမ ၈၆၀ တန်၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၂၅၇ ဒသမ ၂၂၃ သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၁၉၂၂၅၉၁ ဒသမ ၁၀၆ တန်၊ တန်ဖိုး အမေရိကန် ဒေါ်လာ သန်းပေါင်း ၇၁၀ ဒသမ ၃၅၃ သန်း ရရှိထားပြီး၊ ယခင်နှစ်ကာလတူတွင် ဆန်တန်ချိန် ၁၁၄၀၀၆၉ ဒသမ ၈၂၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၄၀၃ ဒသမ ၀၉၆ သန်း၊ ဆန်ကွဲ တန်ချိန် ၇၁၈၉၁၂ ဒသမ ၉၈၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၂၂ ဒသမ ၇၂၃ သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၁၈၅၈၉၈၂ ဒသမ ၈၀၀ တန်၊ တန်ဖိုး အမေရိကန် ဒေါ်လာသန်းပေါင်း ၆၂၅ ဒသမ ၈၁၉ သန်း တင်ပို့ခဲ့သည်။ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် ဆန်တန်ချိန် ၃၅၃၀၉ ဒသမ ၄၂၆ တန်၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၅၀ ဒသမ ၀၃၄ သန်း၊ ဆန်ကွဲ တင်ပို့မှုအနေဖြင့် ဆန်ကွဲတန်ချိန် ၂၈၂၉၈ ဒသမ ၈၈၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၅၀၀ သန်း ပိုမိုတင်ပို့နိုင်ခဲ့သည်။ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလအတွင်း ပြည်တွင်းဆန်ဈေးနှုန်း အပတ်စဉ် မြင့်တက်လာမှုကြောင့် ဆန်ဈေးနှုန်းတည်ငြိမ်စေရေး အတွက် ပြည်ပသို့ဆန်တင်ပို့မှုကို မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဖြင့် ညှိနှိုင်းလျှာထား ဆောင်ရွက်လျက်ရှိသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန၏ ၂၃-၂-၂၀၂၃ ရက်စွဲပါ ပို့ကုန်၊ သွင်းကုန်နှင့် ပတ်သက်သည့် သတင်းလွှာ (၄/ ၂၀၂၃) ဖြင့် ပို့ကုန်တင်ပို့မှု ဆောင်ရွက်ရာတွင် ကုန်စည်အလိုက် မျှတမှုရှိစေရေးနှင့် ပြည်ပသို့တင်ပို့သည့် အဓိကပို့ကုန်ပစ္စည်းများအပေါ် တစ်ပြေးညီ ကျင့်သုံးဆောင်ရွက်နိုင်ရန်အတွက် နယ်စပ်ကုန်သွယ်ရေးစခန်းမှ တစ်ဆင့် တစ်ဖက်နိုင်ငံသို့ ဆန်နှင့်ဆန်ထွက်ပစ္စည်း တင်ပို့ရောင်းချမှုမှရရှိသည့် ပို့ကုန်ဝင်ငွေ (နိုင်ငံခြားသုံးငွေ)၏ ၆၅ ရာခိုင်နှုန်းကို ၂၀၂၃ ခုနှစ် မတ် ၁ ရက်မှစတင်၍ ဗဟိုဘဏ်၏ ညွှန်ကြားချက်များနှင့်အညီ သတ်မှတ်နှုန်းထားအတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ရမည်ဖြစ်သည်။ ၂၀၂၃ ခုနှစ်၊ မတ် ၁ ရက်မှစတင်၍ တင်ပို့သည့် ဆန်နှင့် ဆန်ထွက်ပစ္စည်းများ၏ ပို့ကုန်ဝင်ငွေအပေါ် တစ်ပြေးညီ ကျင့်သုံးမည်ဖြစ်ပါသဖြင့် အဆိုပါနေ့ရက်မတိုင်မီ ပြည်ပမှ ကုန်ဖိုးငွေ ကြိုတင်ပေးပို့ထားပြီး အဆိုပါနေ့ရက်နှင့် နောက်ပိုင်းတွင် ပြည်ပသို့တင်ပို့မည့် ဆန်နှင့်ဆန်ထွက်ပစ္စည်း ပို့ကုန်ရငွေများကိုလည်း သတ်မှတ်နှုန်းထားအတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ရမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ၄၂၀ ကျပ်နှုန်းရှိပြီး ဧည့်မထ ၂၅ % ဆန် တစ်အိတ်လျှင် ၄၃၂၆၀ ကျပ်မှ ၄၅၃၆၀ ကျပ်ကြား ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း အနေဖြင့် တစ်ဘတ်လျှင် ၈၃ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရသည်။

တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဧည့်မထဆန် တစ်ပြည်လျှင် လွိုင်ကော်မြို့တွင် ၃၄၀၀ ကျပ် ဖြင့် အမြင့်ဆုံးဈေးနှုန်း ဖြစ်ပေါ်ခဲ့ပြီး ပြည်မြို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ၂၀၀၀ ကျပ်ဖြင့် အနိမ့်ဆုံးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ၃ ဒသမ ၀၂ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းလျက် ရှိကြောင်း သိရှိရသည်။ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ နောက်ဆုံးအပတ်တွင် နိုင်ငံတကာဆန်ဈေးနှုန်းများ အတက်/ အကျ ပြောင်းလဲမှုများ ရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်/ အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

## ရောဝတီတိုင်းဒေသကြီးတွင် သီဟိုဠ်ဈေးကွက် ကောင်းနေ

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသထွက်ကုန်များတွင် ပြည်ပပို့ကုန်သီဟိုဠ်ဈေးကွက်မှာ ရာသီသီးနှံအဖြစ် ဖေဖော်ဝါရီလတတိယပတ်မှစတင်၍ ဈေးကွက်သို့ ဝင်ရောက်လျက်ရှိပြီး မတ်လပိုင်းမှာ သီဟိုဠ်လှိုင်လှိုင်ပေါ်သည့် အချိန်ဖြစ်ကြောင်း၊ မိုးမရွာခင်အချိန်အထိ ဈေးကွက်မှာ အရောင်းအဝယ်ဖြစ်၍ မေလ၊ ဇွန်လများတွင် မိုးရွာသွန်းပါက သီဟိုဠ်စေ့မှာ မိုးမိလျှင် ရေဝင်ပြီး အသီးမှာမည်းသွားသည့်အတွက် ဈေးကွက်တွင် အရောင်းအဝယ်မဖြစ်တော့ဘဲ သီဟိုဠ်ရာသီ ပြီးဆုံးသွားကြောင်း ဈေးကွက်မှ သိရသည်။

တိုင်းဒေသကြီးအတွင်း သီဟိုဠ်စိုက်ဧက ၆၅၀၀၀ ခန့်ရှိပြီး မြောင်းမြခရိုင်၊ ဟင်္သာတခရိုင်နှင့် လပွတ္တာခရိုင် အပါအဝင် ပုသိမ်ခရိုင် ပုသိမ်မြို့နယ်၊ သာပေါင်းမြို့နယ်၊ ငပုတောမြို့နယ်နှင့် ပင်လယ်ကမ်းခြေချောင်းသာ၊ ငွေဆောင်ဒေသများတွင်လည်း စိုက်ပျိုးလျက်ရှိကြောင်း၊ ပုသိမ်မြို့ပေါ်တွင် သီဟိုဠ်စေ့ကုန်ကြမ်း ဝယ်ယူသည့်ဒိုင်များမှ ရန်ကုန်သို့တင်ပို့၍ ရန်ကုန်မှတစ်ဆင့် ကုန်ချောများ ပြုလုပ်ကာ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း အဝယ်ဒိုင်များမှသိရသည်။

ယခင်နှစ်သီဟိုဠ်ပေါ်ချိန် တစ်ပိဿာ ကျပ် ၃၂၀၀ မှ ၃၃၀၀ ဈေးသာရှိသော်လည်း ယခုနှစ်တွင် သီဟိုဠ် တစ်ပိဿာ ကျပ် တစ်ထောင်ကျော် ဈေးနှုန်းမြင့်တက်၍ ယခုနှစ် သီဟိုဠ် တစ်ပိဿာ ကျပ် ၄၂၀၀ မှ ၄၃၀၀ အတွင်းရှိကြောင်း၊ အချို့မြို့နယ်များတွင် သီဟိုဠ်အရည်အသွေး ကွာခြားမှုပေါ်မူတည်၍ဈေးနှုန်း ကွာခြားမှုရှိနိုင်ကြောင်း မြို့ပေါ်ရှိ သီဟိုဠ်အဝယ်ဒိုင်များမှ သိရသည်။

**မင်းမင်းဦး(ပသ)**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၂၆ နိုင်ငံအနက် လက်ဘနွန်နိုင်ငံသည် ယခုတစ်ပတ်တွင် ၂၅ ဒသမ ၈၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး ပါကစ္စတန်နိုင်ငံတွင် ၈ ဒသမ ၉၀ ရာခိုင်နှုန်း၊ ဘာဘေဒိုနိုင်ငံတွင် ၃ ဒသမ ၆၀ ရာခိုင်နှုန်းနှင့် Cayman Islands နိုင်ငံတွင် ၃ ဒသမ ၅၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၂၇ နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ တရုတ်၊ ဂျပန်၊ ဘူလ်တန်၊ ကင်မရွန်း၊ အစ္စရေး၊ ဂျော်ဒန်၊ မိုနာကိုနှင့် နော်ဝေ စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၇၆ နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်နေကြောင်း တွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ထိုင်း၊ ဗီယက်နမ်၊ တောင်ကိုရီးယား၊ ထိုင်ဝမ်၊ စပိန်၊ ဆွစ်ဇာလန်၊ ဂျာမနီ၊ ဒိန်းမတ်၊ ဘရာဇီး၊ ဆွီဒင်၊ နယ်သာလန်နှင့် နယူးဇီလန် အပါအဝင် နိုင်ငံပေါင်း ၂၃ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၂ ဒသမ ၅၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် စင်ကာပူနိုင်ငံတွင် သုည ဒသမ ၄၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ထိုင်းနိုင်ငံတွင် သုည ဒသမ ၆၀ ရာခိုင်နှုန်းနှင့် ဗီယက်နမ်နိုင်ငံတွင် ၁ ဒသမ ၃၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများအားလုံး ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၂၆ နိုင်ငံအနက် လက်ဘနွန်နိုင်ငံသည် ယခုတစ်ပတ်တွင် ၇ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး ပါကစ္စတန်နိုင်ငံတွင် ၆ ဒသမ ၅၀ ရာခိုင်နှုန်း၊ ဘာဘေဒိုနိုင်ငံတွင် ၅ ဒသမ ၅၀ ရာခိုင်နှုန်းနှင့် Cayman Islands နိုင်ငံတွင် ၄ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၅ နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ တရုတ်၊ ဟောင်ကောင်၊ ဘူလ်တန်၊ ကင်မရွန်း၊ ဂျော်ဒန်၊ မိုနာကိုနှင့် ပီရူး စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၇၁ နိုင်ငံတွင် ယခင်တစ်ပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်နေကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ထိုင်း၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ တောင်ကိုရီးယား၊ ထိုင်ဝမ်၊ ရုရှား၊ ဂရိ၊ အီတလီ၊ ဘယ်လ်ဂျီယံ၊ နယူးဇီလန်၊ ဘရာဇီး၊ ဟန်ဂေရီ၊ ပိုလန်နှင့် စပိန် အပါအဝင် နိုင်ငံပေါင်း ၄၀ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၃ ဒသမ ၉၀ ရာခိုင်နှုန်းအထိ ဈေးနှုန်း ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ထိုင်းနိုင်ငံတွင် ၁ ဒသမ ၅၀ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံတွင် ၃ ဒသမ ၄၀ ရာခိုင်နှုန်းနှင့် ဗီယက်နမ် နိုင်ငံတွင် ၃ ဒသမ ၅၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်း ကျဆင်းခဲ့ပြီး ကျန်အာဆီယံနိုင်ငံများအားလုံး ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။ အာဆီယံနိုင်ငံများ၏ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ်တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၁.၁၀ | ၁.၁၂ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၉၂ | ၁.၁၁ |
| ၃ | ထိုင်း | လီတာ | ၁.၂၇ | ၀.၉၈ |
| ၄ | ဗီယက်နမ် | လီတာ | ၁.၀၂ | ၀.၈၉ |
| ၅ | စင်ကာပူ | လီတာ | ၁.၉၈ | ၁.၈၆ |
| ၆ | မလေးရှား | လီတာ | ၀.၄၆ | ၀.၄၉ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၂၄ | ၁.၁၃ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၃၀ | ၁.၂၃ |
| ၉ | လာအို | လီတာ | ၁.၅၇ | ၁.၁၂ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီတစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၂ နှင့် ဒီဇယ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၅ ရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း တစ်လီတာ ၁ ဒသမ ၁၀ ဒေါ်လာနှုန်းဖြင့် ၅၂ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ ၁ ဒသမ ၁၂ ဒေါ်လာနှုန်းဖြင့် ၅၁ နိုင်ငံမြောက်တွင်ရှိနေကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၂၂ | ၁.၀၈ |
| ၂ | ဂျပန် | လီတာ | ၁.၂၀ | ၁.၀၅ |
| ၃ | အိန္ဒိယ | လီတာ | ၁.၂၆ | ၁.၁၃ |

အမေရိကန်နိုင်ငံ၏ ရေနံစိမ်းသိုလှောင်မှု မြင့်တက်လာခြင်းကြောင့် ကမ္ဘာ့ရေနံ ဈေးနှုန်းသည် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၈ ဒသမ ၄၉ ရှိခဲ့ရာမှ ဖေဖော်ဝါရီ ၂၂ ရက်တွင် ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၃ ဒသမ ၉၅ သို့ ဈေးနှုန်းကျဆင်းလာခဲ့သည်ကို သိရှိရသည်။

ပြည်တွင်းဈေးကွက်အတွင်း ရောင်းချလျက်ရှိသော စက်သုံးဆီဈေးနှုန်းများမှာ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် အောက်တိန်း-92 တစ်လီတာလျှင် ၂၁၁၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ၂၁၉၅ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ၂၁၇၅ ကျပ်နှင့် ပရီမီယံဒီဇယ်တစ်လီတာလျှင် ၂၂၅၅ ကျပ် အသီးသီး ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား လေ့လာရာတွင် ဟားခါးမြို့တွင် ဓာတ်ဆီတစ်လီတာလျှင် ၃၈၀၀ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၃၆၈၀ ကျပ်၊ ကျိုင်းတုံမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၂၈၈၀ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ၃၃၅၀ ကျပ်ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး၊ ရန်ကုန်မြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၂၂၇၀၊ ဒီဇယ်တစ်လီတာလျှင် ၂၂၇၅ ကျပ်၊ ပဲခူးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ၂၂၇၅ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ၂၂၈၀ ကျပ်ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ ပြည်တွင်းစက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ယခင်တစ်ပတ်ထက် ဓာတ်ဆီတစ်လီတာလျှင် ၇၀ ကျပ်နှင့် ဒီဇယ် တစ်လီတာလျှင် ၆၅ ကျပ် ဈေးနှုန်းကျဆင်းခဲ့ကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

**DOT (P&S)**

# သီးကင်းစမှ မှည့်ချိန်ထိ ဝင်ငွေရရှိသည့် မရန်းပင်

မရန်းသီးသည် ဟင်းလျာအဖြစ် စား၍ရသလို သရေစာအဖြစ်လည်း စားသုံး၍ရသည့် ကျန်းမာရေး အထောက်အကူပြု အစားအစာတစ်မျိုးဖြစ်သည်။


မရန်းသီးသည် ဈေးကွက်သို့ ဇန်နဝါရီလကုန်ခန့်မှစ၍ ဝင်ရောက်လာကြပြီး ဖေဖော်ဝါရီလတွင် ဝင်ရောက်မှုများလာသည်။ ဈေးမှာလည်း ပေါ်ခါစအချိန်ထက် လျော့နည်းလာခဲ့ကာ ၁၀ ကျပ်သားလျှင် ကျပ် ၂၀၀၀ ခန့်ထိ ဈေးကောင်းပေး၍ ဝယ်ယူစားသုံး ကြသည်။

မရန်းသီးမှာ သီးကင်းပေါ်စကဆိုလျှင် ၁၀ ကျပ်သား ကျပ် ၅၀၀၀ ကျော် ဈေးရှိခဲ့သော်လည်း ပေါ်ဦးပေါ်ဖျား ဈေးကောင်းပေးရသည်။ ထမင်းဝိုင်းများတွင် အခြားဟင်းများနှင့် တွဲဖက်၍ သုပ်၍လည်းကောင်း၊ ပုစွန်ခြောက်နှင့်ကြော်၍၊ ချက်၍လည်းကောင်း တွဲဖက်၍ စားသုံးကြကာ အရသာထူးကဲသည့် ထမင်းမြိန်စေသော ဟင်းလျာတစ်မျိုးဖြစ်သည်။ မရန်းသီးအမှည့်မှာလည်း သကြားနှင့် စိမ်၍ မရန်းယိုအဖြစ် လည်းကောင်း အချဉ်ထုပ်များ ထုပ်၍လည်းကောင်း၊ ဈေးကွက်အတွင်း ရောင်းချကြသည်။ မရန်းပြားခြောက်များကိုလည်း ငါး၊ ဝက်သားတို့နှင့် တွဲဖက်၍ ချက်စားကြသလို ချဉ်ရည်ဟင်းများတွင်လည်း ထည့်၍ချက်ပြုတ်ကြသည်။

မရန်းသီးတွင် ရေဓာတ်ရော၊ အမျှင်ဓာတ်ပါပါဝင်သလို အချဉ်ဓာတ်ကဲခြင်းကြောင့် ပါဝင်သည့် အာဟာရဓာတ်တန်ဖိုးများအနေဖြင့် Caloric 60, Vitamin C 17%, Vitamin A 7%, Calcium 1%, Iron 5% နှင့် Carbohydrate 16 mg ပါဝင်ကြောင်း သိရသည်။ Vitamin C များစွာပါဝင်သောကြောင့် အသားအရေ ကြည်လင်လှပစေသလို Vitamin A ပါဝင်သည့်အတွက် ဓာတ်တိုးဆန့်ကျင်နိုင်ခြင်း၊ ကင်ဆာဖြစ်ခြင်းမှ ကာကွယ်ပေးနိုင်သလို အသားအရေလည်း တင်းရင်းလှပစေနိုင်သည်။ သံဓာတ်နှင့် ကယ်ဆီယမ်ဓာတ်တို့ အချိုးကျ ပါဝင်သည့်အတွက် ကျန်းမာရေးအတွက် အကျိုးများသည်။

အချဉ်ဓာတ်ကဲသော မရန်းသီးရှိသလို အချိုသီးလည်းရှိပြီး အချဉ်ကဲသော မရမ်းသီးသည် ခံတွင်းမြိန်စေပြီး အစာစားချင်စိတ်ကို များစွာဖြစ်ပေါ်စေသည်။

မရန်းပင်သည် နှစ်ရှည်ပင် အမျိုးအစားဖြစ်သောကြောင့် အိမ်ခြံဝင်းများအတွင်း စိုက်ပျိုးထားရှိကြကာ သီးကင်းစမှ အသီးမှည့်ချိန်ထိ ဝင်ငွေရရှိစေသည့် အပင်တစ်မျိုးဖြစ်သည်။ အပင်ကြီးတစ်ပင်လျှင် အပင်အရွယ်အစားပေါ် မူတည်၍ ပိဿာချိန် ရာချီထွက်ရှိသည့်အတွက် ခြံဝန်းကျယ်ရှိသူများ မိမိတို့ခြံဝင်း၊ အိမ်ဝင်းအတွင်း စိုက်ပျိုးနိုင်မည်ဆိုလျှင် နှစ်စဉ်ဝင်ငွေရရှိစေသော နှစ်ရှည်ပင်သီးပင် စားပင်တစ်မျိုးဖြစ်ကြောင်း သိရသည်။



**ခင်ဆွေဝင်း(ပြည်)**

# နိုင်ငံ့စီးပွား မြှင့်တင်ဖို့ MSME ကို အားပေးစို့

မိုးမိုး (မွန်)



မွန်ပြည်နယ်၏ စီးပွားရေးလုပ်ငန်းအများစုမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများကို အဓိက လုပ်ကိုင်ကြသည်။ ထို့ပြင် သဘာဝသယံဇာတများစွာ ထွက်ရှိသည့် ဒေသတစ်ခုလည်းဖြစ်သည်။ သို့သော် အဆိုပါ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သဘာဝသယံဇာတများမှ ထွက်ရှိလာသော ကုန်ပစ္စည်းများမှာ ကုန်ကြမ်းများသာဖြစ်ကြသည်။ အဆိုပါကုန်ကြမ်းများကို ပြည်တွင်း/ပြည်ပများ၌ ရောင်းဝယ်ဖောက်ကားရာတွင် ကုန်ချောများနှင့်ယှဉ်ပါက ဈေးနှုန်း/ဈေးကွက်ကွာဟမှု များစွာရှိကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် ကုန်ကြမ်းအဆင့်မှ ကုန်ချောအဆင့်သို့ တန်ဖိုးမြှင့်ထုတ်လုပ်ရန် လိုအပ်သည်။ ထိုကဲ့သို့ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရန်အတွက် ပြည်တွင်းစီးပွားရေး၏ အဓိကမောင်းနှင်အားဖြစ်သည့် အသေးစား၊အငယ်စား၊ အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများသည် အလွန်အရေးပါလှပေသည်။ မိမိတို့နိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံအတွက် MSME စီးပွားရေးလုပ်ငန်းများသည် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

MSME စီးပွားရေးလုပ်ငန်းများတွင် ကုန်ထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ဝန်ဆောင်မှု၊ အခြားဟူ၍ လေးမျိုးရှိရာ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှုကဏ္ဍသည် အရေးကြီးသော ကဏ္ဍတစ်ခုပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ပြည်တွင်း၌ လိုအပ်သည့် စားသောက်ကုန်၊ လူသုံးကုန်များကို ပြည်တွင်း၌ ဖူလုံအောင် ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှ သွင်းကုန်တင်သွင်းမှု လျော့ကျစေပြီး ကုန်သွယ်မှုလိုငွေပြမှုကို လျော့နည်းစေမည်ဖြစ်သည်။ ထိုမှတစ်ဆင့် ပို့ကုန်တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ပြည်ပပို့ကုန်ဝင်ငွေများရရှိပြီး နိုင်ငံတော်၏ စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။

ထိုကဲ့သို့ MSME စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခြင်းနှင့်အတူ အလုပ်အကိုင်ရှားပါးမှုပြဿနာ လျော့ကျလာပြီး အလုပ်အကိုင် အခွင့်အလမ်းများလည်း ဖန်တီးပေးနိုင်မည်ဖြစ်ရာ စီးပွားရေး မျှော်မှန်းချက်ဖြစ်သော ထုတ်လုပ်ခြင်းမှ ရောင်းဝယ်ဖောက်ကား ကုန်သွယ်သည်အထိ စီးပွားရေး လုပ်ငန်းရှင်များသာမက အလုပ်သမားများပါ အားလုံးအကျိုးခံစားရသော ကုန်သွယ်မှုတစ်ခုလည်း ဖြစ်လာပေမည်။

မွန်ပြည်နယ်တွင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလထိ MSME Member Card ထုတ်ပေးမှု စုစုပေါင်း ၁၂၈၆ ခုရှိကြောင်း သိရှိရသည်။ ၎င်းတို့အနက် ကုန်ထုတ်လုပ်ငန်းများဖြစ်သော ဆန်စက်၊ ဆီစက်အပါအဝင် အစားအစာ ထုတ်လုပ်မှုလုပ်ငန်း၊ သစ်နှင့် သစ်အချောထည် ထုတ်လုပ်မှုလုပ်ငန်း၊ ရော်ဘာနှင့် ပလတ်စတစ်ထုတ်လုပ်မှုလုပ်ငန်း၊ သတ္တုမဟုတ်သော တွင်းထွက်ပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်း (ဥပမာ-ကျောက်ခွဲလုပ်ငန်း)၊ အခြေခံသတ္တုပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်း၊ စက်နှင့်စက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း၊ ဓာတုပစ္စည်းနှင့် ဓာတုဗေဒထုတ်ကုန်များ ထုတ်လုပ်သည့်လုပ်ငန်း (ဥပမာ-သဘာဝမြေဩဇာ ထုတ်လုပ်ငန်း)၊ ဆေးဝါးနှင့် ရုက္ခဗေဒဆိုင်ရာ ထုတ်ကုန်များ ထုတ်လုပ်သည့်လုပ်ငန်း၊ အဝတ်အထည်ထုတ်လုပ်သည့် လုပ်ငန်းစသည့် ကုန်ထုတ်လုပ်ငန်းပေါင်း ၄၆၅ ခုရှိကြောင်း ပြည်နယ်စက်မှု ကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန စာရင်းများအရ သိရှိရသည်။

ယခုအခါ နိုင်ငံတော်မှ MSME စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ ကူညီဆောင်ရွက်ပေးနေသည်မှာ MSME စီးပွားရေးလုပ်ငန်းရှင်များအတွက် အားတက်ဖွယ်ရာဖြစ်ပါသည်။ MSME စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် MSME Agency များကို ဗဟိုအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဖွဲ့စည်းအကောင်အထည်ဖော်ခြင်း၊ MSME Help Desk များဖွင့်လှစ်၍၎င်းတို့၏ အခက်အခဲများကို ကူညီဆောင်ရွက်ပေးခြင်း၊ MSME Talk Show စကားဝိုင်း ဆွေးနွေးခြင်းများ ကျင်းပပြုလုပ်ပြီး ၎င်းတို့၏ အခက်အခဲများကို ဆွေးနွေးစေခြင်း၊ သက်ဆိုင်ရာဌာနများက မိမိတို့ကဏ္ဍအလိုက် ဖြေကြားပေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရသည်။

> **MSME စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ကဦးဆောင်၍ ဘက်ပေါင်းစုံမှ အင်တိုက်အားတိုက် ပံ့ပိုးကူညီနေသည့် အချိန်တွင် MSME စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့်လည်း အင်တိုက်အားတိုက် လိုက်ပါဆောင်ရွက်ပြီး မိမိတို့၏ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးမြင့်မားရန်၊ ရေရှည်အာမခံချက်ရှိရန်၊ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်ကို ထိုးဖောက်နိုင်ရန် ကြိုးပမ်းကြရန်လိုပါသည်။**

ထိုကဲ့သို့ MSME စီးပွားရေးလုပ်ငန်းရှင်များနှင့် ဆွေးနွေးချက်အရ MSME များ၏ အဓိကရင်ဆိုင်နေရသော အခက်အခဲများမှာ မတည်ရင်းနှီးငွေ အခက်အခဲများ၊ ဈေးကွက်အခက်အခဲများ၊ နည်းပညာ အခက်အခဲများ ရှိနေကြောင်း သိရှိရသည်။

မွန်ပြည်နယ်ရှိ MSME စီးပွားရေးလုပ်ငန်းရှင်အများစုမှာ ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် ပြည်တွင်းဈေးကွက်အတွက်သာ ရည်ရွယ်ပြီး ထုတ်ကုန်ပစ္စည်းကို တီထွင်ဆန်းသစ်မှုမရှိဘဲ မိရိုးဖလာ နည်းလမ်းအတိုင်းသာ ထုတ်လုပ်နေကြသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ပြည်ပကိုတင်ပို့နိုင်သော MSME ထုတ်ကုန်ပစ္စည်းများ မရှိသလောက်နည်းပါးပြီး လက်ရှိအချိန်တွင် မွန်ပြည်နယ်၌ Export Quality အဆင့်မီသော ဆန်စက်တစ်လုံးသာရှိကြောင်း သိရှိရသည်။ မွန်ပြည်နယ်သည် ရော်ဘာအများဆုံးထွက်ရှိသည့် ပြည်နယ်တစ်ခုဖြစ်သော်လည်း MSME ကဏ္ဍမှ ထွက်ရှိသော ရော်ဘာများသည် နည်းပညာလိုအပ်ချက်ကြောင့် အရည်အသွေးမမီသဖြင့် ၎င်းတို့၏ ဈေးကွက်သည် ပြည်နယ်အတွင်းရှိ ရော်ဘာစက်ရုံကြီးများကိုသာ မှီခိုနေရကြောင်း သိရှိရသည်။ MSME ထုတ်ကုန်ပစ္စည်းများ ဖွံ့ဖြိုးတိုးတက်ရန်၊ ရေရှည်အာမခံချက်ရှိစေရန်၊ ဈေးနှုန်း/ ဈေးကွက် ခိုင်မာစေရန်အတွက် ဈေးကွက်လိုအပ်ချက်များ၊ စားသုံးသူလိုအပ်ချက်များကို သိရှိထားရန်လိုအပ်ပြီး ဖြည့်ဆည်းပေးရန်လည်းလိုအပ်သည်။ ကုန်စည်သို့မဟုတ် ဝန်ဆောင်မှုများကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ဈေးကွက်မြှင့်တင်ခြင်းများကို ဆောင်ရွက်ရာတွင် တိုးတက်ပြောင်းလဲနေသောခေတ်နှင့်အညီ နည်းပညာများ၊ နည်းစနစ်များကို အသုံးချရန်လိုအပ်သည်။ ထိုကဲ့သို့ နည်းပညာများ၊ နည်းစနစ်များကို အသုံးချနိုင်ရန်အတွက် MSME လုပ်ငန်းရှင်များကို ကုန်ထုတ်လုပ်မှုနှင့်သက်ဆိုင်သော တီထွင်ဆန်းသစ်မှုနည်းပညာ၊ အရည်အသွေးမြှင့်တင်ခြင်း နည်းပညာ၊ ဒီဂျယ်တယ်စနစ်ဖြင့် ဈေးကွက်အရောင်းမြှင့်တင်ခြင်းဆိုင်ရာနည်းပညာများ စသည်တို့ကို ပံ့ပိုးပေးရန် လိုအပ်သည်။

MSME စီးပွားရေး လုပ်ငန်းရှင်များ ရင်ဆိုင်ရသည့် အခက်အခဲတစ်ခုဖြစ်သော မတည်ရင်းနှီးငွေ အခက်အခဲနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် ကိုဗစ် (၁၉) ရန်ပုံငွေမှ ထုတ်ချေးငွေများ ထုတ်ချေးပေးခြင်း၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်ကုန်ထုတ်လုပ်ငန်းများအတွက် နိုင်ငံ့စီးပွားမတည်ရန်ပုံငွေမှ ချေးငွေများ ထုတ်ချေးပေးခြင်း၊ JICA Two Step Loan မှ ချေးငွေများ ထုတ်ချေးပေးခြင်း၊ MSME စီးပွားရေးလုပ်ငန်းများအတွက် ကာလတို၊ ကာလရှည်ချေးငွေများ ထုတ်ချေးပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း တွေ့ရှိရသည်။

MSME ထုတ်ကုန်များ ပြည်ပဈေးကွက်ရရှိရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊စင်ကာပူ၊ ထိုင်း၊ တရုတ် (ပေကျင်း၊ နန်နင်း၊ ကူမင်း၊ ဟောင်ကောင်)၊ အမေရိကန်ပြည်ထောင်စု၊ ဂျာမနီနိုင်ငံများသို့ စီးပွားရေးသံမှူးများ စေလွှတ်ထားပြီး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး လုပ်ငန်းများကို စီးပွားရေးသံမှူးများနှင့် ပုံမှန်တွေ့ဆုံပြီး ကုန်သွယ်မှုမြှင့်တင်ရေး၊ ဈေးကွက်ရရှိရေး ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် MSME ထုတ်ကုန်ပြပွဲများ၊ ကုန်စည်ပြပွဲများ၊ ဒေသထွက်ကုန်ပြပွဲများကို သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ မြစ်ကြီးနား၊ မုံရွာ၊ မူဆယ်၊ တောင်ကြီး၊ မကွေး၊ မန္တလေး၊ ပြင်ဦးလွင်၊ ရန်ကုန်၊ စစ်တွေ၊ ပုသိမ်၊ မော်လမြိုင်၊ လွိုင်ကော်မြို့များတွင် ကုန်သွယ်မှု ဗဟိုဌာနများ ဖွင့်လှစ်၍ ပြည်တွင်း/ပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသတွင်းမှ စီးပွားရေးလုပ်ငန်းရှင်များကို ချိတ်ဆက်၍ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ဈေးကွက်သတင်းအချက်အလက်များ ဖြန့်ဝေပေးခြင်း ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုကဲ့သို့ MSME စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ကဦးဆောင်၍ ဘက်ပေါင်းစုံမှ အင်တိုက်အားတိုက် ပံ့ပိုးကူညီနေသည့်အချိန်တွင် MSME စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း အင်တိုက်အားတိုက် လိုက်ပါဆောင်ရွက်ပြီး မိမိတို့၏ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးမြင့်မားရန်၊ ရေရှည်အာမခံချက်ရှိရန်၊ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်ကို ထိုးဖောက်နိုင်ရန် ကြိုးပမ်းကြရန်လိုပါသည်။ သို့မှသာ နိုင်ငံတော်အစိုးရ၊ ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ အတူတကွ လက်တွဲချိတက်ခြင်းဖြင့် MSME စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခြင်းနှင့်အတူ နိုင်ငံတော်၏ လူမှုစီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်မိပါသည်။

**ကိုးကား-မြန်မာ့အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များ နိုင်ငံတကာ ကုန်သွယ်မှုတွင် ပိုမိုချိတ်ဆက်ပါဝင်နိုင်ရေး လေ့လာသုံးသပ်တင်ပြချက်။**

# တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ယခင်တစ်ပတ်ထက် ကုန်သွယ်မှု ပိုမို

တာချီလိတ် ကုန်သွယ်ရေးစခန်း (မယ်ယန်း) သည် အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် ကုန်သွယ်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၁ ရက် မှ ၁၇ ရက်ထိကာလအတွင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၂၁ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ဒသမ ၇၂၄ သန်း၊ ကုန်သွယ်မှုပမာဏ တန်ဖိုးအမေရိကန်ဒေါ်လာ ၃ ဒသမ ၁၄၅သန်း ဆောင်ရွက်နိုင်ခဲ့သည်။

ယခင်တစ်ပတ် ကုန်သွယ်မှုအခြေအနေနှင့် နှိုင်းယှဉ်ပါက ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၄၇၅ သန်း ပိုမိုခဲ့ပြီး သွင်းကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ဝ၈၁ သန်း လျော့နည်းခဲ့သဖြင့် ကုန်သွယ်မှုပမာဏမှာ တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၃၉၄ သန်း ပိုမိုခဲ့ကြောင်းသိရသည်။

ပို့ကုန်ပိုင်းတွင် ယခင်တစ်ပတ်ထက် ပုစွန်ဖွဲ့၊ ပလတ်စတစ်ဘူးခွံဟောင်း၊ ကတ်ထူစက္ကူအဟောင်း၊ လိမ္မော်သီး၊ ဆေးရွက်ကြီးတင်ပို့မှုတွင် လျော့နည်းခဲ့သော် လည်း ပြောင်း၊ တံမြက်စည်း ပိုမိုတင်ပို့နိုင်မှုကြောင့် ပို့ကုန် ပိုင်းတွင် ပိုမိုရခြင်းဖြစ်သည်။ သွင်းကုန်ပိုင်းတွင် ယခင်တစ် ပတ်ထက် လယ်ထွန်စက်များ၊ စက်နှင့် စက်ပစ္စည်းများ၊ ဖန်ဆောက်လုပ်ရေးပစ္စည်းများ၊ လျှပ်စစ်ဓာတ်ဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းးများ၊ တွင်းထွက်ဆောက်လုပ်ရေးပစ္စည်းများ၊ သံနှင့် သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ရေနံထွက်ပစ္စည်းများ၊ သုတ်ဆေး၊ ပေါလစ်၊ သတ္တုကုန်ကြမ်းပစ္စည်းများ၊ သွပ်ပြား၊ တာယာနှင့် ကျွတ်များ၊ ဆေးဝါးပစ္စည်းများ၊ ဆပ်ပြာ၊ အားကစားပစ္စည်းများ၊ ချုပ်ပြီး အဝတ်အထည်များ၊ မီးဖိုချောင်သုံးပစ္စည်းများနှင့် အခြားပစ္စည်းများ ပိုမိုတင်သွင်းခဲ့သော်လည်း ဘိလပ်မြေ၊ လုပ်ငန်းသုံးသီးနှံဆီများ၊ ဓာတုဗေဒပစ္စည်းများ၊ ပလတ်စတစ် ကုန်ကြမ်းပစ္စည်းများနှင့် သံ၊ သံမဏိပစ္စည်းများ၊ လျော့နည်းတင်သွင်းခဲ့ခြင်းကြောင့် သွင်းကုန်ပိုင်းတွင် ယခင်တစ်ပတ်ထက် လျော့နည်းရခြင်းဖြစ်သည်။

**အိမ့် (DOT)**

# မြဝတီ ကုန်သွယ်ရေးဇုန်မှ ယခုတစ်ပတ်အတွင်း ကုန်သွယ်မှု အခြေအနေ

မြဝတီကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီ ၁၁ ရက် မှ ၁၇ ရက်ထိ ကာလအတွင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇ ဒသမ ဝ၁၂ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၅၆၁ သန်း၊ ကုန်သွယ်မှုပမာဏ တန်ဖိုးအမေရိကန်ဒေါ်လာ ၃၇ ဒသမ ၅၇၃ သန်း ဆောင်ရွက်နိုင်ခဲ့သည်။ ယခင်တစ်ပတ် ဆောင်ရွက်မှုအခြေအနေနှင့် နှိုင်းယှဉ်ပါက ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၄၁၁ သန်းနှင့် သွင်းကုန်ပိုင်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၄၃၃ သန်း လျော့နည်းခဲ့ပြီး ကုန်သွယ်မှုပမာဏမှာ တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၈၄၄ သန်း လျော့နည်းခဲ့ကြောင်းသိရသည်။




ယခုတစ်ပတ်တွင် ပို့ကုန်ပိုင်းတွင်လျော့နည်းရခြင်းမှာ လယ်ယာထွက်ကုန်ပစ္စည်း၊ ရေထွက်ပစ္စည်းများနှင့် အခြားပစ္စည်းတင်ပို့မှုတွင် ပို့မိုခဲ့သော်လည်း၊ သတ္တုတွင်းထွက်ပစ္စည်းအုပ်စု၊ တိရစ္ဆာန်ထွက်ပစ္စည်းအုပ်စု နှင့်စက်မှုကုန်ချောပစ္စည်းအုပ်စုတို့ တင်ပို့မှုတွင် လျော့နည်းခဲ့ခြင်းကြောင့်ဖြစ်သည်။ သွင်းကုန်ပိုင်းအနေဖြင့် ယခုတစ်ပတ်တွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၂ဒသမ၇၁၀ သန်း ပိုမိုခဲ့သော်လည်း ရင်းနှီးမြှုပ်နှံပစ္စည်းအုပ်စုတွင် သုည ဒသမ ၈၂၅ သန်း၊ လူသုံးကုန်ပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၁၈ သန်း လျော့နည်းခဲ့ကြောင်း သိရသည်။

မြဝတီကုန်သွယ်ရေးဇုန်အနေဖြင့် ယခုတစ်ပတ် ကုန်သွယ်မှု၌ ပို့ကုန်အမယ်ဖြစ်သော မြေပဲဆန်၊ မန်ကျည်းသီး၊ နှမ်းဖြူ၊ နှမ်းနက်၊ ဆန်မှုန့်၊ အခြားလယ်ယာထွက်ပစ္စည်းများ၊ သတ္တုနှင့် သတ္တုရိုင်းများ၊ အခြားသတ္တုတွင်းထွက်ပစ္စည်းများ၊ ကဏန်းနှင့် ငါးရှဉ့်တို့ လျော့နည်းတင်ပို့ခဲ့ခြင်းကြောင့်ဖြစ်သည်။ သွင်းကုန်ပိုင်းတွင် မော်တော်ဆိုင်ကယ် နှင့် မော်တော်ဆိုင်ကယ်နှင့် မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ လယ်ယာသုံး နောက်တွဲယာဉ်နှင့် အခြားယာဉ်များ၊ လျှပ်စစ်ဓာတ်ဖြန့်ဖြူးရေးနှင့်တပ်ဆင်ရေးပစ္စည်းများ၊ ဝါယာကြိုးများ၊ အင်ဂျင်များ၊ သတ္တုကုန်ချောဆောက်လုပ်ရေးပစ္စည်းများ၊ ဇာနှင့် ဇာထိုးထားသော အထည်အလိပ်များ၊ စက်ဘီးအပိုပစ္စည်းများနှင့် အခြားပစ္စည်းများ တင်သွင်းမှုလျော့နည်းခဲ့သည်။

**အိမ့် (DOT)**

### သစ်သီးဝလံဈေးနှုန်းနှိုင်းယှဉ်ဖော်ပြချက်

| စဉ် | သစ်သီး အမျိုးအမည် | ဈေးနှုန်း(ကီလို/ဒေါ်လာ) ယခင် တစ်ပတ် | ဈေးနှုန်း(ကီလို/ဒေါ်လာ) ယခု တစ်ပတ် | ဈေးနှုန်း နှိုင်းယှဉ်ချက် (တက်/ကျ) | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | မူဆယ် | | | | မူဆယ် ကုန်စည်ဒိုင်တွင် အရောင်းအဝယ် ဖြစ်သော ယွမ်ဈေးနှုန်းပေါ် မူတည်၍ ဈေးနှုန်းအနည်းငယ် အပြောင်းအလဲ ရှိကြောင်း သိရှိရသည်။ |
| (က) | တင်ပို့မှု | | | | |
| | သခွားမွေး | ဝ.၂၂၁ | ဝ.၂၂၂ | ↑ | |
| | ဖရဲသီး | ဝ.၁ဝ၃ | ဝ.၁ဝ၄ | ↑ | |
| (ခ) | တင်သွင်းမှု | | | | |
| | ပန်းသီး | ဝ.၄၁၉ | ဝ.၄၂၁ | ↑ | |
| | လိမ္မော်သီး | ဝ.၃၂၇ | ဝ.၃၂၉ | ↑ | |
| | ပန်းသစ်တော်သီး | ဝ.၃၆၈ | ဝ.၃၇ဝ | ↑ | |

| စဉ် | သစ်သီး အမျိုးအမည် | ဈေးနှုန်း(ကီလို/ဘတ်) ယခင် တစ်ပတ် | ဈေးနှုန်း(ကီလို/ဘတ်) ယခု တစ်ပတ် | ဈေးနှုန်း နှိုင်းယှဉ်ချက် (တက်/ကျ) | မှတ်ချက် |
|---|---|---|---|---|---|
| ၂။ | မြဝတီ | | | | မြဝတီ ကုန်စည်ဒိုင်တွင် အရောင်းအဝယ် ဖြစ်သော ဘတ်ဈေးနှုန်းပေါ် မူတည်၍ ဈေးနှုန်း အနည်းငယ် အပြောင်းအလဲ ရှိကြောင်း သိရှိရသည်။ |
| (က) | တင်သွင်းမှု | | | | |
| | ပန်းသီး | ၁၉.၇၈ | ၂ဝ.၁၂၄ | ↑ | |
| | နဂါးမောက်သီး | ၁၃.၇၇၆ | ၁၃.၄၂ဝ | ↓ | |
| | စပျစ်သီး | ၄၁.၆၇ဝ | ၄၁.၇၁၈ | ↑ | |
| | နန်းမြားသီး | ၆.၇ဝ၈ | ၆.၇၃၈ | ↑ | |
| | သရက်သီး | ၁၃.၇၇၆ | ၁၃.၃၂၆ | ↓ | |
| | လိမ္မော်သီး | ၂ဝ.၇၁၂ | ၂ဝ.၄၃ဝ | ↓ | |
| | သစ်တော်သီး | ၂ဝ.၇၇၅ | ၂ဝ.၉၈၈ | ↑ | |
| | တည်သီး | ၁၃.၁၈၆ | ၁၃.၁၈၆ | — | |
| | ရှောက်သီး | ၆.၉၄၇ | ၆.၉၄၇ | — | |

### ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်၏ ကုန်စည်ဈေးနှုန်းများ

| စဉ် | အမျိုးအမည် | ဈေးနှုန်းနှိုင်းယှဉ်ချက် ၁၆-၂-၂ဝ၂၃ | ဈေးနှုန်းနှိုင်းယှဉ်ချက် ၂၃-၂-၂ဝ၂၃ | တက်/ကျ/ငြိမ် (ကျပ်) | ဒိုင်သို့ ကုန်စည်ဝင်ရောက်မှု ယခင်အပတ် | ဒိုင်သို့ ကုန်စည်ဝင်ရောက်မှု ယခုအပတ် | ဒိုင်သို့ ကုန်စည်ဝင်ရောက်မှု ခြားနားချက် |
|---|---|---|---|---|---|---|---|
| | ငရုပ်သီး (ပိဿာ/ကျပ်) | | | | | | |
| ၁ | မြွေနီ(ဟသ်ာတ) AC | ၁၀၀၀၀ | ၁၀၅၀၀ | ↑ ၅၀၀ | ငရုပ်ရှည် အိတ်ပေါင်း | ငရုပ်ရှည် အိတ်ပေါင်း | ငရုပ်ရှည် အိတ်ပေါင်း |
| ၂ | ပန်းရဲ (သစ် ) AC | ၁၀၀၀၀ | ၁၁၀၀၀ | ↑ ၁၀၀၀ | | | |
| ၃ | မိုးထောင် (ပျော်ဘွယ်) | ၁၀၀၀၀ | ၁၀၀၀၀ | — | | | |
| ၄ | မိုးထောင် (ဒီမွန် ) | ၁၀၀၀၀ | ၁၁၅၀၀ | ↑ ၁၅၀၀ | | | |
| ၅ | ဆင်ဖြူကျွန်း(ပု) | ၁၅၀၀၀ | ၁၄၅၀၀ | ↓ ၅၀၀ | | | |
| ၆ | — | — | — | — | ငရုပ်ပု အိတ်ပေါင်း ၁၇၀၀ | ငရုပ်ပု အိတ်ပေါင်း | ငရုပ်ပု အိတ်ပေါင်း |
| | ထန်းလျက် ပိဿာ/ကျပ် | | | | | | |
| ၇ | တောင်သာ/မလိုင်(ဒုံး) | ၂၉၀၀ | ၂၇၀၀ | ↓ ၂၀၀ | | | |
| ၈ | ညောင်ဦးဆေးရှယ် (ထန်း) | ၃၀၀၀ | ၂၇၅၀ | ↓ ၂၅၀ | | | |
| ၉ | ညောင်ဦးဆေးရှယ် (ထန်းရော) | ၂၈၀၀ | ၂၈၅၀ | ↑ ၅၀ | | | |
| ၁၀ | ပခုက္ကူကြမ်း | ၃၂၅၀ | ၃၁၀၀ | ↓ ၁၅၀ | | | |
| ၁၁ | ရေစကြိုထန်းလျက် | ၃၇၅၀ | ၃၆၅၀ | ↓ ၁၀၀ | | | |
| | ကြံသကာ/ သကြား (ပိဿာ/ကျပ်) | | | | | | |
| ၁၂ | ကြံသကာ | ၂၆၀၀ | ၂၈၀၀ | ↑ ၂၀၀ | | | |
| ၁၃ | သကြား | ၂၉၆၀ | ၃၀၈၀ | ↑ ၁၂၀ | | | |
| | မန်ကျည်းသီး (ပိဿာ/ကျပ်) | | | | | | |
| ၁၄ | ပွင့်ကပ် (သစ်) | ၁၉၀၀ | ၁၉၀၀ | — | | | |
| ၁၅ | အသား (သစ်) | ၃၀၀၀ | ၃၀၀၀ | — | | | |
| ၁၆ | ရမည်းသင်း ဒါးဓင်း | ၁၈၀၀ | ၁၈၀၀ | — | | | |

SSMaw (Domestic Ygn) MITC

### ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်၏ ကုန်စည်ဈေးနှုန်းများ

| စဉ် | အမျိုးအမည် | ဈေးနှုန်းနှိုင်းယှဉ်ချက် ပိဿာ/ ကျပ် ၁၆-၂-၂ဝ၂၃ | ဈေးနှုန်းနှိုင်းယှဉ်ချက် ပိဿာ/ ကျပ် ၂၃-၂-၂ဝ၂၃ | တက်/ကျ/ငြိမ် (ကျပ်) | ဒိုင်သို့ ကုန်စည်ဝင်ရောက်မှု ယခင်အပတ် | ဒိုင်သို့ ကုန်စည်ဝင်ရောက်မှု ယခုအပတ် | ဒိုင်သို့ ကုန်စည်ဝင်ရောက်မှု ခြားနားချက် |
|---|---|---|---|---|---|---|---|
| | ကြက်သွန်ဖြူ ပိဿာ/ကျပ် | | | | | | |
| ၁ | ကြူကုတ်ရှယ် | ၃၇၅၀ | ၃၆၅၀ | ↓ ၁၀၀ | အိတ် ၂၇၅၀ ၈၂၅၀၀ ပိဿာ | အိတ် ၁၇၅၀ ၅၂၅၀၀ ပိဿာ | အိတ် ၁၀၀၀ ၃၀၀၀၀ ပိဿာ |
| ၂ | အောင်ပန်း ထူး ၂ | ၄၆၀၀ | ၄၂၀၀ | ↓ ၄၀၀ | | | |
| ၃ | အောင်ပန်း ထူး ၃ | ၅၃၀၀ | ၄၈၀၀ | ↓ ၅၀၀ | | | |
| ၄ | အောင်ပန်း ထူး ၄ | ၅၆၀၀ | ၅၀၀၀ | ↓ ၆၀၀ | | | |
| ၅ | အောင်ပန်း ထူး ၅ | ၅၈၀၀ | ၅၂၀၀ | ↓ ၆၀၀ | | | |
| | ကြက်သွန်နီ ပိဿာ/ကျပ် | | | | | | |
| ၁ | မြစ်သားရှယ် | ၁၂၀၀ | ၁၅၀၀ | ↑ ၃၀၀ | ကား ၂၃၀ စီး ၁၃၈၀၀၀၀ ပိဿာ | ကား ၁၈၅ စီး ၁၁၁၀၀၀၀ ပိဿာ | ကား ၄၅ စီး ၂၇၀၀၀၀ ပိဿာ |
| ၂ | မြစ်သားလတ်ကြီး | ၁၅၀၀ | ၁၆၀၀ | ↑ ၁၀၀ | | | |
| ၃ | မြစ်သားလတ်သန့် | ၁၆၀၀ | ၁၆၅၀ | ↑ ၅၀ | | | |
| ၄ | မြစ်သားလတ်ချော | ၁၃၀၀ | ၁၄၅၀ | ↑ ၁၅၀ | | | |
| ၅ | ဆိပ်ဖြူရှယ် | ၁၀၀၀ | ၁၂၅၀ | ↑ ၂၅၀ | | | |
| ၆ | ဆိပ်ဖြူလတ်ကြီး | ၁၂၀၀ | ၁၂၅၀ | ↑ ၅၀ | | | |
| ၇ | ဆိပ်ဖြူလတ်သန့် | ၁၂၀၀ | ၁၃၅၀ | ↑ ၁၅၀ | | | |
| ၈ | ဆိပ်ဖြူလတ်ချော | ၁၀၀၀ | ၁၂၀၀ | ↑ ၁၀၀ | | | |
| | အာလူး ပိဿာ/ကျပ် | | | | | | |
| ၁ | ဆင်ဖြူကျွန်း A1 | ၁၇၀၀ | ၁၆၀၀ | ↓ ၁၀၀ | ကား ၄၆ စီး ၂၇၆၀၀၀ ပိဿာ | ကား ၆၉ စီး ၄၁၄၀၀၀ ပိဿာ | ကား ၂၃ စီး ၁၃၈၀၀၀ ပိဿာ |
| ၂ | ဆင်ဖြူကျွန်း OK | ၁၈၀၀ | ၁၇၀၀ | ↓ ၁၀၀ | | | |
| ၃ | ဆင်ဖြူကျွန်း S1 | ၁၈၀၀ | ၁၇၀၀ | ↓ ၁၀၀ | | | |
| ၄ | ဆင်ဖြူကျွန်း S2 | ၁၅၀၀ | ၁၄၀၀ | ↓ ၁၀၀ | | | |
| ၅ | တရုတ် သဲသီး | ၂၃၅၀ | ၂၀၀၀ | ↓ ၁၅၀ | | | |


SWTun (Domestic Ygn) MITC



Selective Star Agribusiness Co., Ltd
GAP
Golden Arrow's Power
စိုက်ပျိုးရေးထွက်ကုန်တိုး
သဘာဝ သွင်းအားစုများ




>>>Total Logistics Package
·Import and export forwarding ( Land, Sea & Air;
·Specialized consolidations(LCL);
·Project cargo handling ( Draw Back Cargo, Repair & Return, ODA) ;
·Port and Customs clearance;
·Network of dedicated carriers;
·Leasing Trading Company Name;
·Documentation and banking services (L/C & T/T );
·Insurance arrangement
·Consolar certification; (FDA, Fumigation & Phytosanitary )
·Dangerous goods and special cargo handling
·Door to Door services
·Transportation services
·Warehouse & Distribution services
NTL NAIGAI TRANS LINE (MYANMAR) CO.,LTD
International Freight Forwarder
Cargo Handling Experience
Project Experience
Add : Level 4, Room No.413(A) No.37, Lapyiwun Plaza, Alanpya Pagoda Road, Dagon Township, Yangon. Myanmar.
Tel : +95-1374778, +95-9-448888372
Email : cs@ntl-ygn.com, www.ntl-naigai.co.jp

uniqueHTT
BSCI
be different, achieve uniquely
We are expert in knit wears such as T-Shirt, Polo Shirt, Sweat Pants, Hoodies, Fleeces Etc.,
No. 291, Sat Sayar U Tun Street, Shwe Lin Pan Industrial Zone, Hlaind Tharyar Township, Yangon.
Tel : 01 613822, 01613813
09 792188461, 09 966818171, 09 976227361
Email : info@uniquehtt.com




Every Time CCTV & Security Products
alhua
EveryTime CCTV
လူကြီးမင်းတို့ ၏နေအိမ်/ရုံးခန်း /ဆိုင်ခန်း/ဟိုတယ်တို့ တွင်လုံခြုံ စိတ်ချမှုရှိစေရန်အတွက် CCTV တပ်ဆင်မည်ဆိုပါက Every Time CCTV ကိုသာအမြန်ဆုံး ဆက်သွယ်လိုက်ပါ။
2 Service & Parts Year Warranty
09-444440030,01-8-380784
EveryTime CCTV
1 Stop Service
Every Time CCTV
အမှတ်-258/260,39လမ်း,အပေါ်ဘလောက်,ကျောက်တံတားမြို့နယ်,
ရန်ကုန်။ဖုန်း-01-8-380784,09-444440030


GREAT WALL
TRADITIONAL MEDICINE MANUFACTURING
ဂရိတ်ဝေါ
တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
E-mail : mgmgoogw@gmail.com
www.greatwallmyanmar.com


ထိန်းချုပ်ကြယ်
ကုမ္ပဏီလီမိတက်
CONTROL STAR
Export & Import Co., Ltd.
ORCHID ဟင်းခတ်မှုန့်
အရသာရှိဆုံး ဟင်းလျာတိုင်းဖန်တီးနိုင်တဲ့
ORCHID
Jasmine
Refined Sugar
JASMINE Refined Sugar
JASMINE PRAWN Cooking Oil
Nya-55, Yuzana Street, Bayintnaung, Mayangone Township, Yangon,
Myanmar. Tel : 01-680659, 01-528733, 09-791252060

# အချိန်တိုအတွင်း ဝင်ငွေရရှိနေသော တောင်ငူမြို့မှ မှိုစိုက်ပျိုးရေးလုပ်ငန်း

မြင့်သူ(တောင်ငူ)

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခိုင်၊တောင်ငူမြို့၊ အမှတ်(၁)ရပ်ကွက်၊ ထီးလှိုင်တွင် စီးပွားဖြစ် မှိုစိုက်ပျိုးရေးမှာ အချိန်တိုအတွင်း ဝင်ငွေရရှိသော အောင်မြင်သည့်လုပ်ငန်းတစ်ခုဖြစ်သည်။ မှိုစိုက်ပျိုးရေးလုပ်ငန်းရှင် ဒေါ်ဝင်းပပခိုင်သည် မိမိတွင် ရှိရင်းစွဲဖြစ်သော မြေခံ၊ ရေခံ ခြံအကျယ်အဝန်းရှိနေမှုကို အကျိုးရှိစွာ အသုံးပြုထားသည်ကို တွေ့ရှိရသည်။

ဒေါ်ဝင်းပပနိုင်သည် မှိုစိုက်ပျိုးရေးလုပ်ငန်းကို စိတ်ဝင်စားသည့်အတွက် မှိုမျိုးစုံစိုက်ပျိုးထုတ်လုပ်နည်း သင်တန်းအမှတ်စဉ်(၃/၂၀၂၂)ကို တက်ရောက်ထားသူဖြစ်သည်။ သင်ယူထားသော မှိုမျိုးစုံမွေးမြူစိုက်ပျိုးထုတ်လုပ်နည်းပညာကို ကိုယ်ပိုင်အရင်းအနှီးဖြင့် စီးပွားဖြစ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိ သည်။

မှိုစိုက်ပျိုးရန် ဝါစေ့ခွံ၊ လွှစာမှုန့်၊ ဆားခါး၊ ဖွဲနု၊ ဂလူးကို့စ်၊ ဂျုံနှင့်ထုံးတို့ လိုအပ်ပါသည်။ ဝါစေ့ခွံကုန်ကြမ်းများကို မိတ္ထီလာခရိုင်၊ မလှိုင်မြို့မှ မှာယူရသည်။ တောင်ငူမြို့အရောက် ဝါစေ့ခွံကုန်ကြမ်း တစ်ပိဿာ ကျပ် ၆၀၀ ဝယ်ယူရပါသည်။ ၁၀ ပိဿာဆံ့ အိတ်ကြီးဖြင့် ထည့်၍ ကားဖြင့် တင်ပို့ပေးသည်။

လွှစာမှုန့်အသုံးပြုရာတွင် ရော်ဘာပင်လွှစာမှုန့်ကိုသာ အသုံးပြုပြီး မော်လမြိုင်မြို့မှ မှာယူရသည်။ ဆားခါး ၂၅ ကီလိုဂရမ်တစ်အိတ် ကျပ် ၃၄၀၀၀၊ ဂလူးကို့ ၂၅ ကီလိုဂရမ် တစ်အိတ် ကျပ် ၈၅၀၀၀၊ ဆန်ဖွဲနု ပိဿာ ၂၀ တစ်အိတ် ကျပ် ၁၉၀၀၀ ၊ ဂျုံဖွဲနု တစ်အိတ် ကျပ် ၂၂၀၀၀၊ ထုံး တစ်အိတ် ကျပ် ၃၅၀၀ ဖြင့် ဝယ်ယူရသည်။

မှိုမျိုးစေ့များကို မြဝတီမှ မှာယူရသည်။ မှိုမျိုးတစ်ပုလင်း ၁၈၀၀ ကျပ် ဝယ်ယူရသည်။ မှိုမျိုးထုပ်ရန် ၇"×၁၂"အိတ်ခွံများ အသုံးပြုရသည်။ အိတ်ခွံတစ်ပေါင်လျှင် ကျပ်၂၇၀၀၀ပေးရသည်။ တစ်ပေါင်လျှင် အိတ်ခွံ ၈၀၀ ခန့် ပါဝင်သည်။ မှိုပျိုးထုပ်များတွင် ကော်လံကွင်းများ ထည့်ပေးရသဖြင့် ကော်လံကွင်း အခု ၁၀၀ လျှင် ကျပ် ၁၈၀၀ ပေးရသည်။ မှိုမျိုးများ မထည့်ခင် ရောစပ်ထားသော သဘာဝမြေထုပ်များကို လေးနာရီကြာပေါင်းရသည့်အတွက် ထင်းဖိုး တစ်ရက် ကျပ် ၁၅၀၀ အသုံးပြုရသည်။

လုပ်သား သုံးဦးဖြင့် တစ်ရက် မှိုစိုက်ပျိုးရန် အိတ် ၃၀၀ ထုပ်သည်။ လုပ်သားခအဖြစ် တစ်ဦးလျှင် တစ်ရက် ကျပ် ၅၀၀၀နှုန်းဖြင့် လုပ်သားသုံးဦးအတွက် ၁၅၀၀၀ ကျပ် ကုန်ကျသည်။ စိုက်ပျိုးမှိုတစ်ထုပ်အတွက် အထွေထွေကုန်ကျစရိတ် ကျပ် ၅၅၀ ကုန်ကျသည်ဟု သိရှိရပါသည်။

မှိုစိုက်ပျိုးထားသည့်စင် အိတ် ၃၀၀၀ ဝင်ဆံ့သည့် အဆောက်အုံနှစ်လုံးဆောက်ထားသဖြင့် မှိုပျိုးထုပ် ၆၀၀၀ စိုက်ပျိုးထားသည်။ တစ်ရက်လျှင် အိတ် ၃၀၀ မှ ၅၀၀ ပုံမှန်ထည့်သွားသည်။ မှို အပင်ပေါက် ကုန်သွားသည့်အိတ်များကိုလည်း မှိုစိုက်ပျိုးစင်မှ ဖယ်ထုတ်သည်။ မှိုထွက်ရှိနှုန်းအနေဖြင့် တစ်ရက်လျှင် ပိဿာ ၂၀ ခန့် ထွက်ရှိသည်။ မှိုတစ်ပိဿာလျှင် ၃၅၀၀ ကျပ်ဖြင့် ထွက်သမျှအားလုံး ခြံသို့ လာဝယ်ကြောင်း၊ တစ်ရက်ဝင်ငွေ ၇၀၀၀၀ ကျပ်ခန့် ပုံမှန်ရှိကြောင်း သိရှိရသည်။

မှိုကြိုက်နှစ်သက်သူများအတွက် ရာသီချိန်တွင်ပေါက်သော မှိုများကိုတစ်ပိဿာ၁၀၀၀၀ ကျပ်ဖြင့် ဝယ်ရသည်။ ယခုအခါ မှိုကြိုက်သူများအတွက် ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူနိုင်ပြီဖြစ်သည်။ မှိုစိုက်ပျိုးခြံအတွက် လုပ်သားလိုအပ်သည့်အနေအထားကြောင့် ဒေသခံများလည်း အလုပ်အကိုင်များ ရလာသည်။ တောင်ငူမြို့တွင် ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ ထမင်းဆိုင်ကြီးများရှိသည့်အတွက် မှိုဝယ်သည့်ဈေးကွက်လည်း ရှိနေသည်။

ပျိုးထုပ်တစ်ထုပ်လျှင် ၄၀ ကျပ်သားမှ ၆၀ ကျပ်သားအထိ ထွက်ရှိသည်ဟု သိရှိရသည်။ မှိုထွက်နှုန်း ၄၀ ကျပ်သားထွက်လျှင် ရောင်းရငွေ ကျပ် ၁၄၀၀ ရရှိသည်။ အရင်း ကျပ် ၅၅၀ ရှိသည့်အတွက် မှိုပျိုးထုပ်တစ်ထုပ်လျှင် အမြတ် ကျပ် ၈၅၀ ရရှိသည်။ ၆၀ကျပ်သားထွက်လျှင် ရောင်းရငွေ ကျပ် ၂၁၀၀၀ ရရှိသည့်အတွက် အမြတ်ငွေ ၁၅၅၀ ကျပ် ရရှိကြောင်း မှိုစိုက်ပျိုးထုတ်လုပ်သူ၏ ပြောပြချက်အရ သိရှိရသည်။

## ကြို့ပင်ကောက်မြို့နယ် ငွေဒါးရကျေးရွာတွင် စီးပွားဖြစ် စံပယ်ပန်းများ စိုက်ပျိုး

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ်အတွင်းရှိ သပြေရုံအုပ်စု ၊ ငွေဒါးရကျေးရွာတွင် အိမ်ခြေစုစုပေါင်း ၅၀ကျော်ခန့် ရှိသည်။ အိမ်ခြေ သုံးပုံ နှစ်ပုံလောက်သည် စံပယ်ပန်းကို စိုက်ပျိုးကြပြီး တချို့မှာ ခြံသီးသန့်စိုက်ပျိုး၍ တချို့မှာ အိမ်ခြံဝန်းအလွတ်များတွင် စိုက်ပျိုးလျက်ရှိကြောင်း သိရှိရသည်။

သပြေရုံအုပ်စု၊ ငွေဒါးရကျေးရွာရှိ တောင်သူတစ်ဦးသည် စံပယ်ပန်းပင်များကို ဧက၏တစ်ဝက် (၂)ကျိုးစိုက်ပျိုးထားပြီး စံပယ်ပန်းမျိုးမှာ ၁၂ ရာသီပွင့်သော ရန်ကုန်စံပယ်ပန်းမျိုးဖြစ်သည်။ ၎င်းမျိုးကို မှော်ဘီမြို့မှ မျိုးပင်ကိုင်းတက်များကို ဝယ်ယူ၍ စိုက်ပျိုးထားကြောင်း သိရှိရသည်။ လွန်ခဲ့သော၁၀နှစ်ခန့်က တစ်ပင်လျှင် ၂၅ကျပ်၊ ၃၀ကျပ်ဖြင့် ဝယ်ယူစိုက်ပျိုးခဲ့ပြီး ယခုတွင် ကိုင်းတက်တစ်ပင်ကို ကျပ် ၁၀၀၀မှ ၁၅၀၀ ဖြင့် ဝယ်ယူရကြောင်း သိရှိရသည်။

စံပယ်ပန်းပင်ကို မြောင်းဖော်၍ တစ်မြောင်းလျှင် အပင် ၂၀၀ နှုန်းဖြင့် မြောင်း၁၃မြောင်း ဖော်စိုက်ပျိုး၍ ယခင်က ရေထမ်းလောင်း၍ စိုက်ပျိုးပြီး ရေတစ်ခါလောင်းလျှင် ရေထမ်းပေါင်း ၂၀၀ ထမ်းလောင်းရကြောင်း သိရှိရသည်။ ယခုအခါ စက်ဖြင့် အလွယ်တကူမောင်းတင်ရသဖြင့် ရေထမ်းဖိုးငွေ ကုန်ကျစရိတ် သက်သာသွားကြောင်း သိရှိရသည်။

မြေသြဇာအနေဖြင့် (အာမို)ဓာတ်ဆားကို ၁၅ရက် တစ်ပတ်လျှင် ငါးပိဿာကျွေးရကြောင်း သိရှိရသည်။ တစ်ပိဿာလျှင် ကျပ် ၃၀၀၀၊ ပန်းပွင့်အားဆေးကို ၁၅ရက် တစ်ပတ်လျှင် အထပ် ၂၀ ပွင့်ဆေးတစ်ဘူးကျပ် ၆၀၀၀ ဖြင့် ဝယ်ယူသုံးစွဲရကြောင်း သိရှိရသည်။

စံပယ်ပန်းသည် ရာသီမရွေးပွင့်၍ နွေရာသီနှင့်မိုးရာသီတွင် အပွင့်ရေ အများဆုံးပွင့်ပြီး ဆောင်းရာသီတွင် အပွင့်ရေ နည်းပါးစွာ ပွင့်ကြောင်း သိရှိရသည်။

တစ်ရက်လျှင် ပန်းပွင့်အဖူးရေ ၂၀၀၀၀ကိုအပ်ချည်ဖြင့် သီကုံးရသည်။ အပ်ချည်လုံး တစ်လုံးလျှင် ကျပ် ၂၀၀ ဖြင့် သီခ၊ ခူးဆွတ်ခကို အလုပ်သမ လေးယောက်ဖြင့် သီကုံး ခူးဆွတ်ပြီး နာရီပိုင်းလေးအတွင်း ပြီးဆုံးကြောင်း သိရှိရသည်။ အဆိုပါ နာရီပိုင်းအတွင်း သီကုံးခူးဆွတ်ခအနေဖြင့် အလုပ်သမလေးများအား ကျပ် ၁၀၀၀၀ ပေးချေရကြောင်းသိရှိရပြီး တစ်နေ့ဝင်ငွေအားဖြင့် ကျပ် ၃၀၀၀၀ မှ ၄၀၀၀၀ ထိ ရရှိကာ တရားပွဲ၊ အလှူပွဲ၊ မင်္ဂလာဆောင်များရှိလျှင် ပို၍အရောင်းသွက်လျက်ရှိကြောင်း သိရှိရသည်။

ဈေးကွက်အနေဖြင့် လက်ပံတန်းမြို့သို့ နံနက်ပိုင်းဆိုင်ကယ်ဖြင့် သွားရောက်၍ ဖောက်သည်ပေးရကြောင်း သိရှိရသည်။ ဖောက်သည်ကို ပန်း၁၀ ပွင့်ပါ အကုံးရေ ၁၀၀လျှင် ကျပ် ၁၅၀၀ ကျပ်ဖြင့် တစ်နေ့လျှင် အကုံးရေ ၂၀၀၀ ခန့် ရောင်းချရကြောင်း သိရှိရသည်။ စံပယ်ပန်း စိုက်ပျိုးခြင်းဖြင့် နေ့စဉ် စားဝတ်နေရေး အဆင်ပြေနိုင်ကြောင်းနှင့် စီးပွားဖြစ်ပန်းအနေဖြင့် တိုးချဲ့စိုက်ပျိုးမည်ဖြစ်ကြောင်း သိရှိရသည်။

**ရီရီရှိန်(ကြို့ပင်ကောက်)**

## ထန်းလျက် လှိုင်လှိုင်ပေါ်နေပြီး ဈေးကောင်းရနေ

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ထန်းလျက်များ လှိုင်လှိုင်ပေါ် နေရာ ယခုနှစ် ဈေးကောင်းရ၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ လက်ရှိ ထန်းလျက်လှိုင်လှိုင်ရရှိနေပြီး တစ်ရက်ရှစ်ပိသာခန့်ထွက်ကြောင်း တစ်ပိဿာ ကျပ် ၂၅၀၀ ရောင်းရပြီး ယခင်နှစ်ကာလတူက တစ်ပိဿာ ကျပ် ၁၈၀၀ မှ ကျပ် ၂၀၀၀ ရောင်းရ၍ ယခုနှစ်တွင် ဈေးကောင်းသည်ဟု ဒေသခံတစ်ဦးက ပြောသည်။

ယခင်နှစ် ပြာသိုလ ထန်းလျက်အသစ် ထန်းလျက်ဈေးမှာ တစ်ပိဿာ ကျပ် ၁၈၀၀၊ ကျပ် ၂၂၀၀ ရောင်းကြောင်း ထန်းတက်သူတစ်ဦးက ပြောသည်။ ရေနံချောင်းမြို့နယ်တွင် ထန်းပင် စိုက်ဧက ၁၅၆၇ ဧကစိုက်ပျိုးထားရှိကာ ထန်းလျက်ထွက်သည့် ထန်းပင် ၁၂၃၆ ဧကရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနစာရင်းအရ သိရသည်။ မကွေးတိုင်းဒေသကြီးတွင် ထန်းစိုက်ဧက နှစ်သောင်းကျော်ရှိကာ နှစ်စဉ်ထွက်ရှိမှုမှာ ပိဿာချိန် သိန်း ၅၅၀၀ ကျော်ခန့် ထွက်ကြောင်း နှစ်စဉ်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနစာရင်းအရ သိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**

## ပံပြောင်းဖူး စိုက်ပျိုးခြင်းဖြင့် ဝင်ငွေရရှိ

မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ် တာဝန်ခံ ဦးဆန်းလင်းမောင်(ဦးစီးမှူး)နှင့် အဖွဲ့သည် ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁၁နာရီတွင် နွယ်တမယ်ကျေးရွာရှိ ပံပြောင်းစိုက်ပျိုးသော တောင်သူဦးအေးဝင်းထွန်းနှင့် တွေ့ဆုံ၍စိုက်ပျိုးထုတ်လုပ်မှု ရောင်းဝယ်ဖောက်ကားမှု အခြေအနေများအား ကွင်းဆင်းလေ့လာခဲ့သည်။

တောင်သူအနေဖြင့် ယခုနှစ်တွင် ဖူးစားပြောင်း တစ်ဧကစိုက်ပျိုးထားရှိကြောင်း၊ စိုက်ပျိုးရာတွင် တောင်သူများအနေဖြင့် (၁၃၅)ပံပြောင်းအမျိုးအစားကိုသာ အဓိကထား စိုက်ပျိုးကြကြောင်း၊ ယခင်နှစ်က ပံပြောင်းသုညဒသမ ၅ ဧကစိုက်ပျိုးခဲ့ပြီး အထွက်နှုန်း ကောင်းမွန်၍ တစ်ဖူးလျှင် ကျပ် ၁၁၀ ရရှိခဲ့ကြောင်း၊ ပံပြောင်းကိုနှစ်စဉ်ချောင်းရေကျချိန် ဒီဇင်ဘာလတွင် စိုက်ပျိုးပြီး စိုက်ပျိုးရာတွင် လေဝင်လေထွက်ကောင်းပြီး အထွက်နှုန်းတိုးစေရန် တန်းကြားနှစ်ပေ၊ ပင်ကြားခြောက်လက်မခန့် အကွာအဝေး စိုက်ပျိုးရကြောင်း၊ ယခုနှစ်တွင် တစ်ဧကလျှင် အပင်ရေ ၂၂၀၀၀ ခန့်စိုက်ပျိုးရာတွင် ပျမ်းမျှအပင်ရေ ၂၀၀၀၀ ဖြစ်ထွန်းကြောင်း၊ စိုက်ပျိုးပြီး သုံးလအကြာတွင် စတင်၍ အဖူးချိုးရပြီး တစ်ဧကလျှင် အဖူး ၂၀၀၀၀ ခန့် အဖူးချိုးရ၍ ယခုနှစ်တွင် တစ်ဖူးလျှင် ကျပ် ၂၀၀ ရောင်းချရသည့်အတွက် တစ်ဧကဝင်ငွေကျပ် ၄၀ သိန်းခန့်ရရှိပြီး မျိုး၊ မြေပြုပြင်စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း၊ သွင်းအားစုနှင့် လုပ်အားခများ အပါအဝင် တစ်ဧကလျှင် ကျပ် ၁၉ သိန်း ကုန်ကျ၍ အကျိုးအမြတ်အနေဖြင့် ကျပ် ၂၁ သိန်း အကျိုးအမြတ်ရရှိကြောင်း၊ ထွက်ရှိပြီးသော ပံပြောင်းဖူးများကို တောင်သူများအနေဖြင့် မင်းဘူး၊ စလင်း၊ ပွင့်ဖြူ၊ ဆိပ်ဖြူ၊ ချောက်မြို့များသို့ သွားရောက်ရောင်းချကြပြီး တချို့ပွဲစားများအနေဖြင့် ပြောင်းခင်းအရောက် အခင်းပြတ် ဝယ်ယူကြကြောင်းနှင့် ယခုနှစ် ဆောင်းရာသီကာလတွင် (၁၃၅)ပံပြောင်းစိုက်တောင်သူများ အဆင်ပြေလျက်ရှိပြီး ဝင်ငွေတိုးပွားလျက်ရှိကြောင်း တောင်သူဦးအေးဝင်းထွန်းထံမှ သိရှိရသည်။

**ဆန်းလင်းမောင်**



# ဆေးရွက်ကြီး စိုက်ပျိုးမှုအကြောင်း တစေ့တစောင်း

မြင့်မြင့်သန်း(ပခုက္ကူ)

ဆေးရွက်ကြီးကို မြန်မာနိုင်ငံအလယ်ပိုင်း ပူးပြင်းသော ဒေသများတွင် အများဆုံး စိုက်ပျိုးဖြစ်ထွန်းလေ့ရှိသည်။ မူလဒေသက အမေရိကတိုက်မှဖြစ်ပြီးမြန်မာနိုင်ငံသို့၁၇ရာစုခန့်က အိန္ဒိယနိုင်ငံမှတစ်ဆင့် ဝင်ရောက်လာခြင်းဖြစ်သည်။ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်ဆိုစကားနှင့်အညီ ယခုဆေးရွက်ကြီးပင်ကို မြန်မာနိုင်ငံသို့ ရောက်ရှိစကဆေးပင်ဟု ခေါ်ဝေါ်သမုတ်ကြသည်။ ဆေးရွက်ကြီးပင်သည် ချုံပင်အမျိုးအစားဖြစ်ပြီး အရွက်တို့သည် ရွက်ထီးများဖြစ်ကာ ရွက်လွှဲတည်ရှိသည်။ ရွက်ကြောရိုးထီးတည်းနှင့် လုံ့သွားပုံရှိပြီး မျက်နှာပြင်တွင် အမွေးနုကလေးများရှိသည်။ ဆေးရွက်ကြီးသည် မြန်မာလူမျိုးများအနေဖြင့် သုံးစွဲမှု နည်းပါးသော်လည်း လူတိုင်းအတွက် အသုံးဝင်သော ကျန်းမာရေးဆေးဖက်ဝင် ပစ္စည်းတစ်မျိုးဖြစ်သည်။

ဆေးရွက်ကြီးကို မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသဖြစ်သော မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်ဘေးရှိမြစ်ရေဝင်ကိုင်းကျွန်းမြေနုများတွင် ဒေသစီးပွားဖြစ် အများဆုံး စိုက်ပျိုးကြသည်။ ဆေးရွက်ကြီးကို ဗာဂျီးနီးယား၊ (ကုလား)ဆေးရွက်နှင့် ဆေးရွက်ကြီး(မြန်မာ) နှစ်မျိုးကို နှစ်စဉ်နှစ်တိုင်း စိုက်ပျိုးပြီး မြန်မာဆေးရွက်ကြီးကို အများဆုံး စိုက်ပျိုးကြသည်။ စတင်စိုက်ပျိုးချိန်တွင် စိုက်ဧကအမြောက်အမြား စိုက်ပျိုးခဲ့ကြပြီး ကုန်ကြမ်းဝယ်လိုအားနည်းပြီး ဈေးကွက်ကျဆင်းခြင်းတို့ကြောင့် ဆေးရွက်ကြီး စိုက်ဧကများ လျော့နည်းသွားကြောင်းသိရှိရသည်။

## pdkufysKd;jcif;

ဆေးရွက်ကြီးစိုက်ပျိုးမှုမှာ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်းရှိ ကုက္ကိုလှအုပ်စု၊ ကျွန်ညိုကြီးအုပ်စု၊သံပုရာကုန်းအုပ်စု၊ ကံလှအုပ်စု၊ မြင်းကျွန်းအုပ်စု၊ ကျွန်းညိုအုပ်စု၊ မှိုက်ပင်ကုန်းအုပ်စုကျေးရွာများတွင် မြန်မာဆေးရွက်ကြီးကို နှစ်စဉ်မပြတ် မိရိုးဖလာဒေသစီးပွားဖြစ် အဓိကစိုက်ပျိုးသည်။ စိုက်ပျိုး၍ မဖြစ်သည့်မြေများတွင်သာ ငရုတ်၊ အစေ့ထုတ်ပြောင်း၊ ပဲတီစိမ်းသီးနှံများကို စိုက်ပျိုးကြသည်။ ယခင်က ဆေးရွက်ကြီးကို စိုက်ဧက၅၀၀ခန့်စိုက်ပျိုးပြီး တဖြည်းဖြည်းနှင့် ကုန်ကြမ်း ဝယ်လိုအားနည်းပြီး ဈေးကွက်ကျဆင်းသွားခြင်းနှင့် မြစ်ရေဝင် မြေဖြစ်၍ ကမ်းပါးပြိုကျခြင်းများကြောင့် စိုက်ဧက လျော့နည်းသွားပြီး ယခုနှစ်တွင် ဆေးရွက်ကြီး စိုက်ဧက ၃၀၀ ခန့် စိုက်ပျိုးထားရှိကြသည်။

စိုက်ပျိုးမြေသည် ရေသွင်းရေထုတ် ကောင်းပြီး မြေအစိုဓာတ်ရရှိရန် လိုအပ်သည့် နုန်းမြေအမျိုးအစားတွင် အဓိက စိုက်ပျိုးကြသည်။ မြေအောက်ရေအပြင် ရေသွင်းစနစ်ဖြင့် စိုက်ပျိုးကြရသည်။ ဆေးရွက်ကြီးကို သီတင်းကျွတ်နှင့် တန်ဆောင်မုန်းလတွင် စတင်စိုက်ပျိုးပြီးမျိုးစေ့မှပျိုးခင်းပြုလုပ်ပျိုးထောင်ပြီး ၄၅ရက်သားရှိလျှင် စိုက်ခင်းထဲသို့ ပြောင်းရွှေ့စိုက်ပျိုးကြသည်။ တစ်ဧကလျှင် ပျိုးပင် ၆၀၀၀ခန့် ပင်ကြား၊ တန်းကြား နှစ်ပေအကွာအဝေးတွင် စိုက်ပျိုးပြီး ရေမြောင်းဖြင့် ရေသွင်း၍ တပို့တွဲလ၊ တပေါင်းလတွင် အရွက်များစတင်ခူးရကြောင်းသိရသည်။ စိုက်ပျိုးပြီး ၄၅ရက်သားတွင် ခေါင်အဖူးနှိမ်ပေးရပြီး ဆေးရွက်များကြီးထွားသန်မာစေရန်အတွက် ဆေးရွက်ကြီး တစ်ပင်လျှင် အရွက်ကိုးရွက်ခန့် ထားရှိသည်။ ပင်စည်မှ ထွက်လာသောအတက်များကို တစ်လလျှင် သုံးကြိမ်ခန့် အတက်ဖဲ့ပေးရကြောင်းသိရှိရသည်။ စိုက်ပျိုးပြီး သုံးလသားတွင် အပင်မှစတင်ခူးပြီး နေလှန်း၍ သိမ်းဆည်းရသည်။ ဆေးရွက်ခူးသက်တမ်းမှာ နှစ်လခန့်ကြာမြင့်ကြောင်း သိရှိရသည်။

## aq;&Gufu;DSa&*yk

ဆေးရွက်ကြီးပင်သည် မူလကတည်းက ပိုးများကို သေစေနိုင်သော ဆေးပင်ဖြစ်၍ ပိုးနှိမ်နင်းနိုင်သည့်အတွက် ဆေးရွက်ကြီးပင်သို့ ရောဂါပိုးကျရောက်ခြင်းကင်း၍ ပိုးသတ်ဆေးများ အသုံးမပြုရဘဲ အရွက်ကြီးထွားစေရန်အတွက် ရွက်ဖျန်းအားတိုးဆေးကိုသာ အသုံးပြုရ၍ ကုန်ကျစရိတ်ကုန်ကျမှုမများကြောင်း သိရှိရသည်။

## jyifqifxm;oKd&kqifqifh

ဆေးရွက်ကြီးကို အပင်မှခူး၍ ရိတ်သိမ်းပြီးသော ဆေးရွက်များ၏ ကျောရိုးအားထု၍ နေလှန်းပြီးသော ဆေးရွက်ခြောက်များအား တစ်ရွက်ချင်းထပ်၍ ထားရှိပြီးသော ဆေးရွက်များအား သိမ်းဆည်းရန် ဆေးပြင်သမားခေါ်ယူပြီး ပြင်ဆင်ကြောင်း၊ ဆေးရွက်ခြောက်ပုံကို ရေပေးနှပ်ထားပြီး အပေါ်မှ မိုးကာဖြင့်အလုံအုပ်ပြီး ကျောက်ခဲ ဖိထားကြောင်း၊ ရေပေးမှုအနည်းအများပေါ် မူတည်ပြီး ဆေးရွက်ကြီးအရောင် ပြောင်းလဲမှုရှိပြီး ရေများပေးလျှင် ဝါညိုရင့်ရောင်ဆေးရွက်ရရှိပြီး ရေနည်းပေးလျှင် ဝါကြည်သွေးရောင်ဆေးရွက်ရရှိကြောင်း၊ ဆေးရွက်အရောင်းပေါ် မူတည်ပြီး ဈေးနှုန်းကွာခြားမှုရှိ၍ ဆေးပြင်ဆင်ထိန်းသိမ်းမှုမှာ အရေးကြီးကြောင်း၊ ရေနှပ်ပြီး ဆေးရွက်ကြီးများကို နှီးဖြင့်ရက်လုပ်ထားသော ပုတ်များဖြင့်ထည့်ပြီး သိမ်းဆည်းထားရှိ၍ ထန်းလက်ဖြင့် ကွက်စိပ်ရက်လုပ်ပြီး လေလုံအောင် ပုတ်များပေါ်တွင် ဖုံးအုပ်ထားရှိကြောင်း သိရှိရသည်။

## xGufukefpd&ifEIef;Eifaps;uGuf

ဆေးရွက်ကြီး စိုက်ပျိုးပြီး တစ်ဧကလျှင် အထွက်နှုန်းပိဿာမှာ ရာသီဥတု၊မြေအနေအထားနှင့် သွင်းအားစုသုံးစွဲပုံ မတူညီကြ၍ တောင်သူတစ်ဦးချင်း အထွက်နှုန်း ကွာခြား၍ တစ်ဧကလျှင် ယခင်နှစ်တွင် ပိဿာ ၇၀၀မှ ၉၀၀ထွက်ရှိခဲ့ပြီး ယခုနှစ်တွင် ရာသီဥတုကောင်းမွန်မှုကြောင့် တစ်ဧကပိဿာ ၁၀၀၀မှ၁၅၀၀အထိ ထွက်ရှိကြောင်း၊ ဆေးရွက်ကြီးတစ်ဧက စိုက်ပျိုးစရိတ်အနေဖြင့် မြေပြုပြင်ချိန်မှစ၍ မျိုးစေ့၊ သွင်းအားစုစရိတ်၊ အလုပ်သမားခ အပါအဝင် စုစုပေါင်း ကျပ်သိန်း ၂၀ ခန့် ကုန်ကျကြောင်း သိရသည်။ ဆေးရွက်ကြီးဈေးနှုန်းဈေးကွက်အနေဖြင့် အရည်အသွေးလိုက်၍ ယခင်နှစ် တစ်ပိဿာလျှင်ကျပ် ၁၀၀၀ မှ ၂၀၀၀၊ ယခုနှစ်ကျပ် ၉၀၀ မှ ၃၀၀၀ ဈေးနှုန်းဖြင့် ရောင်းချလျက်ရှိပြီး ပခုက္ကူမြို့နယ် ကျွန်းဒေသထွက် ဆေးရွက်ကြီးများကို ပခုက္ကူမြို့ပေါ်ရှိ လုပ်ငန်းရှင်နှင့်ပွဲစားများ၊ မြင်းခြံမြို့မှ ပွဲစားများမှ စိုက်ပျိုးထွက်ရှိသည့် ကျေးရွာများအထိ လာရောက်ဝယ်ယူကြောင်း သိရှိရသည်။

## t olHkif;yk

ဆေးရွက်ကြီးတစ်ပင်လုံးတွင် အရွက်၊ အရိုး၊ အမြစ်တို့မှအစ အသုံးဝင်ပြီး ဆေးဖက်ဝင်အပင်လည်းဖြစ်သည်။ ဆေးရွက်ကြီးကို ဆေးလိပ်ခုံများ၊ ကွမ်းယာဆိုင်များတွင် ကွမ်းစားဆေးအဖြစ် အသုံးပြုခြင်း၊တိုင်းရင်းဆေးအဖြစ်အသုံးပြုနိုင်ခြင်းအပြင် ဆေးရွက်ကြီးအမြစ်ကို သွေး၍ သောက်ပါက ဝမ်းကို နူးစေပြီး ဝမ်းနူးဆေးနှင့် အားတိုးဆေးအဖြစ် အသုံးပြုကြောင်း သိရှိရသည်။ ဆေးရွက်ကြီးသည် ပိုးသေစေသော ဆေးဝါးအာနိသင်နှင့်အနာကျက်စေသော အာနိသင်ရှိခြင်း၊ အရေပြား ယားယံခြင်း၊ ရောင်ရမ်းခြင်း၊ ဓာတ်မတဲ့ခြင်းဖြစ်သည့်အရာများကိုလည်း ပျောက်ကင်းစေသော အာနိသင်တို့ရှိကြောင်းသိရသည်။ ဆေးရွက်ကြီးကို အလွန်အကျွံမသုံးစွဲရဘဲ သင့်တင့်မျှတစွာ သုံးစွဲရသော ဆေးဖက်ဝင်အပင်ဖြစ်သည့်အပြင် စိုက်ခင်းအပင်များတွင် ကျရောက်တတ်သည့်ပိုးများကို ထိထိရောက်ရောက် နှိမ်နင်းပေးသလို ကာကွယ်ပေးနိုင်သော အပင်ဖြစ်သည်။

ဆေးရွက်ကြီးသည် မြန်မာလူမျိုးများအနေဖြင့် သုံးစွဲရန် နည်းပါးသော်လည်း လူတိုင်းအတွက် အသုံးဝင်သော ကျန်းမာရေး ဆေးဖက်ဝင်ပစ္စည်း တစ်မျိုးဖြစ်သည်။ စိုက်ခင်းများတွင်လည်း ရောဂါပိုးမွှားများ ကျရောက်မှုကို ကာကွယ်ပေးနိုင်သော ပိုးသတ်ဆေးအာနိသင်ရှိသည်။ ဆေးရွက်ကြီးကို နှစ်စဉ်မပြတ် စိုက်ပျိုးခဲ့ရာတွင် ယခုနှစ်တွင် မိမိတို့ထွက်ကုန်များအား ဆေးလိပ်ခုံလုပ်ငန်းများ နည်းပါးသွားပြီး ဝယ်လိုအားနည်းပြီး ဈေးကွက်မရှိခြင်းကြောင့် ဆေးရွက်ကြီး စိုက်ပျိုးမှုလုပ်ငန်းများ လျော့နည်းသွားကြောင်း၊ စိုက်ပျိုးထွက်ကုန်ဆေးရွက်ကြီးများကို ဝယ်ယူရောင်းချဖြန့်ဖြူးပေးမည့်ကုမ္ပဏီများ၊ လုပ်ငန်းရှင်များရှိပါက နှစ်စဉ်မပြတ် တိုးချဲ့စိုက်ပျိုးသွားပြီး မိမိတို့ပြည်တွင်းရှိ စိုက်တောင်သူများ၊ လုပ်ငန်းရှင်များ၊ အလုပ်သမားပြည်သူများ အလုပ်အကိုင် အခွင့်အလမ်း ပိုမိုရရှိလာမည်ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ
(၂၀.၂.၂၀၂၃)ရက်နေ့မှ (၂၆.၂.၂၀၂၃)ရက်နေ့အထိ ရည်ညွှန်းဈေးနှုန်းထုတ်ပြန်ရန်
ခန့်မှန်းကုန်ကျစရိတ်စာရင်းနှင့် အရင်းဈေးတွက်ချက်မှု

| | |
|---|---|
| Quantity (MT) | 1000 |
| CIF Price (USD/MT) | 1015 |
| ပျမ်းမျှငွေလဲနှုန်း | 2488 |
| Customs ငွေလဲနှုန်း | 2100 |

| စဉ် | အကြောင်းအရာ | တွက်ချက်နှုန်း | ၁၀၀၀ တန် ကုန်ကျစရိတ် | (၁) ပိဿာကုန်ကျစရိတ် |
|---|---|---|---|---|
| ၁ | သွင်းကုန်လိုင်စင်ကြေး | | 93,600 | 0.15 |
| ၂ | TT ဘဏ်စရိတ်ငွေလွှဲခ | 1000 MT x CIF x ပျမ်းမျှငွေလဲနှုန်း x 0.125% | 3,156,650 | 5.15 |
| ၃ | စားအုန်းဆီအလျော့ | 1000 MT x 0.5% x CIF x ပျမ်းမျှငွေလဲနှုန်း | 12,626,600 | 20.62 |
| ၄ | ဆီကန်သိုလှောင်ထိန်းသိမ်းခ | 1000 MT x 612.39 Viss x MMK 8 | 4,899,120 | 8.00 |
| ၅ | ကုန်သွယ်လုပ်ငန်းခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 5% | 106,575,000 | 174.03 |
| ၆ | MITS စစ်ဆေးခ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၇ | FDA + Lab Test | | 440,000 | 0.72 |
| ၈ | ဆိပ်ကမ်းကပ်ခ | 1000 MT x USD 3.15 x ပျမ်းမျှငွေလဲနှုန်း | 7,837,200 | 12.80 |
| ၉ | ဆီအသင်းရန်ပုံငွေ | 1000 MT x MMK 200 | 200,000 | 0.33 |
| ၁၀ | Agent fee | | 250,000 | 0.41 |
| | Local cost | | **136,678,170** | **223.19** |
| ၁၁ | CIF Cost (1000 MT x CIF Price x ပျမ်းမျှငွေလဲနှုန်း) | | 2,525,320,000 | 4,123.71 |
| | **စရိတ်စုစုပေါင်း** | | **2,661,998,170** | **4,346.90** |

# လာမည့်ဘဏ္ဍာနှစ်အတွင်း ထောပတ်ပဲ တင်ပို့မှုမှ ကန်ဒေါ်လာ ၂၅ ဒသမ ၈၁ သန်းရရှိရန် မျှော်မှန်း

လာမည့် ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ထောပတ်ပဲ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၈၁ သန်းရရှိရန် မျှော်မှန်းထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း ဈေးကောင်းရရှိနေသည့် ထောပတ်ပဲကို လာမည့်ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ တန်ချိန် ၂၉၀၀၀ ခန့်အထိ တင်ပို့သွားမည်ဖြစ်ပြီး တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၈၉၀ ဖြင့် စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၈၁ သန်းဖိုးရရှိရန် မျှော်မှန်းထားခြင်းဖြစ်သည်။

ယင်းသို့ လာမည့် ဘဏ္ဍာနှစ်အတွင်း ထောပတ်ပဲ တင်ပို့ရောင်းချရာတွင် ဧပြီမှ ဇွန်လအထိ ထောပတ်ပဲ တန်ချိန် ၇၂၅၀၊ ဇူလိုင်မှ စက်တင်ဘာလအထိ ထောပတ်ပဲ တန်ချိန် ၇၂၅၀၊ အောက်တိုဘာမှ ဒီဇင်ဘာလအထိ ထောပတ်ပဲ တန်ချိန် ၇၂၅၀၊ ဇန်နဝါရီမှ မတ်လအထိ ထောပတ်ပဲ တန်ချိန် ၇၂၅၀ စသည်ဖြင့် စုစုပေါင်း ထောပတ်ပဲ



တန်ချိန် ၂၉၀၀၀ ကို တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ထောပတ်ပဲများကို ယခု ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ပြည်ပဖောက်သည်ဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် ၂၀၂၂ ခုနှစ်၊ ဧပြီ ၁ ရက်မှ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်ရေးမှ ကန်ဒေါ်လာ ၁၈ ဒသမ ၀၈၅ သန်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ ကန်ဒေါ်လာ ၃ ဒသမ ၁၀၅ သန်း စသည်ဖြင့် စုစုပေါင်း ကန်ဒေါ်လာ ၂၁ ဒသမ ၁၉ သန်းဖိုး တင်ပို့ရောင်းချခဲ့ပြီးဖြစ်ကြောင်း သိရ သည်။

ထို့ပြင် ပြည်တွင်း၌လည်း ထောပတ်ပဲဈေးသည် ဈေးကွက်စတင်ဖွင့်လှစ်ခဲ့သည့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလက သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၈၀၀၀၀ခန့်သာပေါက်ဈေးရှိခဲ့သော်လည်း အဆိုပါနှစ်အတွင်းမှာပင် ငွေကျပ် ၁၂၅၀၀၀ မှ ၁၆၂၅၀၀ အထိ ဈေးနှုန်းမြင့်တက်ခဲ့ပြီး လက်ရှိ ၂၀၂၃ ခုနှစ်တွင်တော့ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၁၅၀၀၀ ကျပ်မှ ၂၃၀၀၀၀ ကျပ်အထိ ဈေးရရှိလာခြင်းဖြစ်ကြောင်း သိရသည်။

ထောပတ်ပဲကို မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၌ အဓိက စိုက်ပျိုးပြီး မကွေးတိုင်းဒေသကြီးတွင် မင်းဘူး၊ ဆင်ဖြူကျွန်းနှင့် စလင်းဒေသများ၊ မန္တလေးတိုင်းဒေသကြီးတွင် မလှိုင်၊ တောင်သာ၊ နွားထိုးကြီးဒေသများနှင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ဂန့်ဂေါ၊ ကလေး၊ ကလေးဝ၊ ရွှေဘို၊ ကဘော်ချိုင့်ဝှမ်းဒေသများတွင် အများဆုံး စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

## မြန်မာ့သကြားဈေး မြင့်တက်လာ

ပြည်တွင်းသကြားဈေးမှာလက်ရှိတွင် တစ်ပိဿာ ၂၉၆၀ ကျပ်အထိ ရောက်ရှိလာပြီး ငွေကျပ် ၆၀၀ ခန့် မြင့်တက်လာကြောင်း မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းမှ သိရသည်။

ကမ္ဘာ့သကြားဈေး မြင့်တက်နေမှုကြောင့် ပြည်တွင်း သကြားဈေး မြင့်တက်လာခြင်းဖြစ်ပြီး ကမ္ဘာ့သကြားဈေးမှာ ယခင်က အမေရိကန်ဒေါ်လာ ၅၀၀ ဝန်းကျင်သာရှိခဲ့ခြင်းဖြစ်ကာ လက်ရှိတွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၈၀ ဝန်းကျင်သို့ရောက်ရှိနေခြင်းဖြစ်ကြောင်း အဆိုပါအသင်းမှ တာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၂၂ ရက်တွင် ပြောသည်။

"သကြားဈေးလည်း တက်တယ်။ နောက်ပြီး ကြံထုတ်လုပ်မှုကလည်း ဒီနှစ် နည်းတယ်။ တချို့စက်ရုံတွေဆို စောပြီး သိမ်းတာတွေတောင်ရှိတယ်။ လက်ကျန်နည်းတာလည်းပါတယ်"ဟု ၎င်းက ပြောသည်။

ယခုကဲ့သို့ ပြည်တွင်းသကြားဈေး မြင့်တက်နေမှုသည် ကြံအထွက်နှုန်း နည်းပါးခဲ့ခြင်းကြောင့် ဖြစ်သလို ပြည်တွင်းရှိ သကြားလက်ကျန် နည်းပါးခြင်း၊ ပြည်ပမှ သကြားဝင်ရောက်မှု မရှိခြင်းတို့ကြောင့် ဖြစ်သည့်အပြင် ကြံကြိတ်ခွဲရာသီအတွင်းကတည်းက သကြားဈေးနှုန်းများ စံချိန်တင် မြင့်တက်လာမှုကြောင့်ဖြစ်သည်ဟု ဆိုသည်။ ယင်းသို့ သကြားဈေး စံချိန်တင် မြင့်တက်နေမှုကြောင့် ကြံကုန်ကြမ်း၏ ဈေးနှုန်းများကိုလည်း သကြားစက်များအလိုက် တိုးမြှင့်သတ်မှတ်ပေးနေရပြီး အမြင့်ဆုံးဈေးနှုန်းအဖြစ် တစ်တန်လျှင် ငွေကျပ် တစ်သိန်းဝန်းကျင်အထိ ပေးချေနေရကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ ကြံကြိတ်ခွဲရာသီသည် နှစ်စဉ် ဒီဇင်ဘာလတွင် စတင်ပြီး ဧပြီလဆန်းပိုင်းတွင် ကုန်ဆုံးလေ့ရှိကာ ကြံကို အဓိကအားဖြင့် စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း (အရှေ့ခြမ်းနှင့် အနောက်ခြမ်း)၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် စိုက်ပျိုးနေခြင်းဖြစ်ကြောင်း သိရသည်။

ထုတ်လုပ်မှုအားဖြင့် တစ်နိုင်ငံလုံးတွင် သကြားစက်ရုံပေါင်း ၂၃ ရုံရှိကာ သကြားထုတ်လုပ်သည့် စက်ရုံများကို ကြံစိုက်ပျိုးရာနေရာများ၏ အနီးဆုံးတွင် တည်ဆောက်ထားရှိကြောင်း သိရသည်။ လက်ရှိမြန်မာနိုင်ငံတွင် တစ်နှစ်လျှင် သကြားတန်ချိန် ငါးသိန်းခန့်အထိ ထွက်ရှိကာ တန်ချိန် လေးသိန်းခွဲခန့်ကို ပြည်တွင်း၌ စားသုံးနေခြင်းဖြစ်သည်။

## ရေနံထွက်ပစ္စည်း ကန်ဒေါ်လာ ၄ ဘီလီယံကျော်ဖိုး တင်သွင်းထား

ယခု၂၀၂၂-၂၀၂၃ဘဏ္ဍာနှစ် ၁၀လတာအတွင်း ရေနံထွက်ပစ္စည်း တင်သွင်းမှုအနေဖြင့် အမေရိကန်ဒေါ်လာ ၄ ဘီလီယံကျော်အထိ ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

လက်ရှိ ဘဏ္ဍာနှစ် စတင်သည့် ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလကုန်အထိ ပြည်ပမှတင်သွင်းသည့် သွင်းကုန်ပစ္စည်း ၁၀ မျိုးတွင် ရေနံထွက်ပစ္စည်းများကို အများဆုံး တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ကာလအတွင်း ပြည်ပမှ တင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများအနက် ရေနံထွက်ပစ္စည်း တင်သွင်းမှုအနေဖြင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၄ ဘီလီယံကျော်ဖိုးရှိပြီး ချည်ထည် တင်သွင်းမှုမှာတော့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံ ကျော်ဖိုးရှိကြောင်း သိရသည်။

ယင်းအပြင် သံနှင့်သံမဏိ ကုန်ကြမ်း အမေရိကန်ဒေါ်လာ သန်း ၅၆၀ကျော်၊ ဆေးဝါးပစ္စည်း အမေရိကန်ဒေါ်လာ သန်း ၅၄၀ ကျော်၊ ဓာတ်မြေဩဇာ အမေရိကန်ဒေါ်လာ သန်း ၅၃၀ ကျော်၊ စားအုန်းဆီ အမေရိကန်ဒေါ်လာ သန်း ၅၃၀ ကျော်ဖိုး တင်သွင်းခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုတွင် ပို့ကုန်အနေဖြင့် လယ်ယာထွက်ကုန်၊ တိရစ္ဆာန်ထွက်ကုန်၊ ရေထွက်ကုန်၊သတ္တုတွင်းထွက်၊ သစ်တောထွက်၊ စက်မှုကုန်ချောပစ္စည်းများနှင့် အခြားပို့ကုန်များကို တင်ပို့ရောင်းချနေခြင်းဖြစ်သည်။

သွင်းကုန်အနေဖြင့် ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်း၊ လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်းများ၊ ကုန်ကြမ်းယူ ကုန်ချောပေးစနစ် (CMP) နှင့် ထုတ်လုပ်သည့် ကုန်ပစ္စည်းများကို တင်သွင်းနေခြင်းဖြစ်ကြောင်း သိရသည်။

## မြန်မာ့ကြက်သွန်နီကို ပြည်ပသို့ G to G စနစ်ဖြင့် တိုးမြှင့်တင်ပို့ရန် လုပ်ဆောင်နေ

အခြေခံ စားသောက်ကုန် စားဖိုဆောင်သီးနှံဖြစ်သည့် မြန်မာ့ကြက်သွန်နီကို ဈေးကွက်အလားအလာရှိသည့် ပြည်ပနိုင်ငံများသို့ G to G စနစ်ဖြင့် တိုးမြှင့်တင်ပို့နိုင်ရန် လုပ်ဆောင်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့မှ သိရသည်။

ယင်းသို့ တင်ပို့နိုင်ရန်အတွက် ဖိလစ်ပိုင်အပါအဝင် ဈေးကွက်အလားအလာရှိသည့် နိုင်ငံများနှင့် ချိတ်ဆက်လုပ်ဆောင်သွားမည်ဖြစ်ပြီး လက်ရှိ ဖိလစ်ပိုင်နိုင်ငံတွင် ကြက်သွန်နီဈေးအမြင့်ဆုံးရောက်ရှိနေသောကြောင့် အစိုးရချင်း ချိတ်ဆက်၍ တင်ပို့ရောင်းချနိုင်ရန် စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။

ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချခြင်းအတွက် အပင်ပိုးမွှားရောဂါများ ကင်းရှင်းကြောင်း အသိအမှတ်ပြုလက်မှတ်များ လွယ်ကူစွာ ထုတ်ယူနိုင်ရန် ပြင်ဆင်ထားရှိသည့်အပြင် ပြည်တွင်းဈေးကွက် တည်ငြိမ်စေရန်အတွက်လည်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် လာမည့် ၂၀၂၃-၂၀၂၄ဘဏ္ဍာနှစ်တွင်လည်း ပြည်ပနိုင်ငံများသို့ ကြက်သွန်နီ တန်ချိန် တစ်သိန်းခန့် တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။



ထိုသို့ တင်ပို့ရာတွင် ဘဏ္ဍာနှစ်၏ ပထမသုံးလဖြစ်သည့် ၂၀၂၃ ခုနှစ် ဧပြီလမှ ဇွန်လအထိ တန်ချိန် ၃၀၀၀၀၊ ဒုတိယသုံးလဖြစ်သည့် ဇူလိုင်လမှ စက်တင်ဘာလအထိ တန်ချိန် ၁၅၀၀၀၊ တတိယသုံးလဖြစ်သည့် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ တန်ချိန်၂၀၀၀၀၊ ဘဏ္ဍာနှစ် နောက်ဆုံးသုံးလဖြစ်သည့် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိ တန်ချိန် ၃၅၀၀၀ တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ မြန်မာနိုင်ငံတွင် နှစ်စဉ် ကြက်သွန်နီ တန်ချိန် တစ်သန်းကျော်အထိ ထွက်ရှိနေပြီး ပြည်တွင်းဈေးကွက်အပြင် ပြည်ပဈေးကွက်များဖြစ်သည့် တရုတ်၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်နှင့် အမေရိကန်နိုင်ငံများသို့ အများဆုံး တင်ပို့ရောင်းချနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ကြက်သွန်နီကိုမန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံး စိုက်ပျိုးနေခြင်းဖြစ်ပြီး ယခုဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ကြက်သွန်နီ တန်ချိန် ရှစ်သောင်းကျော် တင်ပို့ရောင်းချပြီးဖြစ်ကြောင်း သိရသည်။

ပန်းဆု-စုစည်းသည်

# "ဒီနှစ်ပိုင်းမှာ နှစ်နိုင်ငံကုန်သွယ်ရေး ပိုမိုအရှိန်အဟုန် မြင့်လာမယ်လို့ ယုံကြည်ပါတယ်"

## မြန်မာနိုင်ငံဆိုင်ရာ Embassy of the People's Republic of China မှ Economic & Commerical Counsellor Tan Shufu နှင့် တွေ့ဆုံမေးမြန်းခြင်း

**မြန်မာနှင့် တရုတ်နိုင်ငံ နယ်စပ်တွင် မူဆယ်(၁၀၅)မိုင်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်၊ ကံပိုင်တည် စသည့်နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် ကုန်သွယ်လျက်ရှိသည်။ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် တည်ရှိသည့် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးစခန်းသည် မြန်မာနိုင်ငံ၏ အကြီးဆုံးစခန်းဖြစ်ပြီး မူဆယ်အပါအဝင် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးဂိတ်များမှ တစ်ဆင့် မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ရေထွက်ကုန်၊ ကုန်ခြောက် သစ်သီးဝလံနှင့် စိုက်ပျိုးရေးပစ္စည်းများအား အဓိကထားတင်ပို့သလို တရုတ်နိုင်ငံမှလည်း လယ်ယာသုံး စက်ကိရိယာ၊ ဓာတ်မြေသြဇာ၊ လျှပ်စစ်ပစ္စည်း၊ အိမ်ဆောက်ပစ္စည်း၊ ဆေးအမျိုးမျိုးတို့အား ပြန်လည်တင်သွင်းလျက်ရှိသည်။ ကိုဗစ်(၁၉) ရောဂါဖြစ်ပွားချိန်တွင်မူ တရုတ်နိုင်ငံ၏ ကိုဗစ်စည်းမျဉ်းစည်းကမ်းများအကြား နှစ်နိုင်ငံကုန်သွယ်ရေး နှောင့်နှေးကြန့်ကြာမှုများ ရှိခဲ့သည်။ သို့သော် ၂၀၂၃ ခုနှစ် နှစ်ဆန်းပိုင်းတွင် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးတွင် ကုန်သွယ်ရေးဂိတ်များ အပါအဝင် လူဝင်၊ လူထွက် ဂိတ်များကို ပြန်လည်ဖွင့်လှစ်ခဲ့သည်။ ယင်းနောက် တရုတ်နှစ်သစ်ကူးကာလအပြီး မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး အခြေအနေ ပြန်လည်ကောင်းမွန်လျက်ရှိသည်။ သို့ဖြစ်ရာ တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ကုန်သွယ်ရေး ဖြစ်ပေါ် တိုးတက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံဆိုင်ရာ Embassy of the People's Republic of China မှ Economic & Commerical Counsellor Tan Shufu နှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည်။**

**မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်ရေး ဖြစ်ပေါ် တိုးတက်မှု အခြေအနေ ပြောပြပေးပါဦး။**

တရုတ်-မြန်မာ နှစ်နိုင်ငံရဲ့ ကုန်သွယ်ရေး ရှေ့ဆက်အလားအလာအများကြီး ကောင်းပါတယ်။ ကုန်သွယ်တဲ့နေရာမှာလည်း အားသာချက်တွေ အများကြီးရှိပါတယ်။ ပထမဦးဆုံးအနေနဲ့ ပထဝီဝင်ဆိုင်ရာလည်း ဆက်စပ်နေပါတယ်။ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးလည်း ကာလကြာရှည်စွာ တည်ရှိပါတယ်။ တရုတ်နိုင်ငံရဲ့ ဈေးကွက်ကလည်း အရမ်းကြီးမားပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ အရည်အသွေးမြင့်မားတဲ့ လယ်ယာထွက်ကုန်က တရုတ်ဈေးကွက်ကို ဝင်ရောက်ဖို့ တရုတ်နိုင်ငံအစိုးရအနေနဲ့ ကြိုဆိုဖိတ်ခေါ်ပါတယ်။ မြန်မာနိုင်ငံထဲ တရုတ်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုဈေးကွက်က ကြီးမားပါတယ်။ ရင်းနှီးမြှုပ်နှံတဲ့အခါမှာလည်း တရုတ်နိုင်ငံရဲ့ ကုန်ပစ္စည်းတွေကို မြန်မာနိုင်ငံရဲ့ ဈေးကွက်ထဲကို ဝင်ရောက်တဲ့အတွက် အလုပ်အကိုင် အခွင့်အလမ်းများစွာ ဖန်တီးနိုင်ပါတယ်။ အဲဒါကြောင့် တရုတ်-မြန်မာ နှစ်နိုင်ငံရဲ့ ကုန်သွယ်ရေးဟာ အားသာမှုရှိတယ်လို့ ပြောနိုင်ပါတယ်။

**မြန်မာ-တရုတ် နှစ်နိုင်ငံရဲ့ နယ်စပ်ကုန်သွယ်ရေး အခြေအနေ ဘယ်လိုရှိနေပါသလဲ။**

တရုတ်နိုင်ငံရဲ့ စာရင်းအရ တရုတ်-မြန်မာ နှစ်နိုင်ငံရဲ့ ကုန်သွယ်ရေးပမာဏ ၂၀၂၂ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၆ သန်းရှိပြီး ပြီးခဲ့တဲ့ အလားတူကာလထက် ၃၅ ဒသမ ၀၅ ရာခိုင်နှုန်း တိုးမြင့်ခဲ့ပါတယ်။ တရုတ်နိုင်ငံက မြန်မာနိုင်ငံကို တင်ပို့သော ပို့ကုန်ပမာဏဟာ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၄၆၂ သန်းရှိပြီး ပြီးခဲ့တဲ့နှစ် အလားတူကာလထက် ၄၁ ဒသမ ၁၂ ရာခိုင်နှုန်း တိုးမြင့်ခဲ့ပါတယ်။ တရုတ်နိုင်ငံအနေနဲ့ အာဆီယံနဲ့ ကုန်သွယ်မှုဟာလည်း တိုးတက်လျက်ရှိပါတယ်။ တရုတ်-မြန်မာ နှစ်နိုင်ငံကုန်သွယ်ရေးပမာဏက တရုတ်-အာဆီယံ ကုန်သွယ်ရေးပမာဏရဲ့ ၂ ဒသမ ၅၈ ရာခိုင်နှုန်း ရှိပါတယ်။ အဆင့် (၇)နေရာမှာ တည်ရှိပါတယ်။ တရုတ်နိုင်ငံ က မြန်မာနိုင်ငံကို အဓိကပို့ကုန်ဟာ စက်မှုကုန်ချောပစ္စည်းပါတယ်။ အဓိကသွင်းကုန်ဟာ လယ်ယာထွက်ကုန်ပစ္စည်း၊ မွေးမြူရေးထွက်ကုန်ပစ္စည်းနဲ့ သတ္တု၊ သစ်တော ထွက်ကုန်ပစ္စည်းတွေ ဖြစ်ပါတယ်။ နယ်စပ်ကုန်သွယ်ရေးမှာ



**"တရုတ်နိုင်ငံက မြန်မာနိုင်ငံကို တင်ပို့သော ပို့ကုန်ပမာဏဟာ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၄၆၂ သန်းရှိပြီး ပြီးခဲ့တဲ့နှစ် အလားတူကာလထက် ၄၁ ဒသမ ၁၂ ရာခိုင်နှုန်း တိုးမြင့်ခဲ့ပါတယ်။ တရုတ်နိုင်ငံအနေနဲ့ အာဆီယံနဲ့ ကုန်သွယ်မှုဟာလည်း တိုးတက်လျက်ရှိပါတယ်။ တရုတ်-မြန်မာ နှစ်နိုင်ငံကုန်သွယ်ရေးပမာဏက တရုတ်-အာဆီယံ ကုန်သွယ်ရေးပမာဏရဲ့ ၂ ဒသမ ၅၈ ရာခိုင်နှုန်း ရှိပါတယ်။**

ဆိုရင် မြန်မာဘက်က အချက်အလက်တွေအရ ၂၀၂၂-၂၃ ဘဏ္ဍာနှစ် ဇန်နဝါရီ ၂၀ ရက်အထိ နှစ်နိုင်ငံကုန်သွယ်ရေးဟာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၃၂၄ ရှိပြီး အဲဒီထဲကမှ မြန်မာနိုင်ငံက တရုတ်နိုင်ငံကို ပို့ကုန်ပမာဏဟာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၁ ဘီလီယံ ဖြစ်ပါတယ်။ သွင်းကုန်ပမာဏဟာ အမေရိကန်ဒေါ်လာ သန်း ၃၈၀ ရှိပါတယ်။ မြန်မာနိုင်ငံက နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တရုတ်နိုင်ငံကို အဓိကပို့ကုန်ဟာ ကျောက်စိမ်းအမျိုးမျိုး၊ ဖရဲသီး၊ သခွားမွှေး၊ သရက်သီး၊ ပြောင်း၊ နာနတ် စတဲ့ လယ်ယာထွက်ကုန်ပစ္စည်းတွေ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ စက်မှုကုန်ပစ္စည်းကို တရုတ်နိုင်ငံရဲ့ ဈေးကွက်ထဲ ပိုမိုများပြားစွာ ဝင်ရောက်ဖို့ ယုံကြည်ပါတယ်။ မြန်မာနိုင်ငံရဲ့ သွင်းကုန်၊ ပို့ကုန်ပေါ်လစီတွေကို ပိုမိုကောင်းမွန်စွာ၊အဆင်ပြေစွာချမှတ်ဖို့ မျှော်လင့်ပါတယ်။ အထူးသဖြင့် နိုင်ငံခြားငွေထုတ်ယူခြင်း၊ ဒါမှမဟုတ် ပို့ကုန်သွင်းကုန်လိုင်စင် လျှောက်ထားခြင်း စတဲ့ ကဏ္ဍမှာ ပိုမိုချောမွေ့စေဖို့ တွန်းအားပေးရမှာဖြစ်ပါတယ်။

**ကိုဗစ်(၁၉) ကြောင့်ပိတ်ထားတဲ့ မြန်မာ-တရုတ် နယ်စပ်ဂိတ်တွေပြန်ဖွင့်ပြီးနောက် ကုန်သွယ်ရေး အခြေအနေ ဘယ်လိုရှိနေပါသလဲ။**

တရုတ်နိုင်ငံက ဇန်နဝါရီလ ၈ ရက်မှာ ကိုဗစ်(၁၉) ကာကွယ်ထိန်းချုပ်ရေးပေါ်လစီ နည်းနည်းလျှော့ချပြီးတော့ တရုတ်-မြန်မာ နှစ်နိုင်ငံရဲ့ နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်ပေးခဲ့ပါတယ်။ မူဆယ်-ရွှေလီ ကုန်သွယ်ရေးစခန်းရဲ့ လူဝင်လူထွက်နဲ့ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေး စတဲ့ဟာတွေ ပြန်ဖွင့်လှစ်ပေးခဲ့ပါတယ်။ မြန်မာနိုင်ငံဘက်ကလည်း ဇန်နဝါရီ ၁၃ ရက်နေ့မှာ ကုန်သွယ်ရေးစခန်းမှာ ကုန်သွယ်ရေးလုပ်ဆောင်နိုင်ဖို့ပြန်လည် ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ ၂၅ ရက်မှာ မြန်မာနိုင်ငံဘက်က လူဝင်လူထွက် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပါတယ်။ နှစ်နိုင်ငံရဲ့ ကုမ္ပဏီများကလည်း ကုန်သွယ်ရေးစခန်းရဲ့ ထိန်းချုပ်ရေး ပေါ်လစီ ပြောင်းလဲခြင်းကိုလည်း တော်တော်များများ ဝမ်းသာပါတယ်။ ဒီနှစ်ပိုင်းမှာ နှစ်နိုင်ငံကုန်သွယ်ရေး ပိုမိုအရှိန်အဟုန်မြင့်လာမယ်လို့ ယုံကြည်ပါတယ်။ ကိုဗစ်(၁၉) ကာကွယ်ထိန်းချုပ်ရေးပေါ်လစီ နည်းနည်းလျှော့ချလိုက်ပြီးနောက် နှစ်နိုင်ငံကုန်သွယ်ရေး အရှိန်အဟုန် ပိုပြီးမြင့်လာမယ်လို့ ထင်ပါတယ်။

**ဖြည့်စွက်ပြောချင်တာများရှိပါသလား။**

ကုန်သွယ်ရေးလုပ်တဲ့အခါမှာ သယ်ယူပို့ဆောင်ရေး၊ လုံခြုံရေး အလေးထားရပါတယ်။အထူးသဖြင့် နယ်စပ်ကုန်သွယ်ရေးလုပ်တဲ့ အခါမှာပေါ့။ အဲလိုလုပ်ကိုင်တဲ့နေရာမှာ အခက်အခဲလေးတွေရှိပါတယ်။ နယ်စပ်စခန်းနဲ့ ကုန်သွယ်ရေးဟာ ချောမွေ့တဲ့လမ်းကြောင်းဖြစ်ပါတယ်။ ဒါပေမဲ့ နယ်စပ်ကုန်သွယ်ရေးလုပ်တဲ့နေရာမှာ အဖွဲ့အစည်းတချို့ကို အခွန်ပေးရတာမျိုးလည်း ရှိလို့ တရုတ်-မြန်မာ ကုန်သွယ်ရေးကုမ္ပဏီများက ထိုင်းနိုင်ငံမှတစ်ဆင့် ကုန်ပစ္စည်းကုန်သွယ်ရေးလုပ်ရပါတယ်။ ဒါမှမဟုတ် လေကြောင်းလိုင်းနဲ့ ကုန်သွယ်ရေး လုပ်ရတယ်။ မီးရထားလမ်း သယ်ယူပို့ဆောင်ရေးလမ်းကြောင်းကို ပိုမိုလျင်မြန်စွာ တွန်းအားပေးရမှာဖြစ်ပါတယ်။ မီးရထားလမ်းနဲ့ ကုန်သွယ်ရေးလုပ်ရင် ကုန်းလမ်းနဲ့ ကုန်သွယ်ရေးလုပ်တာထက် ပိုမိုအဆင်ပြေစေတယ်လို့ ယုံကြည်နိုင်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်မှာ တရုတ်ကုမ္ပဏီတွေက မီးရထားလမ်းနဲ့ တရုတ်နိုင်ငံက မြန်မာနိုင်ငံရဲ့ ရန်ကုန်မြို့ကို သယ်ယူပို့ဆောင်ရေး လုပ်နိုင်တယ်လို့ စဉ်းစားပါတယ်။ ဒါပေမဲ့ တကယ့်လက်တွေ့ လုပ်ဆောင်တဲ့အခါမှာ မီးရထားလမ်းနဲ့ အဆင်မပြေခဲ့ပါဘူး။ ကားလမ်းကိုပဲ အဓိက အသုံးပြုရပါတယ်။



# လူတိုင်းအတွက် အသုံးတည့်သော ဆေးဖက်ဝင် ထန်းပင်

**ထွန်းနိုင်လင်း (ပြည်)**

### ထန်းပင်

ထန်းပင်များသည် ရုက္ခဗေဒအလိုအားဖြင့် ပါလဒေစီအီး သို့မဟုတ် ပါမီမျိုးရင်းတွင် ပါဝင်သည်။ ထိုမျိုးရင်း၌ အုန်းပင်၊ ထန်းပင်၊ ကွမ်းသီးပင်၊ ဓနိပင်၊ ပေပင်၊ စလူပင်၊ စွန်ပလွံပင်၊ ဆက်သွားဖူးပင်မှစ၍ အပင်မျိုးပေါင်း ၁၅၀၀ကျော်မျှရှိသည်။ ယင်းတို့သည် ထန်းပင်နှင့် မျိုးချင်းနီးစပ်သော ထန်းမျိုးများဖြစ်၍ အပူပိုင်းဒေသနှင့် အပူလျော့ပိုင်းဒေသ ဇာတိပင်မျိုးဖြစ်သည်။ ယင်းတို့ကို အာရှတိုက်၊ အာဖရိကတိုက်၊ အမေရိကတိုက်နှင့် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ကျွန်းများ၌ တွေ့ကြရသည်။ သမပိုင်းဇုန်များ၌ ပေါက်ရောက်သော ထန်းမျိုးလည်းရှိသေးသည်။

ထန်းမျိုးတို့သည် မိုးများသော အပူပိုင်းဒေသများ၌ အဖြစ်ထွန်းဆုံးဖြစ်၏။ ထန်းမျိုးဝင် အပင်များသည် ပင်စည်ရှည်မျောမျောရှိ၏။ အပင်၏ အမြင့်မှာ ပေ ၁၀၀ အထက် ရှိနိုင်သည်။ အကိုင်းအခက်အလက်များ ဖြာထွက်ခြင်းမရှိဘဲ အပင်ထိပ်၌သာ အကိုင်းအရွက်များ စု၍ထွက်တက်၏။ ကြွေကျသွားသော အရွက်များ၏ အရင်း၌ စက်ဝိုင်းကဲသို့ အရာထင်ကျန်ခဲ့၏။ ထန်းပင်များသည် အပွင့်ပွင့်၏။ အပွင့်တို့သည် အဖိုပွင့်၊ အမပွင့်ဟူ၍ ရှိပြီး အရွက်မှာလည်း ယပ်တောင်ပုံနှင့် ငှက်မွေးပုံရှိပါသည်။ ထန်းပင်နှင့် ပေပင်တို့၏အရွက်မှာ ယပ်တောင်ပုံဖြစ်သည်။ ထန်းမျိုး၏ အသီး၊ ပင်စည်နှင့် အရွက်တို့သည် လူတို့အဖို့ အလွန်အသုံးဝင်သော ပစ္စည်းများဖြစ်သည်။ မတ်လ၊ ဧပြီလများ၌ ထန်းပွင့်များပွင့်လေ့ရှိသည်။ ဒီဇင်ဘာလတွင်လည်း တစ်ဖန်ပွင့်ကြသေးသည်။ ထန်းသီးသည် အရွက်၏ အရင်း၌ ကပ်၍ အခိုင်လိုက်တွဲလျက်သီးသည်။

ထန်းသားသည် အတွင်းသားပျော့သော်လည်း အပြင်သားမှာမာကျောပြီး ရေထိလျှင် ပို၍ခိုင်ခံ့သောသဘောရှိ၍ အိမ်ဆောက်ရာတွင် တိုင်၊ ရေတံလျှောက်အဖြစ်လည်းကောင်း၊ လှေပြုလုပ်ရာတွင်လည်းကောင်း အသုံးပြုတတ်ကြသည်။ ထန်းရွက်များကို ယပ်တောင်၊ ဖျာ၊ တောင်း၊ ပလုံး၊ ဦးထုပ်များ ပြုလုပ်တက်ကြသလို အိမ်မိုးရာ၌လည်း အသုံးပြုတတ်ကြသည်။ ရွက်လယ်ကြောများကို တံမြက်စည်းအဖြစ်လည်း ပြုလုပ်ရောင်းချကြသည်။ ထန်းပင်၏ အလက်များကို ကုလားထိုင်များ၊ ထိုင်ခုံများ၊ စားပွဲများအဖြစ်လည်း ပြုလုပ်ရောင်းချကြသည်။

### ထန်းရည်

ထန်းရည် (Palm Wine) သည် ထန်းပင်မှ ထွက်ရှိလာသော အရည်ဖြစ်ပြီး သောက်သုံးနိုင်သည်။ ၎င်းအရည်ကို သောက်လျှင် ဆေးဖက်ဝင်သကဲ့သို့ လူကိုမူးဝေစေသည်။ ထန်းပင်ကို မြန်မာနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဂါနာနိုင်ငံနှင့် အာဖရိကဒေသတွင် အများဆုံး တွေ့ရသည်။ အဓိကအားဖြင့် မြန်မာနိုင်ငံရှိ မန္တလေးတိုင်းဒေသကြီးတွင် အများဆုံး တွေ့ရသည်။

"ထန်းရည်နဲ့ငါးပိ လူမသိစေနဲ့" ထိုစကားသည် ထန်းရည်၏ စွဲမက်ဖွယ်အရသာ ကောင်းမွန်မှုကို အမွှမ်းတင်သော စကား၊ ငါးပိသည်လည်း မြန်မာအများစု အလွန်နှစ်သက်သောကြောင့် ထမင်းဝိုင်းတွင် မပါမဖြစ်သောအရာ ထိုနှစ်ခုကို အမွှမ်းတင်တွဲစပ်ပြောလေ့ရှိခြင်းဖြစ်သည်။ ထို့ပြင် ထန်းရည်အကြောင်း တစ်ဖွဲ့တစ်နွဲ့ သီကုံးစပ်ဆိုထားသည့် သီချင်းများ၊ ကဗျာများပင်ရှိသည်။

ထန်းရည်ကို သောက်သုံးရန်၊ ထန်းလျက်၊ သကာပြုလုပ်ရန်အတွက် စီးပွားဖြစ် စိုက်ပျိုးကြသည်။ ထန်းရည်၌ အချို၊ အခါးဟူ၍ နှစ်မျိုးရှိသည်။ ထန်းရည်အချိုကိုသောက်လျှင် သကြားရည်ကဲ့သို့ ချို၏။ သို့သော် ရင်ခံတတ်သည်။ အခါးရည်ကို သောက်လျှင် အရသာခါး၍ အရက်ကဲ့သို့မူးယစ်စေသည်။ အချိုရည်သည်ကဇော်မပေါက်မီ ဆက်ကရင်သကြားပါသော အရည်တစ်မျိုးပင်ဖြစ်သည်။ ယင်းကို နေမွန်းတည့်ကျော်သည်အထိထားလျှင် အခါးရည်ဖြစ်သွားသည်။ လတ်ဆတ်သော အချိုရည်ကိုသောက်လျှင် ဝမ်းပျော့စေသည်။ ထန်းရည် ခံယူပုံမှာ ဦးစွာ အဖိုပွင့် သို့မဟုတ် အမပွင့် ပွင့်သောထန်းနို့ကို ထုချေပစ်ရ၏။

ထို့နောက် ထိပ်ဖျားကို ဓားဖြင့်လှီးဖြတ်ရ၏။ ထိုကဲ့သို့ နေ့စဉ်လှီးပေးခြင်းဖြင့် ထန်းနို့မှ ထန်းရည်များ လိုက်လာသည်။ ထန်းရည်ကို မြေအိုး(သို့)ဝါးကျည်တောက်ဖြင့် ခံယူကြသည်။ ထန်းရည်မှ ထန်းလျက်ကို ချက်ယူကြသည်။ ထန်းရည်ကို အဖိုပင်နှင့် အမပင် နှစ်မျိုးစလုံးမှ ရရှိသည်။ ထန်းရည် လှိုင်သောရာသီမှာ ဆောင်းတွင်းနှင့် နွေဦးပေါက်ရာသီဖြစ်သည်။ အမပင်များမှ ထန်းရည်ကို မိုးတွင်း၌ပင်လျှင်ရရှိနိုင်သည်။ အမပင်သည် အဖိုပင်ထက်ထန်းရည် တစ်ဆ(သို့)နှစ်ဆ ပိုထွက်သည်။

### ထန်းလျက်

ထန်းပင်မှရသော သန့်စင်ထားသည့် ထန်းရည်အချိုကို ဒယ်အိုးထဲသို့ထည့်ကာ မီးပြင်းပြင်းဖြင့် ပျစ်လာသည်အထိ ဆူပွက်အောင် ကျိုချက်ပေး၍ သမအောင်မွှေပေးရသည်။ အရည်ပျစ်၍ ထန်းလျက်သားတက်လာသည့်အခါ မီးဖိုပေါ်မှ ချပြီး မိမိလိုအပ်သည့် ပုံစံအတုံးများတုံးကာ အခြောက်ခံလျှင် ထန်းလျက်ခဲကိုရရှိသည်။ ဆီးမှုန့်၊ အုန်းသီး၊ နှမ်း၊ မြေပဲ စသည်တို့ဖြင့်လည်း ပြုလုပ်နိုင်သည်။ သဘာဝပစ္စည်းစစ်စစ်မှ ထုတ်လုပ်ထားသည့်အပြင် ဆေးဖက်ဝင်သောကြောင့် မြန်မာ့ထမင်းဝိုင်းတွင် အချိုတည်းစရာတစ်ခုအဖြစ် ရှေးကတည်းက တည်ရှိခဲ့ကာ လက်ရှိအချိန်အထိ လူကြီး၊ လူငယ်မရွေး အထူးကြိုက်နှစ်သက်စွာ စားသုံးလျက်ရှိသည့် အစားအစာတစ်ခုဖြစ်သည်။ ထန်းလျက်ကို ပြည်ပနိုင်ငံများကပါ ကြိုက်နှစ်သက်စွာ စားသုံးနေကြပြီဖြစ်သည်။

ထန်းလျက်တွင် သကြားထန်းလျက်၊ ထန်းသီးထန်းလျက်ဟူ၍ နှစ်မျိုးရှိပြီး သကြားထန်းလျက်မှာ အဖြူရောင်ကဲပြီး ထန်းရည်ဖြင့် ချက်သော ထန်းလျက်က အညိုရောင်အဆင်းရှိ၍ သကြားထန်းလျက်ထက် အချိုဓာတ်ပိုများသည်။ ထန်းလျက်သည် အစာကြေစနစ်ကို ကောင်းမွန်စေသော အစွမ်းရှိပြီး အစာကြေလွယ်စေသည်။ မန်ကျည်းသီးနှင့်ရောပြီး မန်ကျည်းဖျော်ရည်အဖြစ် စိမ်သောက်ပါက ခန္ဓာကိုယ်အတွင်းက အပူများကင်းစင်စေသည်။

ထန်းလျက်တွင် ကယ်လိုရီနှင့် ကာဗိုဟိုက်ဒရိတ်များက လူ့ခန္ဓာကိုယ်အတွက် လိုအပ်သော သတ္တုဓာတ်များ ပါဝင်နေသည်။ အော့အန်ခြင်း၊ ဝမ်းသွားခြင်းများကြောင့် ကိုယ်တွင်းရေဓာတ်ဆုံးရှုံးမှုဖြစ်ပါက ရေဓာတ်ပြန်လည်ဖြည့်တင်းစေရန် ထန်းလျက်ကို ရေနွေး သို့မဟုတ် ရေအေးဖြင့် သောက်ပေးပါက ကိုယ်တွင်းရေဓာတ်ကို ဖြည့်စေနိုင်သည်။

အချိုဓာတ်က ခန္ဓာကိုယ် အာဟာရပြည့်စေသလို ခွန်အားလည်းဖြစ်စေနိုင်သည်။ နံနက်ခင်းသောက်မည့်ဖျော်ရည် သို့မဟုတ် သောက်စရာတစ်ခုထဲသို့ ထန်းလျက်ကိုထည့်၍ သောက်ပေးမည်ဆိုလျှင် ခန္ဓာကိုယ်အတွက် ခွန်အားပြည့်ဝစေမည်ဖြစ်သည်။

ထန်းလျက်တွင် အကျိုးပြု အမျှင်ဓာတ်ပါဝင်နေခြင်းကြောင့် အူအတွင်းက အကျိုးပြုဘက်တီးရီးယားများကို အထောက်အပံ့ပေးပြီး သွေးအတွင်း သကြားဓာတ်ကို ထိန်းညှိပေးနိုင်သည်။ ထန်းလျက်တွင်ပါဝင်သော ဓာတ်တိုးဆန့်ကျင်ပစ္စည်းများမှာ ကင်ဆာဖြစ်စေသည့် အရာများကို တိုက်ဖျက်ပေးသလို ဗီတာမင် A နှင့် C တို့ ကြွယ်ဝစွာပါဝင်ခြင်းကြောင့် ကင်ဆာရောဂါကို ကာကွယ်နိုင်သည်။

အစားများပြီး မတည့်စာများကို စားမိသည့်အခါ ရင်ပြည့်ရင်ကယ် ဖြစ်ပါက ထန်းလျက်ကို စားပေးခြင်းဖြင့် ရင်ချောင်စေနိုင်သည်။ ထန်းလျက်ကို ပုံမှန်စားပေးခြင်းဖြင့် အစာကြေလွယ်ပြီး အစာခြေစနစ်ကို ကောင်းကောင်းလုပ်ဆောင်နိုင်စေခြင်းကြောင့် ဝမ်းချုပ်မှုကို သက်သာစေနိုင်သည်။

ထန်းလျက်တွင် ပိုတက်ဆီယမ်နှင့် ကယ်ဆီယမ်တို့လိုမျိုး ခန္ဓာကိုယ်အတွက်လိုအပ်သည့် သတ္တုဓာတ်များပါဝင်နေပြီး အရိုးနှင့် ကြွက်သားများကို သန်မာစေနိုင်သည်။ ခန္ဓာကိုယ်အပူချိန်ကို ထိန်းညှိပေးခြင်းနှင့် သဘာဝဓာတ်တိုးဆန့်ကျင် အာနိသင်များပါဝင်နေခြင်းကြောင့် ကိုယ်တွင်းအဆိပ်အတောက်များကို ဖယ်ရှားနိုင်သည်။

### ထန်းမြစ်

ထန်းမြစ်၏အရသာမှာ နုလွန်းလျှင် ခါးသက်သက်ဖြစ်တတ်ပြီး ရောင်းတမ်းဝင် အရွယ်ဆိုလျှင် စားကောင်းပြီး ထူးဆန်းသည့် အရသာမျိုးဖြစ်သည်။ ထန်းမြစ်ကိုပြုတ်၍လည်းကောင်း၊ ကြော်၍လည်းကောင်း၊ မီးဖုတ်၍လည်းကောင်း စားသုံးနိုင်သည်။ ထန်းမြစ်ကို မီးဖုတ်၍ စားသုံးပါက အနံ့ပိုမွှေးပြီး ဆီ၊ ဆားတို့ဖြင့်နယ်၍ ရေနွေးကြမ်းဝိုင်းအတွက် အမြည်းကောင်းတစ်ပွဲဖြစ်သည်။

ထို့ကြောင့် ထန်းပင်၊ ထန်းလက်၊ ထန်းရွက်၊ ထန်းမြစ်၊ ထန်းရည်နှင့် ထန်းလျက်တို့က လူသားများအတွက် ဘက်စုံအသုံးဝင်သလို ကျန်းမာရေးအတွက်လည်း အထောက်အကူဖြစ်စေနိုင်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။

♦

## တညင်းကုန်း လက်ကားဈေးကြီးတွင် ရက်သတ္တပတ်အတွင်း ရောင်းချနေသော ကုန်ဈေးနှုန်းအခြေအနေ

အင်းစိန်မြို့နယ်ရှိ တညင်းကုန်း လက်ကားဈေးကြီးအတွင်းသို့ ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၁ ရက်အတွင်း ညောင်တုန်း၊ မှော်ဘီ၊ သာရဝေါ၊ ညောင်နှစ်ပင်ကျေးရွာ၊ ကြာကန်စုကျေးရွာ၊ နေပြည်တော်၊တပ်ကုန်း၊ရွှေဒါး၊ မင်္ဂလာဒုံ၊ အင်းစိန်၊ ခရမ်း၊ သုံးခွ၊ ပြည်၊ လက်ပံတန်း၊ မင်းလှ၊ ဝါးနက်ချောင်း၊ မော်လမြိုင်၊ မန္တလေး၊ အုတ်ဖိုနှင့် ရှမ်းပြည်နယ်တို့မှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များ အများဆုံး ဝင်ရောက်ရောင်းချနေကြောင်း သိရှိရသည်။



ထိုသို့ဝင်ရောက်ရာတွင် ယခုရက်သတ္တပတ်အတွင်း ခရမ်းချဉ်သီး ထိုင်ဝမ်(ပိဿာ)ကျပ် ၁၂၀၀ မှ ၁၆၀၀ အတွင်း၊ ဂေါ်ဖီထုပ် (တစ်ထုပ်)ကျပ် ၅၀၀ မှ ၁၃၀၀ အတွင်း၊ ပန်းဂေါ်ဖီ(ထုပ်)ကျပ် ၃၀၀ မှ ၁၀၀၀ အတွင်း၊ အာလူး(ပိဿာ)ကျပ် ၂၃၀၀ မှ ၂၅၀၀ အတွင်း၊ မုန်လာဥနီ(ပိဿာ) ကျပ် ၁၀၀၀ မှ ၂၀၀၀ အတွင်း ရွှေဖရုံသီး(လုံး)ကျပ် ၁၀၀၀ မှ ၅၀၀၀ အတွင်း၊ ဘူးသီး(လုံး) ကျပ် ၇၀၀ မှ ၁၅၀၀ အတွင်း၊ မုန်ညင်း(ထုပ်)(ပိဿာ) ကျပ် ၁၂၀၀ မှ ၂၂၀၀ အတွင်း၊ ကြက်သွန်နီ(ဆိပ်ဖြူ) ကျပ် ၁၂၀၀ မှ ၁၆၀၀အတွင်း၊ ကြက်သွန်ဖြူ(ရှမ်း)(ပိဿာ)ကျပ် ၅၀၀၀ မှ ၆၀၀၀ အတွင်း၊ ကြက်သွန်ဖြူ(ကြူကုတ်) (ပိဿာ) ကျပ် ၃၆၀၀ မှ ၃၈၀၀ အတွင်း၊ ချင်း(ပိဿာ)ကျပ် ၁၅၀၀မှ ၁၈၀၀အတွင်း၊ ဆလတ်ရွက်(စည်း) ကျပ် ၁၀၀ မှ ၂၀၀ အတွင်း၊ ချဉ်ပေါင်ရွက်(စည်း) ကျပ် ၆၅ မှ ၁၀၀ အတွင်း၊ ခရမ်းသီး (ရှည်)(ပိဿာ)ကျပ် ၈၀၀ မှ ၁၈၀၀ အတွင်း၊ သံပရာသီး(လုံး)ကျပ် ၈၅ မှ ၂၀၀ အတွင်း၊ ငရုတ်သီးစိမ်း(ကျောက်စိမ်း) (ပိဿာ) ကျပ် ၁၆၀၀ မှ ၂၀၀၀ အတွင်း၊ ဖရဲသီး (အကြီး၊ အလတ်၊ အသေး)ကျပ် ၁၅၀၀ မှ ၁၀၀၀၀ အတွင်းဖြစ်ကြောင်း သိရှိရသည်။

တညင်းကုန်း လက်ကားဈေးကြီးအတွင်းသို့ ယခုရက်သတ္တပတ်အတွင်း သံပရာသီး အလုံးပေါင်း ၁၈၃၃၀၀ ကျော်၊ ခရမ်းသီး(ရှည်) (ပိဿာ) ၃၃၇၈၀ ကျော်၊ ဘူးသီးအလုံးပေါင်း ၅၄၆၀ ကျော်၊ ရွှေဖရုံသီးအလုံးပေါင်း ၆၀၀ ကျော်၊ ဂေါ်ဖီထုပ်ပေါင်း၃၀၈၀၀ကျော်၊ ပန်းဂေါ်ဖီထုပ်ပေါင်း၁၇၅၀၀ ကျော်၊ မုန်ညင်းထုပ်(ပိဿာ)ပေါင်း ၇၅၀၀ ကျော်၊ ဖရဲသီးလုံးပေါင်း ၁၃၂၀၀ ကျော် အသီးသီး ကုန်အဝင်ရှိကြောင်း သိရသည်။

**မြင့်မြင့်စန်း**
**(ရန်ကုန်)**

## သိမ်ဖြူဈေးတွင် ဖြစ်ပေါ်နေသော ကြက်သွန်ဖြူ/နီ လက်ကားဈေး

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူဈေးကြီးအတွင်း ကြက်သွန်ဖြူ ကြက်သွန်နီများအား ကား၊ ရထားတို့ဖြင့် ဘုရင့်နောင်ကုန်စည်ဒိုင်နှင့် ရှမ်းပြည်နယ်တို့မှ နေ့စဉ်ဝင်ရောက်လျက်ရှိသည်။

လက်လီလက်ကား ပြန်လည် ရောင်းချလျက်ရှိရာ ဇန်နဝါရီ ၂၆ ရက်မှ ဖေဖော်ဝါရီ ၁ ရက်ထိ ကြက်သွန်နီ(ဆိပ်ဖြူ) အဝင် ၃၄၁၀၀ ပိဿာနှင့် ကြက်သွန်ဖြူ(ကြူကုတ်) ၁၁၂၀၀ ပိဿာ ဝင်ရောက်ခဲ့ပြီး ကြက်သွန်နီ(ဆိပ်ဖြူ)လက်ကားဈေးမှာ တစ်ပိဿာလျှင် ကျပ် ၂၀၀၀မှ ကျပ် ၂၄၀၀ထိဖြစ်၍ ကြက်သွန်ဖြူ(ကြူကုတ်)လက်ကားဈေးမှာ တစ်ပိဿာလျှင် ကျပ် ၃၅၀၀ မှ ကျပ် ၃၈၀၀ ထိ၊ ၃-၂-၂၀၂၃ ရက်မှ ၈-၂-၂၀၂၃ ရက်ထိ ကြက်သွန်နီ(ဆိပ်ဖြူ)အဝင် ၃၅၁၀၀ ပိဿာနှင့် ကြက်သွန်ဖြူ(ကြူကုတ်) ၁၁၀၀၀ ပိဿာ ဝင်ရောက်ခဲ့ပြီး ကြက်သွန်နီ (ဆိပ်ဖြူ) လက်ကားဈေးမှာ တစ်ပိဿာလျှင် ကျပ် ၁၈၀၀ မှ ကျပ် ၂၀၀၀ ထိဖြစ်၍ ကြက်သွန်ဖြူ(ကြူကုတ်) လက်ကားဈေးမှာ တစ်ပိဿာလျှင် ကျပ် ၃၄၀၀ မှ ကျပ် ၃၇၀၀ ထိရှိခဲ့ပြီး ဖေဖော်ဝါရီ ဒုတိယပတ်တွင် ကြက်သွန်နီ (ဆိပ်ဖြူ) အဝင် ၃၅၇၀၀ ပိဿာနှင့် ကြက်သွန်ဖြူ(ကြူကုတ်) ၁၀၅၀၀ ပိဿာ ဝင်ရောက်ခဲ့ပြီး ကြက်သွန်နီ (ဆိပ်ဖြူ) လက်ကားဈေးမှာ တစ် ပိဿာလျှင် ကျပ် ၁၂၀၀ မှ ကျပ် ၁၅၀၀ထိဖြစ်၍ ကြက်သွန်ဖြူ (ကြူကုတ်) လက်ကားဈေးမှာ တစ်ပိဿာလျှင် ကျပ် ၃၆၀၀ မှ ကျပ် ၃၇၀၀၊ ဖေဖော်ဝါရီ တတိယပတ်တွင် ကြက်သွန်နီ (ဆိပ်ဖြူ)အဝင် ၃၄၇၀၀ ပိဿာနှင့် ကြက်သွန်ဖြူ(ကြူကုတ်) ၁၀၀၀၀ ပိဿာ ဝင်ရောက်ခဲ့ပြီး ကြက်သွန်နီ (ဆိပ်ဖြူ) လက်ကားဈေးမှာ တစ် ပိဿာလျှင် ကျပ် ၁၂၀၀ မှ ကျပ် ၁၅၀၀ ထိဖြစ်၍ ကြက်သွန်ဖြူ(ကြူကုတ်) လက်ကားဈေးမှာ တစ်ပိဿာလျှင် ကျပ် ၃၆၀၀ မှ ကျပ် ၃၇၀၀ ဖြစ်ပြီး ကြက်သွန်နီအသစ်များ လှိုင်လှိုင်ပေါ်၍ အဝင်များပြီး ဈေးနှုန်းများ ဆက်လက်ကျဆင်းလျက်ရှိကြောင်း သိရသည်။

**နှင်းနွယ် (DOCAYGN)**

## သီရိမင်္ဂလာဈေးရှိ သစ်သီးဝလံဈေးနှုန်းများ

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် သီရိမင်္ဂလာဈေးတွင် ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၁ ရက်အထိ ဖြစ်ပေါ်ခဲ့သော သစ်သီးဝလံဈေးနှုန်းများမှာ ပြင်ဦးလွင်မှ စတော်ဘယ်ရီ အလုံးကြီးတစ်ခြင်း ငါးပိဿာပါ ကျပ် ၂၈၀၀၀၊ ပြင်ဦးလွင်မှ စတော်ဘယ်ရီ အလုံးကြီး တစ်ဘူး ၁၈ ကျပ်သားပါ ကျပ် ၁၂၀၀၊ တွံတေး၊ ပန်းတိုင် (လှိုင်သာယာ)မှ သခွမသီး အလုံးကြီးတစ်ခြင်း အလုံး ၂၅ မှ ၃၅ ပါ ကျပ် ၁၈၀၀၀၊ အလုံးလတ် အလုံး ၄၀ မှ ၄၅ ပါ ကျပ် ၁၇၀၀၀၊ အလုံးသေး အလုံး ၆၀ မှ ၉၀ ပါကျပ် ၁၅၀၀၀၊ သီပေါမှ နာနတ်သီး အလုံးကြီး ကျပ် ၁၂၀၀၊ အလုံးလတ် ကျပ် ၁၀၀၀၊ အလုံးသေး ကျပ် ၈၀၀ တို့ဖြစ်သည်။

ထို့ပြင် မှော်ဘီ၊ တိုက်ကြီးမှ မာလကာသီး အလုံးကြီး ကျပ် ၆၀၀၊ အလုံးလတ် ကျပ် ၅၀၀ မှ ၄၀၀၊ အလုံးသေး ကျပ် ၃၀၀၊ မြစ်သား မှ ပဲမြစ် တစ်ပိဿာ အလုံးကြီး ကျပ် ၂၅၀၀၊ အလုံးလတ် ကျပ် ၂၀၀၀၊ အလုံးသေး ကျပ် ၁၅၀၀၊ ပဲခူး (ဘုရားကြီး) မှ စိမ်းစားဥ အလုံးကြီးတစ်တွဲ ကျပ် ၇၀၀၊ အလုံးလတ် ကျပ်၆၀၀၊ မော်လမြိုင်မှကျွဲကောသီး အလုံးကြီး ကျပ် ၂၅၀၀မှ၁၅၀၀၊ အလုံးလတ် ကျပ်၁၂၀၀ မှ ၁၀၀၀၊ အလုံးသေး ကျပ် ၈၀၀ မှ ၅၀၀၊ အင်းမ၊ ခရမ်းမှ ဖရဲသီး (855)အလုံးကြီး ကျပ် ၁၃၅၀၀၊ အလုံးလတ် ကျပ် ၁၀၀၀၀၊ အလုံးသေး ကျပ် ၉၀၀၀ မှ ၇၀၀၀၊ ခရမ်း၊ ရေကြည်မှ ဖရဲသီး(211)အလုံးကြီး ကျပ် ၄၈၀၀၊ အလုံးလတ် ကျပ် ၃၅၀၀၊ အလုံးသေး ကျပ် ၂၅၀၀ မှ ၁၅၀၀၊ ဆင်ဖြူကျွန်းမှ ဆီးသီး(စလေ) အလုံးကြီးတစ်ခြင်း ရှစ်ပြည်ပါ ကျပ် ၁၁၀၀၀၊ ပြည်မှ ဆီးသီး (အချဉ်) အလုံးကြီးတစ်ခြင်း ၁၃ပြည်ပါ ကျပ် ၁၃၀၀၀ ဈေးတို့ရှိကြောင်း သီရိမင်္ဂလာဈေးရှိ မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (MFVP) မှ သိရှိရသည်။

STDT(Yangon)


**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

**မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန** (Myanmar International Trade Center)၊ **ဖုန်း-၀၁ ၃၈၅၃၂၃** **အီးမေးလ်**-mitcmyantrade@gmail.com
**အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန** **ဖုန်း-၀၁ ၉၆၆၉၉၅၉** **အီးမေးလ်**-mhcyangon@gmail.com

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC)**
**စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

(၁) ရန်ကုန်တိုင်းဒေသကြီး — ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com
(၂) ပဲခူးတိုင်းဒေသကြီး(အနောက်) — ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020
(၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) — ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036
(၄) ဧရာဝတီတိုင်းဒေသကြီး — ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com
(၅) မန္တလေးတိုင်းဒေသကြီး — မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com
(၆) ရခိုင်ပြည်နယ် — စစ်တွေမြို့။ Fax:043-23426,Ph:043-23426
(၇) မကွေးတိုင်းဒေသကြီး — အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197
(၈) ရှမ်းပြည်နယ်(တောင်ပိုင်း) — အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com
(၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) — ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034
(၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) — အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039
(၁၁) ကရင်ပြည်နယ် — ဘားအံမြို့။ Fax:058-21666,Ph:058-21041
(၁၂) တနင်္သာရီတိုင်းဒေသကြီး — ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012
(၁၃) ကချင်ပြည်နယ် — အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459
(၁၄) ကယားပြည်နယ် — (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com
(၁၅) မွန်ပြည်နယ် — အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318
(၁၆) စစ်ကိုင်းတိုင်းဒေသကြီး — သာစည်လမ်း၊ ဒေါနဖြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924

# စစ်တွေမြို့ မြို့မဈေး၌ အရောင်းအဝယ်ဖြစ်ပေါ်နေသော ကုန်ဈေးနှုန်းအခြေအနေ



ဖေဖော်ဝါရီလ တတိယပတ်အတွင်း ရခိုင်ပြည်နယ် စစ်တွေမြို့ မြို့မဈေး၌ ဆန်ဈေးနှုန်း မြင့်တက်လာပြီး စားဖိုဆောင်သီးနှံဈေးနှုန်းများ အနည်းငယ်ကျဆင်းလာကြောင်း ဈေးဆိုင်များအား ကွင်းဆင်းမေးမြန်းမှုအရ သိရသည်။

ဖေဖော်ဝါရီလ ဒုတိယပတ်တွင် ပေါ်ဆန်း(အသစ်)ဆန် ၂၄ ပြည်ပါတစ်အိတ်လျှင် ကျပ် ၆၇၀၀၀ မှ ၆၈၀၀၀၊ ဧည့်မထ ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၅၄၀၀၀ မှ ၅၅၀၀၀၊ ငစိန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၅၁၀၀၀ မှ ၅၂၀၀၀ ဈေးနှုန်းဖြစ်ပေါ်ခဲ့ပြီး စားဖို ဆောင်သီးနှံများဖြစ်သော ကြက်သွန်နီ ၁၀ ပိဿာ တစ်အိတ်လျှင် ကျပ် ၁၇၀၀၀ မှ ၁၈၀၀၀၊ ကြက်သွန်ဖြူ(ရှမ်း) ၁၀ ပိဿာ တစ်အိတ်လျှင်ကျပ် ၇၁၀၀၀ မှ ၇၂၀၀၀၊ ကြက်သွန်ဖြူ(ကြူကုတ်) ၁၀ ပိဿာ တစ်အိတ်လျှင် ကျပ် ၄၉၀၀၀ မှ ၅၀၀၀၀၊ ချင်း တစ်ပိဿာ ကျပ် ၂၆၀၀ မှ ၂၈၀၀ အတွင်း၊ ဂေါ်ဖီထုပ်(တစ်ထုပ်) ကျပ် ၁၀၀၀ မှ ၁၂၀၀ အတွင်း၊ ပန်းဂေါ်ဖီ (တစ်ပွင့်) ကျပ် ၇၀၀ မှ ၁၀၀၀ အတွင်း၊ ခရမ်းသီး (တစ်ပိဿာ) ကျပ် ၁၂၀၀ မှ ၁၃၀၀ အတွင်း လက်ကားဈေးတို့ဖြင့် အရောင်းအဝယ်ဖြစ်ပေါ်ခဲ့ကြောင်း၊ ဆိုင်ခန်းဈေးသည်များနှင့် ပွဲရုံဈေးသည်များထံမှ သိရှိရသည်။

ဖေဖော်ဝါရီလ တတိယပတ်တွင် ပေါ်ဆန်း(အသစ်)ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၇၂၀၀၀ မှ ၇၄၀၀၀၊ ဧည့်မထ ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၅၉၀၀၀ မှ ၆၁၀၀၀၊ ငစိန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၅၃၀၀၀ မှ ၅၅၀၀၀ အတွင်း စားဖိုဆောင်သီးနှံများဖြစ်သော ကြက်သွန်နီ ၁၀ ပိဿာ တစ်အိတ်လျှင် ကျပ် ၁၆၀၀၀ မှ ၁၇၀၀၀ အတွင်း၊ ကြက်သွန်ဖြူ(ရှမ်း) ၁၀ ပိဿာ တစ်အိတ် ကျပ် ၆၉၀၀၀ မှ ၇၁၀၀၀ အတွင်း၊ ကြက်သွန်ဖြူ(ကြူကုတ်) ၁၀ ပိဿာ တစ်အိတ် ကျပ် ၄၆၀၀၀ မှ ၄၈၀၀၀၊ ချင်း တစ်ပိဿာ ကျပ် ၂၅၀၀ မှ ၂၆၀၀ အတွင်း၊ ဂေါ်ဖီထုပ်(တစ်ထုပ်) ကျပ် ၈၀၀ မှ ၁၀၀၀ အတွင်း၊ ပန်းဂေါ်ဖီ (တစ်ပွင့်) ကျပ် ၆၀၀ မှ ၉၀၀ အတွင်း၊ ခရမ်းသီး (တစ်ပိဿာ) ကျပ် ၈၀၀ မှ ၁၀၀၀ အတွင်း လက်ကားဈေးတို့ဖြင့် အရောင်းအဝယ် ဖြစ်ပေါ်လျက်ရှိသည်။ ဒုတိယပတ်ထက် ဆန်ဈေးနှုန်းမြင့်တက်မှု ဖြစ်ပေါ်ခဲ့ခြင်းမှာ ပေါ်ဆန်းဆန်များကို ပြည်မသို့ အရောင်းအဝယ်ဖြစ်ပေါ်နေပြီး စားဖိုဆောင်သီးနှံများမှာ ဈေးနှုန်း အနည်းငယ် ကျဆင်းကာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ဈေးဆိုင်၊ ပွဲရုံများထံမှ သိရသည်။

**သတင်း/နည်းပညာဌာနခွဲ၊ စားသုံးသူရေးရာဦးစီးဌာန**

# မွန်ပြည်နယ်မှ ထွက်ရှိသည့် ငါးခြောက်နှင့် ဈေးနှုန်းအခြေအနေ

မွန်ပြည်နယ် ကျိုက္ခမီမြို့နယ်နှင့် ရေးမြို့နယ်တို့မှ ထွက်ရှိသည့် ငါးခြောက်များမှာ ငါးနှပ်ခြောက် (အာပြဲခြောက်)၊ ငါးပုပ်ခြောက်၊ ငါးနီတူခြောက်၊ ငါးလိပ်ကျောက်ခြောက်၊ ငါးရွှေခြောက်၊ ငါးအူမြင်းခြောက်၊ ငါးကွင်းဆက်ခြောက်၊ ငါးတံခွန်ခြောက် (အကောင်သေး)၊ ငါးတံခွန်ခြောက်ခွဲခြမ်း၊ ငါးဖောင်ရိုးခြောက်၊ ငါးစရိုင်းခြောက်၊ ပုစွန်ခြောက် (အကြီး)၊ ပုစွန်ခြောက်(အလတ်)၊ ပုစွန်ခြောက် (အသေး)၊ ပုစွန်ခြောက်အခွံပါ အမှုန့်ခြောက်တို့ဖြစ်သည်။

ဈေးနှုန်းများမှာ ငါးနှပ်ခြောက်(အာပြဲခြောက်)တစ်ပိဿာ ကျပ် ၂၆၀၀၀၊ ငါးပုတ်ခြောက် တစ်ပိဿာ ကျပ် ၂၅၀၀၀၊ ငါးနီတူခြောက် တစ်ပိဿာ ကျပ် ၁၅၀၀၀၊ ငါးလိပ်ကျောက်ခြောက် တစ်ပိဿာ ကျပ် ၂၄၀၀၀၊ ငါးရွှေခြောက် တစ်ပိဿာ ကျပ် ၁၄၀၀၀၊ ငါးအူမြင်းခြောက် တစ်ပိဿာ ကျပ် ၂၀၀၀၀၊ ငါးကွင်းဆက်ခြောက် တစ်ပိဿာ ကျပ် ၃၀၀၀၀၊ ငါးတံခွန်ခြောက်အကောင်သေး တစ်ပိဿာ ကျပ် ၈၀၀၀၊ ငါးတံခွန်ခြောက်ခွဲခြမ်း တစ်ပိဿာ ကျပ် ၁၂၀၀၀၊ ငါးဖောင်ရိုးခြောက် တစ်ပိဿာ ကျပ် ၁၈၀၀၀ ငါးစင်ရိုင်းခြောက် တစ်ပိဿာ ကျပ် ၂၀၀၀၀၊ ပုစွန်ခြောက် (အကြီး) တစ်ပိဿာ ကျပ် ၅၀၀၀၀၊ ပုစွန်ခြောက် (အလတ်) တစ်ပိဿာ ကျပ် ၃၅၀၀၀၊ ပုစွန်ခြောက်(အသေး)တစ်ပိဿာ ကျပ် ၂၅၀၀၀၊ ပုစွန်ခြောက် အခွံပါအမှုန့်ခြောက် တစ်ပိဿာ ကျပ် ၁၁၀၀၀ ဖြစ်ကြောင်း သိရသည်။

**ခင်ကြည် (မွန်ပြည်နယ်)**



## မြိတ်မြို့ ဆန်ကုန်စည်ဈေးနှုန်းများ

| စဉ် | အမျိုးအမည် | ဈေးနှုန်းနှိုင်းယှဉ်ချက် | | တက်/ကျ/ငြိမ် (ကျပ်) | |
|---|---|---|---|---|---|
| | | ၂၅.၁.၂၀၂၃ | ၂၃-၂-၂၀၂၃ | | |
| | ဆန်တစ်အိတ်(အသစ်) | | | | |
| ၁ | ရွှေဘိုပေါ်ဆန်း | ၈၂၀၀၀ | ၉၀၀၀၀ | ↑ | ၈၀၀၀ |
| ၂ | ဖျာဘုံပေါ်ဆန်း | ၆၈၀၀၀ | ၈၀၀၀၀ | ↑ | ၁၂၀၀၀ |
| ၃ | ပေါ်ကျွဲ | ၅၈၀၀၀ | ၆၈၀၀၀ | ↑ | ၁၀၀၀၀ |
| ၄ | စူပါဧည့်မထ | ၅၂၀၀၀ | ၆၃၀၀၀ | ↑ | ၁၁၀၀၀ |
| ၅ | ဧည့်မထ | ၄၇၀၀၀ | ၅၇၀၀၀ | ↑ | ၁၀၀၀၀ |



# မြင်းခြံမြို့နယ်တွင် ရောင်းချနေသော အခြေခံစားကုန်များ၏ ဈေးနှုန်းများ

မြင်းခြံခရိုင် မြင်းခြံမြို့နယ် အေးမြသီတာဈေးအတွင်း ဖေဖော်ဝါရီ တတိယပတ်အတွင်းဖြစ်ပေါ်ခဲ့သော အခြေခံစားကုန်များ၏ လက်လီဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်း(ဟောင်း) တစ်ပြည်လျှင် ကျပ် ၃၈၀၀၊ (အသစ်)တစ်ပြည်လျှင် ကျပ် ၃၂၀၀ ကျပ်၊ မဂျမ်းတော(ဟောင်း)တစ်ပြည်လျှင် ကျပ် ၃၆၀၀၊ (အသစ်)တစ်ပြည်လျှင် ကျပ် ၃၁၀၀၊ ပုသိမ်ပေါ်ဆန်း(ဟောင်း)တစ်ပြည်လျှင် ကျပ် ၃၃၀၀ ၊ မနောသုခ တစ်ပြည်လျှင် ကျပ် ၂၄၀၀၊ ကုလားပဲခြမ်း တစ်ပြည်လျှင် ကျပ် ၅၂၀၀၊ ပဲနီပြား တစ်ပြည်လျှင် ကျပ် ၄၀၀၀၊ ကြက်ဥတစ်လုံးလျှင် ၂၀၀၊ ၂၅၀ ကျပ်၊ ဘဲဥတစ်လုံးလျှင် ၃၀၀၊ ၃၅၀ ကျပ်၊ သားငါးဈေးများအနေဖြင့် ငါးကြင်းရွှေဝါ တစ်ပိဿာလျှင် ကျပ် ၅၀၀၀၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ကျပ် ၇၀၀၀၊ ငါးခူတစ်ပိဿာလျှင် ကျပ် ၆၀၀၀၊ ၉၀၀၀၊ ငါးမြင်းတစ်ပိဿာလျှင် ကျပ် ၆၀၀၀၊ ရေချိုပုစွန် တစ်ပိဿာလျှင် ကျပ် ၂၂၀၀၀၊ ကြက်သား(CP)အကောင်လိုက် တစ်ပိဿာလျှင် ကျပ် ၈၅၀၀၊ ရင်ပုံသား တစ်ပိဿာလျှင် ကျပ် ၁၂၀၀၀၊ ပေါင်သား တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀၊ ဗမာကြက် တစ်ပိဿာလျှင် ကျပ် ၁၃၀၀၀၊ ဝက်သားတစ်ပိဿာလျှင် ကျပ် ၁၃၀၀၀၊ ၁၅၀၀၀၊ အမဲသား တစ်ပိဿာလျှင် ကျပ် ၁၂၀၀၀၊ ၁၅၀၀၀၊ ဆိတ်သားတစ်ပိဿာလျှင် ကျပ် ၂၅၀၀၀ များဖြင့် ရောင်းဝယ်နေကြကြောင်း သိရှိရသည်။

မိုးကြက်သွန်နီ လက်လီဈေးနှုန်းများအနေဖြင့် အကြီးတစ်ပိဿာလျှင် ကျပ် ၁၅၀၀၊ အလတ် တစ်ပိဿာလျှင် ကျပ် ၁၃၀၀၊ အသေးတစ်ပိဿာလျှင် ကျပ် ၈၀၀၊ ၁၀၀၀၊ ကြက်သွန်ဖြူလက်လီတစ်ပိဿာဈေးနှုန်းများမှာ ဗမာ တစ်ပိဿာလျှင် ကျပ် ၄၀၀၀၊ ၄၅၀၀၊ ကြူကုတ်တစ်ပိဿာလျှင် ကျပ် ၅၀၀၀၊ ၅၅၀၀၊ ရှမ်းကြက်သွန်ဖြူ တစ်ပိဿာလျှင် ကျပ် ၄၅၀၀၊ ၅၀၀၀၊ ချင်းတစ်ပိဿာလျှင် ကျပ် ၁၂၀၀၊ ၁၅၀၀၊ ငရုတ်သီးခြောက် တစ်ပိဿာလျှင် ကျပ် ၁၆၀၀၀၊ ၁၈၀၀၀၊ အာလူးတစ်ပိဿာလျှင် ကျပ် ၂၅၀၀၊ ၃၀၀၀၊ ခရမ်းချဉ်သီးတစ်ပိဿာလျှင် ကျပ် ၁၀၀၀၊ ၁၈၀၀၊ စားသုံးဆီဈေးနှုန်းများအနေဖြင့် ပဲဆီသန့်တစ်ပိဿာလျှင် ကျပ် ၁၁၀၀၀၊ ၁၂၀၀၀၊ နှမ်းဆီ တစ်ပိဿာလျှင် ကျပ် ၁၁၀၀၀၊ စားအုန်းဆီတစ်ပိဿာလျှင် ကျပ် ၆၈၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရသည်။

**ဝင်းထွန်းဦး**

# မန္တလေးကုန်စည်ဒိုင်၏ ကုလားပဲ ဈေးနှုန်းမြင့်တက်လာ

ဖေဖော်ဝါရီလ တတိယပတ်အတွင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်တွင် ပဲမျိုးစုံ အရောင်းအဝယ်ဖြစ်လျက်ရှိရာ ကုလားပဲအုပ်စုအနေဖြင့် ပြည်တွင်းသုံးစွဲမှု မြင့်မားလာကာ၊ ပြည်ပပို့ကုန်သမားများ ဝယ်ယူနေခြင်း၊ ပြည်တွင်းပဲခွဲစက်များ အဝယ်လိုက်နေခြင်း၊ ပို့ကုန်ပဲများကို တရုတ်နှင့် အိန္ဒိယမှ ဝယ်ယူနေသောကြောင့် ဈေးမြင့်လာခြင်းနှင့်အတူ ပြည်တွင်းသုံးပဲများလည်း ဈေးကောင်းရရှိနေကြောင်း မန္တလေးကုန်စည်ဒိုင် ဈေးကွက်မှသိရသည်။


ကုလားပဲဖြူလုံးကြီး (V-2) ၅၆. ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၁၈၈၀၀၀ မှ ယခင်တစ်ပတ် ကျပ် ၁၈၅၀၀၀ မှ ၁၈၆၀၀၀၊ ယခင်လ ကျပ် ၁၈၄၀၀၀ မှ ၁၈၅၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၀၀၀ မှ ၃၀၀၀၊ ယခင်လထက် ကျပ် ၃၀၀၀ မှ ၄၀၀၀ မြင့်တက်လာသည်။

ကုလားပဲ (ထိုင်ဝမ်) ၅၇. ၂၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၁၈၂၀၀၀၊ ယခင်တစ်ပတ် ကျပ် ၁၇၇၀၀၀၊ ယခင်လ ကျပ် ၁၆၈၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅၀၀၀၊ ယခင်လ ကျပ် ၁၄၀၀၀ မြင့်တက်လာသည်။

ကုလားပဲ(929) ၅၆. ၂၅ ပိဿာဝင် သုံးတင်း တစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၁၈၀၅၀၀၊ ယခင်တစ်ပတ် ကျပ် ၁၈၁၀၀၀၊ ယခင်လ ကျပ် ၁၇၁၀၀၀ မှ ၁၇၂၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၅၀၀ နိမ့်ကျလာပြီး၊ ယခင်လထက် ကျပ် ၈၅၀၀ မှ ၉၅၀၀ မြင့်တက်လာသည်။

ကုလားပဲဖြူလုံးကြီး(V-7) ၅၇. ၂၅ ပိဿာဝင် သုံးတင်း တစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၁၈၆၀၀၀၊ ယခင်တစ်ပတ် ကျပ် ၁၈၅၀၀၀ မှ ၁၈၆၀၀၀၊ ယခင်လ ကျပ် ၁၈၇၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀၀၀ မြင့်တက်လာပြီး ယခင်လထက် ကျပ် ၁၀၀၀ နိမ့်ကျလာသည်။

**မြင့်မြင့်လှိုင်(ရတနာပုံကုန်သွယ်မှုဗဟိုဌာန)**



# ရောင်းအားကောင်းနေသော လေးပင်ဆီးသီး

ဆီးသီး အမျိုးပေါင်းများစွာရှိသည့်အနက်မှ လေးပင်ဆီးသီးကို မကွေးတိုင်းဒေသကြီး ရွှေစက်တော်သို့သွားသောလမ်းမကြီးပေါ်ရှိ လေးပင်ရွာမှထွက်ရှိသည်။ ဆီးပင်၏ မူရင်းဒေသသည် အရှေ့တောင်အာရှမှဖြစ်ပြီး မျိုးရင်းမှာ (ROSACEAE) ဖြစ်ပြီး ရုက္ခဗေဒအမည်မှာ Zizyphus jujuba ဖြစ်ကာ အင်္ဂလိပ်အမည်မှာ plum or jujube ဖြစ်သည်။

လေးပင်ဆီးသီးသည် အခြားဆီးသီးများနှင့်မတူဘဲ အရသာမှာ အသီးသီးစကပင် ကြွပ်ပြီး ချိုသောအရသာရှိသည်။ အသီးရင့်မှည့်လာသည်နှင့် တစ်ပြိုင်တည်း အသီးတွင် အပွေးများတက်ကာ အရသာမှာ ပို၍ချိုသော အရသာထူးရရှိသည်။ အရသာမှာ ချိုမြနေသော်လည်း ပိုးမဝင်သော ဆီးသီးမျိုးဖြစ်သည်။

လေးပင်ဆီးသီးသည် နိုဝင်ဘာလမှမတ်လအထိထွက်ရှိသည်။ လေးပင်ဆီးသီးကို ယိုထိုး၍ စားသောက်ခြင်းမျိုး မရှိပါ။ ဆီးသီးစားသောက်ခြင်းဖြင့် အိုမင်းရင့်ရော်မှုကို လျော့ကျစေခြင်း၊ သွားပိုးစားခြင်းမှ ကာကွယ်စေခြင်း၊ မှတ်ဉာဏ်ကောင်းစေခြင်း၊ အရိုးပွခြင်းမှ ကာကွယ်ခြင်း၊ သွေးတိုးကိုထိန်းပေးပြီး ဝမ်းချုပ်ခြင်းမှ ကာကွယ်ပေးသည်။ ဆီးသီးသည် မျက်စိကျန်းမာရေးအတွက် အထောက်အကူပြုသော ဗီတာမင်အေနှင့် Beta Carotene တို့ ပါဝင်သည်။ Antioxidant ကြွယ်ဝသောကြောင့် အဆိပ်အတောက်ကိုဖယ်ရှားပြီး နှလုံးကျန်းမာရေးအတွက် ကောင်းမွန်စေသည်။

အမျှင်ဓာတ် မြင့်မားသောကြောင့် ခန္ဓာကိုယ်အတွင်းမှ မကောင်းသော ကိုယ်လက်စထရောကို လျော့ကျစေသည်။ ပြည်မြို့တွင် လေးပင်ဆီးသီးကို Online မှ order စနစ်ဖြင့် ရောင်းချခြင်းနှင့် ဈေးဆိုင်အနည်းငယ်တွင်တင်၍ ရောင်းချခြင်းဟူ၍ နှစ်မျိုးရှိသည်။ Online order စနစ်ဖြင့် ရောင်းချခြင်းမှာ အရောင်းအဝယ် ပိုမိုတွင်ကျယ်သည်။ လေးပင်ဆီးသီးကို order တစ်ခုကောက်လျှင် ပြည် ရာချီရောင်းချရကြောင်းလည်း သိရသည်။

လေးပင်ဆီးသီးကို တစ်ပြည်လျှင် ကျပ် ၄၀၀၀ နှုန်းဖြင့် ရောင်းချပြီး ပြည်တစ်ဝက်ကို ကျပ် ၂၀၀၀ နှုန်းဖြင့် ရောင်းချသည်။ အိမ်အရောက်ပို့သောစနစ်ဖြင့် ရောင်းချသောကြောင့် အနီးအဝေးအလိုက် Deli ခဈေးနှုန်းမှာ ကျပ် ၅၀၀-၇၀၀-၁၀၀၀ သင့်သည်။ Online order စနစ်ဖြင့် ရောင်းချသောကြောင့် ပြည်မြို့အတွင်းရှိ ကယ်ရီဆိုင်ကယ်သမားများလည်း အလုပ်အကိုင်ရရှိကာ ဝင်ငွေ တစ်ဖက်တစ်လမ်းမှ ရရှိကြသည်။

ယခုအခါ လေးပင်ဆီးသီးကို ကိုင်းဆက်ပင်များအဖြစ်ပျိုးကာ ရောင်းချကြသဖြင့် ဒေသအနှံ့အပြားတွင် စိုက်ပျိုးနိုင်မည်ဖြစ်သောကြောင့် စီးပွားဖြစ်စိုက်ပျိုး၍ ဝင်ငွေတိုးအောင် စိုက်ပျိုးသင့်သော အပင်တစ်မျိုးဖြစ်ကြောင်း လေ့လာသိရှိရသည်။

**ယဉ်သိမ့်နွေး (ပြည်)**

# ပန်းတောင်း စိမ်းစားသရက်သီး စတင်ထွက်ပေါ်

ပန်းတောင်းဒေသထွက်စစ်စစ် စိမ်းစားသီး (သရက်) ဈေးကွက်အတွင်းသို့ စတင်ဝင်ရောက်လာပြီဖြစ်သည်။ အသီးအရွယ်အစားမှာ လက်တစ်ဆစ်မျှသာရှိပြီး စားဖူးသူတိုင်း အရသာသိသော သရက်သီးဖြစ်၍ ပြည်တစ်ဖက်ကမ်း ပန်းတောင်းမြို့မှထွက်ရှိသည်။

အလုံးသေးများ ယခုအချိန်တွင် စတင်ပေါ်လာခြင်းဖြစ်၍ သရက်သီးအလုံး ကြီးသွားလျှင် အရသာအနည်းငယ်ချဉ်သွားသဖြင့် စား၍မကောင်းတော့ပါ။ လုံးဝအချဉ်ဓာတ်မရှိ၍ ကြွပ်ကြွပ်မွှေးမွှေးလေးဖြင့် အရမ်းစားကောင်းသဖြင့် ဈေးလည်းကြီးသည်။ မစားသုံးမီ ထက်ခြမ်းခွဲ အစေ့ထုတ် ရေစိမ်ထားရှိရပြီး ထမင်းစားလျှင် အတို့အမြုပ်အဖြစ် စားသုံးကြသလို သားရေစာအဖြစ် စားသုံးကြသည်။ မြန်မာတစ်နိုင်ငံလုံးတွင် ပန်းတောင်းတစ်မြို့တည်းတွင်သာ ထွက်ရှိခြင်းဖြစ်၍ ယခုလမှစတင်၍ အသီးများသီးလာသဖြင့် ဈေးမှာ ပေါ်ဦးပေါ်ဖျားဖြစ်၍ သရက်သီး ၁၀ လုံးတွဲ တစ်တွဲလျှင် ကျပ် ၃၀၀၀ ဖြင့် ရောင်းချကြောင်းသိရ၍ မတ်လတွင် ဈေးများကျဆင်းလာနိုင်သည်ဟု သိရသည်။

**အေးမြတ်သီတာ (ပြည်)**

## ပြည်ပဆန်ဈေးနှုန်းများ

၂၂-၂-၂၃ မှ ၂၈-၂-၂၀၂၃ ထိ ပြည်ပဆန်ဈေးနှုန်း FOB–YGN

| စဉ် | အမျိုးအမည် | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken (Well Milled Double Polished Sortexed) | 470 – 480 | |
| 2 | Myanmar Long Grain White Rice 10% Broken (Well Milled Double Polished Sortexed) | 465 – 470 | |
| 3 | Myanmar Long Grain White Rice 15% Broken (Well Milled Double Polished Sortexed) | 460 – 465 | |
| 4 | Myanmar Long Grain White Rice 20% Broken (Well Milled Double Polished Sortexed) | 455 – 450 | |
| 5 | Myanmar Long Grain White Rice 25% Broken (Well Milled Double Polished Sortexed) | 450 – 455 | |
| 6 | Myanmar Long Grain White Rice 5% Broken (Reasonable Well Milled) | 460 – 465 | |
| 7 | Myanmar Long Grain White Rice 10% Broken (Reasonable Well Milled) | 455 – 460 | |
| 8 | Myanmar Long Grain White Rice 15% Broken (Reasonable Well Milled) | 450 – 455 | |
| 9 | Myanmar Long Grain White Rice 25% Broken (Reasonable Well Milled) | 445 – 450 | |
| 10 | Myanmar Long Grain White Rice (Kayinma) 5% Broken(Well Milled Double Polished Sortexed) | 485 – 495 | |
| 11 | Myanmar Long Grain White Rice (Kayinma) 10% Broken(Well Milled Double Polished Sortexed) | 480 – 485 | |
| 12 | Myanmar Long Grain White Rice (Kayinma) 15% Broken(Well Milled Double Polished Sortexed) | 475 – 480 | |
| 13 | Myanmar Long Grain White Rice (Kayinma) 25% Broken(Well Milled Double Polished Sortexed) | 470 – 475 | |
| 14 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 475 – 480 | |
| 15 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 470 – 475 | |
| 16 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 465 – 470 | |
| 17 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 450 – 455 | |
| 18 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Softexed) | 485 – 490 | |
| 19 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Sortexed) | 480 – 485 | |
| 20 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Sortexed) | 475 – 480 | |
| 21 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Sortexed) | 450 – 455 | |
| 22 | Myanmar White Rice Tun Pu(or)Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 485 – 490 | |
| 23 | Myanmar White Rice Tun Pu(or)Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 480 – 490 | |
| 24 | Myanmar White Rice Tun Pu(or)Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 475 – 480 | |
| 25 | Myanmar White Rice Tun Pu(or)Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 460 – 470 | |
| 26 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 520 – 525 | |
| 27 | Myanmar Parboiled Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 515 – 520 | |
| 28 | Myanmar Long Grain Parboiled Brown Rice 5% Broken | 460 – 470 | |
| 29 | Myanmar Long Grain Parboiled Rice 5% Broken (Well Milled Double Polished Sortexed) | 520 – 525 | |
| 30 | A–1 , 2 (Sortexed) | 420 – 425 | |
| 31 | B–1 , 2 (Sortexed) | 410 – 420 | |
| 32 | B–1,2 (Non–Sortexed) | 395 – 405 | |

Source : မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

## ပြည်တွင်းဆီဈေးနှုန်းများ (၂၄-၂-၂၀၂၃) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၁၃၀၀၀ | ၁၃၀၀၀ | - | ၁၁၀၀၀ | ၁၁၀၀၀ | - | ၆၀၀၀ | ၆၁၀၀ | ↑ |
| ရန်ကုန် | ၁၃၀၀၀ | ၁၃၀၀၀ | - | ၁၁၀၀၀ | ၁၁၀၀၀ | - | ၆၀၀၀ | ၆၁၀၀ | ↑ |
| မန္တလေး | ၁၂၅၀၀ | ၁၂၅၀၀ | - | ၁၁၀၀၀ | ၁၁၀၀၀ | - | ၆၁၀၀ | ၇၅၀၀ | ↑ |
| ပဲခူး | ၁၃၅၀၀ | ၁၃၅၀၀ | - | ၁၃၀၀၀ | ၁၃၀၀၀ | - | ၇၃၀၀ | ၇၇၀၀ | ↑ |
| မကွေး | ၁၁၀၀၀ | ၁၁၀၀၀ | - | ၁၀၅၀၀ | ၁၁၀၀၀ | ↑ | ၆၇၀၀ | ၆၉၀၀ | ↑ |
| မုံရွာ | ၁၂၀၀၀ | ၁၂၀၀၀ | - | ၁၁၀၀၀ | ၁၁၀၀၀ | - | ၇၂၀၀ | ၇၆၅၀ | ↑ |
| စစ်တွေ | ၁၁၅၀၀ | ၁၁၅၀၀ | - | - | - | - | ၇၅၀၀ | ၇၅၀၀ | - |


# စွန့်စားရမည့် ပဲစင်းငုံ တိုးချဲ့ထုတ်လုပ်ရေး(၂)

မျိုးသူ (ကုန်သွယ်မြင့်)

## စဉ်းစားသုံးသပ်ပြင်ဆင်ရမည့် ပဲစင်းငုံစိုက်ပျိုးထုတ်လုပ်ရေး

စိုက်ပျိုးရေးဦးစီးဌာနစာရင်းအရ ၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ် စိုက်ဧကမှာ ၁၀၆၇၂၀၉ နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် စိုက်ဧကမှာ ၁၀၉၁၇၀၅ ဧကရှိသည်ကို တွေ့ရသဖြင့် နှစ်နှစ်နှိုင်းယှဉ်ကြည့်လျှင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်သည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ထက် ဧက ၂၄၄၉၆ လျော့နည်းစိုက်ပျိုးခဲ့သည်ကို တွေ့ရသည်။ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ပဲစင်းငုံရိတ်သိမ်းဧရိယာမှာ ၁၀၆၂၁၃၁ ဧကဖြစ်၍ ယခင်နှစ် ရိတ်သိမ်းဧရိယာ ၁၀၉၁၆၈၅ ဧကနှင့် နှိုင်းယှဉ်သော် ၂၉၅၅၄ ဧက လျော့နည်းခဲ့သည်။ ၂၀၂၀-၂၀၂၁ဘဏ္ဍာနှစ်တွင် အထွက်တင်း ၁၄၃၅၀၀၄၂ တင်း (တန်ချိန်အားဖြင့် ၄၆၈၆၅၇တန်) ထွက်ရှိသည်ဟု ဖော်ပြထားပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အထွက်တင်းမှာ ၁၅၅၆၉၅၇၅ (တန်ချိန်အားဖြင့် ၅၀၈၄၈၆တန်) ထွက်ရှိသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အထွက်တင်းထက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အထွက်တင်းသည် ၁၂၁၉၅၃၃ တင်း (တန်အားဖြင့် ၃၉၈၂၉တန်ခန့်) လျော့နည်းသည်ဟု ဖော်ပြထားသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် တစ်ဧကအထွက်နှုန်းမှာ ၁၃ ဒသမ ၅၁ တင်းနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တစ်ဧကအထွက်နှုန်းမှာ ၁၄ ဒသမ ၂၆ တင်းရှိသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်သည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ထက် အဘက်ဘက်တွင် လျော့နည်းသည်ကို တွေ့ရသည်။ ၂၀၂၁-၂၀၂၂ဘဏ္ဍာနှစ်တွင် စိုက်ပျိုးထုတ်လုပ်မှုသည် အနည်းငယ်ပြန်လည်မြင့်တက်လာသည်ကို တွေ့ရသည်။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ပဲစင်းငုံ စိုက်ဧကမှာ ၁၁၄၅၈၆၁ ဧက၊ ရိတ်ဧကမှာ ၁၁၄၅၈၅၉ ဧက၊ အထွက်နှုန်းမှာ ၁၅ ဒသမ ၆၄ တင်း၊ အထွက်မှာ ၁၇၉၂၂၄၄၃ တင်း (တန်အားဖြင့် ၅၈၅၅၀၉ တန်) ထွက်ရှိသည်။ ယခု ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အတွက် ပဲစင်းငုံထွက်ရှိမှုကို အတိအကျ မသိရသေးသော်လည်း



ယခင်နှစ်ကထက် လျော့နည်းနေမည်လားဟု စိတ်ပူမိပါသည်။

ပဲစင်းငုံအထွက်သည် တန်ချိန်ငါးသိန်းခန့်ရှိသည်ဟု ဖော်ပြထားသော်လည်း အများဆုံး တင်ပို့နိုင်မှုသည် တန်ချိန် နှစ်သိန်းဝန်းကျင်သာရှိခဲ့သည်။ ယခုအခါ တင်ပို့မှုသည် တန်ချိန် ၁ ဒသမ ၅ သိန်းခန့်သို့ ပြန်လည်ရောက်ရှိလာသည်ကို တွေ့ရသည်။ တင်ပို့တန်ချိန်သည် အထွက်တန်ချိန်၏ ၃၀ ရာခိုင်နှုန်းခန့်သာ ရှိသည်ကို တွေ့ရသဖြင့် အထွက်တန်ချိန် အပြည့်တင်ပို့နိုင်ရေးကို စဉ်းစားသုံးသပ်သင့်ပါသည်။ မည်သည့်နေရာတွင် လွဲချော်နေသဖြင့် အထွက်တန်ချိန်အတိုင်း တင်ပို့မှု မပြုနိုင်သည်ကို စဉ်းစားရမည်ဖြစ်ပါသည်။ လေလွင့်ပြုန်းတီးမှုများကို ထိန်းသိမ်းခြင်း၊ အရည်အသွေး ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ အထွက်နှုန်းတိုးလာရေးအတွက် ဆောင်ရွက်ခြင်းများကို ဦးစားပေး ဆောင်ရွက်သင့်သည်။ စိုက်ဧက တိုးချဲ့ခြင်းမျိုးကိုမူ သေချာစဉ်းစားပြီးမှသာ တိုးသင့်သည်ဟု ယူဆမိပါသည်။

ထို့ပြင် ပဲစင်းငုံ၏ တစ်ခုတည်းသော ဈေးကွက်ကြီးဖြစ်သည့် အိန္ဒိယနိုင်ငံနှင့် နှစ်ဖက်သဘောတူစာချုပ်များ ခိုင်မာရန်၊ အိန္ဒိယနိုင်ငံ၏ ကိုတာဖြင့်တင်သွင်းမှုများ ပြန်လည်လုပ်ကိုင်လာမည်ကို သတိပြုရန်၊ အိန္ဒိယသို့ ပဲစင်းငုံတင်သွင်းရာတွင် ပြိုင်ဘက်နိုင်ငံများဖြစ်သော တန်ဇန်းနီးယားနိုင်ငံ၊ မိုဇမ်ဘစ်နိုင်ငံနှင့် ဆူဒန်နိုင်ငံများ၏ အိန္ဒိယနှင့်ဆက်ဆံရေးများကိုပါ ထည့်သွင်းစဉ်းစားသုံးသပ်ရန် စသည့် အချက်များစွာကို သုံးသပ်ပြီးမှသာ ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးသင့်သည်ဟု သုံးသပ်မိပါသည်။ ထပ်မံပြောကြားရမည်ဆိုပါက ပဲစင်းငုံ ထွက်ရှိသည်ဟု ပြထားသော ကိန်းဂဏန်းများအတိုင်း အပြည့်အဝ တင်ပို့နိုင်ရေးကို ဦးစွာဆောင်ရွက်သင့်သည်ဟု တင်ပြလိုပါသည်ခင်ဗျား။

# ဖေဖော်ဝါရီလလယ် ရော်ဘာနှင့် ပြောင်း တင်ပို့မှု အခြေအနေ

### ရော်ဘာ

ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၇ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၈၇၈ သန်း တန်ဖိုးရှိ ရော်ဘာ တန်ချိန်၅၁၀၀ ကျော် တင်ပို့ခဲ့သည်။

တင်ပို့မှုအနေဖြင့် တရုတ်နိုင်ငံသို့ ရော်ဘာတန်ချိန် ၃၁၆၀ ကျော်၊ မလေးရှားနိုင်ငံသို့ ရော်ဘာတန်ချိန် ၁၅၂၀ ခန့်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရော်ဘာတန်ချိန် ၂၀၀ ခန့်နှင့် ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့သို့လည်း တင်ပို့ခဲ့သည်။

ယခုတစ်ပတ်အတွင်း မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်မှုမှ ရော်ဘာတန်ချိန် ၂၇၀ ခန့်နှင့် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုမှ ရော်ဘာတန်ချိန် ၅၀ တင်ပို့သဖြင့် စုစုပေါင်း ရော်ဘာတန်ချိန် ၃၂၀ တင်ပို့ပြီး တန်ဖိုးအမေရိကန်ဒေါ်လာ သုည ဒသမ ၃၅၇ သန်း ရရှိခဲ့သည်။

ယခုတစ်ပတ်အတွင်း ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်မှုမှ စုစုပေါင်း ရော်ဘာတန်ချိန် ၅၄၂၀ တင်ပို့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၆ ဒသမ ၂၃၅ သန်း ရရှိခဲ့သည်။ ယခင်တစ်ပတ် ရော်ဘာတင်ပို့မှုနှင့်နှိုင်းယှဉ်ပါက ရော်ဘာတန်ချိန် တစ်ထောင်ကျော် လျော့နည်းတင်ပို့ခဲ့သည်။

### ပြောင်း

ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၇ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ပြောင်းတန်ချိန် ၂၄၃၀၀ ကျော်တင်ပို့ခဲ့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၇ ဒသမ ၅၁၄ သန်း ရရှိခဲ့သည်။

တင်ပို့မှုအနေဖြင့် ထိုင်းနိုင်ငံသို့ ပြောင်းတန်ချိန် ၂၂၆၇၀ ကျော်နှင့် ဖိလစ်ပိုင်နိုင်ငံသို့ ပြောင်းတန်ချိန် ၁၆၃၀ ခန့် တင်ပို့ခဲ့သည်။

ယခုတစ်ပတ် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်မှုမှ ပြောင်းတန်ချိန် ၃၀၆၇၀ ကျော်နှင့် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုမှ ပြောင်းတန်ချိန် ၁၄၄၀ ကျော်၊ စုစုပေါင်း ပြောင်း တင်ပို့မှု တန်ချိန် ၃၂၁၁၀ ကျော်တင်ပို့ပြီး တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၃၇၈ သန်းရရှိသည်။

ယခုတစ်ပတ် ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်မှုမှ စုစုပေါင်း ပြောင်းတင်ပို့မှု တန်ချိန် ၅၆၄၁၀ တင်ပို့ပြီး တန်ဖိုးအမေရိကန်ဒေါ်လာ ၁၇ ဒသမ ၈၉၂ သန်း ရရှိသည်။ ယခင်တစ်ပတ် တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ပြောင်းတန်ချိန် ၃၀၀၀ ကျော် ပိုမိုတင်ပို့ခဲ့သည်။

**အေးအေးသန့် (DOT)**



# ကျောက်ဖြူတွင် နှစ်တစ်ရာအကျိုးမျှော် ဝါးလက်မှုအခမဲ့သင်တန်း ပြုလုပ်မည်

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့တွင် နှစ်တစ်ရာအကျိုးမျှော် ဝါး လက်မှုအခမဲ့ သင်တန်းကို နှစ်ရက်တာ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းကို Nay Pyi Taw UNEC MM ကုမ္ပဏီလီမိတက်နှင့် Earth Vocational Training Center တို့ပူးပေါင်း၍ ကျောက်ဖြူမြို့ အရာရှိရပ်ကွက်တွင် လာမည့် မတ် ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် နှစ်ရက်တိုင်တိုင် ပြုလုပ်သွားမည်ဖြစ်သည်။

သင်တန်းကို ဒေသခံပြည်သူများ လူနေမှုဘဝမြှင့်တင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေး၊ သဘာဝအလျောက် ပေါက်ရောက်လျက်ရှိသည့် ဒေသထွက် ဝါးများကို အခြေခံ၍ ဈေးကွက်ဝင် တန်ဖိုးမြှင့် လူ့အသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်ခြင်းဖြင့် တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေ တိုးပွားစေရေး၊ အိမ်တွင်းမှုမှသည် မြန်မာ့လက်မှုလုပ်ငန်းရှင်များ တိုးပွားလာစေရေး စသည့် ရည်ရွယ်ချက်များဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် သင်တန်းတက်ရောက်ရန်အတွက် ကျောက်ဖြူမြို့ရှိ နေရာပေါင်းစုံမှ ဘွဲ့ရလူငယ်များ၊ တက္ကသိုလ်ဆရာ၊ ဆရာမများ၊ မူလတန်းပြဆရာ၊ ဆရာမများနှင့် အထက်တန်းပြဆရာ၊ ဆရာမအပြင် အခြားလူငယ် ၄၀ ကျော် စာရင်းသွင်းထားကြသော်လည်း နေရာအခက်အခဲကြောင့် သင်တန်းသား ၂၅ ဦးကိုသာ ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသင်တန်းတွင် ဝါးဖြတ်တောက်ခြင်း၊ ဝါးနှီးဖြာခြင်း၊ ဝါးဖြင့် ဘော(လ်)ပင်ခွက် ပြုလုပ်ခြင်း၊ ဝါးမီးအိမ်ပြုလုပ်ခြင်း၊ ခေတ်ပုံဘောင်ပြုလုပ်ခြင်း၊ ဝါးတစ်သျှူးဘောက်စ်များပြုလုပ်ခြင်း၊ ပစ္စည်းများ QC စစ်ဆေးခြင်း၊ ပစ္စည်းများဆေးသုတ်ခြင်း စသည့် ဘာသာရပ်များကို သင်တန်းနည်းပြဆရာ၊ ဆရာမ လေးဦးတို့က သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ အဆိုပါသင်တန်းကို ကျောက်ဖြူမြို့အပြင် စစ်တွေနှင့် တောင်ကုတ် စသည့်မြို့များတွင်လည်း ထပ်မံပို့ချသွားရန်ရှိကြောင်း သိရသည်။

**ပန်းဆု**

# ကမ္ဘာတစ်ဝန်းရှိဘဏ်များ မျက်စိကျနေသည့် အင်ဒိုနီးရှားကုမ္ပဏီများ

## ထွန်းသက်ထွန်း



အင်ဒိုနီးရှားနိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများကြောင့် ကမ္ဘာတစ်ဝန်းမှ ရင်းနှီးမြှုပ်နှံမှုဘဏ်များအနေဖြင့် ယခုနှစ်အတွင်း အင်ဒိုနီးရှားဘဏ်များနှင့် ပေါင်းစည်းရေး၊ ဝယ်ယူရေး (Merger and Acquisition) ပြုလုပ်ရန် အသည်းအသန်စိုင်းပြင်းနေကြသည်။ ရုရှားနှင့် ယူကရိန်းစစ်ပွဲ၏ အကျိုးဆက်ကြောင့် စီးပွားရေးတိုးတက်မှု နှေးကွေးခြင်းသို့မဟုတ် ဆုတ်ယုတ်ကျဆင်းမှုအန္တရာယ် ကြုံတွေ့နေသည့်ကြားမှ အင်ဒိုနီးရှား၏ စီးပွားရေးတိုးတက်မှုသည် ယခုနှစ်အတွင်း ဖွံ့ဖြိုးပြီးနိုင်ငံများ၏ စီးပွားရေး တိုးတက်မှုထက် သာလွန်မည်ဟု စီးပွားရေးပညာရှင်များက မျှော်လင့်ထားသည်။

ဤပထဝီဝင်နိုင်ငံရေး အပြောင်းအလဲက အရှေ့တောင်အာရှ၏ အကြီးဆုံး စီးပွားရေးနိုင်ငံဖြစ်သည့် အင်ဒိုနီးရှားကို ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများအတွက် ခိုင်မာသော အကျိုးအမြတ်များ ရှာဖွေနေသည့် နေရာသစ်တစ်ခုအဖြစ် မီးမောင်းထိုးပြပေးခဲ့သည်။ လာမည့်နှစ်အနည်းငယ်အတွင်း အင်ဒိုနီးရှားနိုင်ငံသည် ခိုင်မာသည့် ကုမ္ပဏီများပေါင်းစည်းရေး ဝယ်ယူရေး ပြုလုပ်ရာ နေရာတစ်ခုဖြစ်လာမည်ဟုထင်ကြောင်း Bank of America (BofA) ၏ အရှေ့တောင်အာရှ အကြီးအကဲ Antonio Puno က ဂျာကာတာပို့စ်သို့ ပြောကြားခဲ့သည်။

Cloud computing နှင့် ပြည်တွင်း ဒစ်ဂျစ်တယ်သိုမှီးမှု နည်းပညာ လိုအပ်ချက်များ တစ်စထက်တစ်စ မြင့်မားလာသည့် အချိန်တွင် အင်ဒိုနီးရှားနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများအနေဖြင့် ဒစ်ဂျစ်တယ် အခြေခံအဆောက်အအုံများ အလျင်အမြန်တိုးတက်ဖွံ့ဖြိုးလာရန် Bank of America က မျှော်လင့်ထားသည်။ နိုင်ငံအတွင်း ကွန်ပျူတာများနှင့် ဒေတာစင်တာများပေါ်တွင် ကြီးမားသော ငွေပေးငွေယူ အများအပြားကို ဆောင်ရွက်နေသော်လည်း ဘဏ်များနှင့် ဖောက်သည်များအကြားတွင် ငွေပေးချေမှုလုပ်ငန်းများအတွက် ပိုမိုကောင်း မွန်သည့် ဝန်ဆောင်မှုများ လိုအပ်နေဆဲဖြစ်သည်။

သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးတို့အတွက် ရွေ့လျားအခြေခံ အဆောက်အအုံများသည် ပေါင်းစည်းရေး ဝယ်ယူရေး M&A လုပ်ဆောင်ချက်ကို ပိုမိုမြင့်မားလာစေမည်ဟု အဆိုပါဘဏ်က ခန့်မှန်းထားပြီး လူတစ်ဦးချင်း GDP တိုးတက်မှုမှသည် သုံးစွဲနိုင်သည့်ဝင်ငွေ (disposable income) ကို ပိုမိုရရှိစေမည်ဟု ခန့်မှန်းထားသည်။ ထို့ပြင် စားသုံးသူတို့ကို အဓိကထားသည့် လုပ်ငန်းများတွင် သိသာထင်ရှားသည့် တိုးတက်မှုများ ရရှိနိုင်သလို အမြတ်အစွန်းများလည်း ရရှိမည်ဖြစ်ကြောင်း၊ ဤသည်မှာ ကျွန်ုပ်တို့၏ ဖောက်သည်များ၏ စိတ်ဝင်စားမှုကို ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း Puno က ဆိုခဲ့သည်။

သတ္တုတူးဖော်ရေးကဏ္ဍနှင့် ၎င်းကိုပံ့ပိုးပေးသည့် စက်မှုလုပ်ငန်းများသည် M&A အတွက် ပစ်မှတ်ထားသည့် သမားရိုးကျစက်မှုလုပ်ငန်းဖြစ်သော်လည်း ယခုအခါ ရင်းနှီးမြှုပ်နှံသူများသည် အစိမ်းရောင် စီးပွားရေးမူဝါဒ အကူးအပြောင်းတွင် နီကယ်နှင့် လျှပ်စစ်ကား (EV) အစိတ်အပိုင်းထုတ်လုပ်မှုများကို ပိုမိုစိတ်ဝင်စားလာကြောင်း ၎င်းကဆိုသည်။ သယံဇာတ တူးဖော်ထုတ်လုပ်သည့် အခြေခံစက်မှုလုပ်ငန်း (downstream industry) အတွက် များလှစွာသော စုံစမ်းမေးမြန်းမှုများ ထွက်ပေါ်နေပြီး ယင်းမှာ ဘဏ္ဍာရေးဈေးကွက်တစ်ခုလုံးအပေါ် အခြေခံနေသည်။ ဆိုလိုသည်မှာ ယင်းကဏ္ဍအတွက် လိုအပ်သည့် ငွေကြေးအရင်းအမြစ်ကို အရင်းအနှီးဈေးကွက် (capital markets) အသီးသီးမှ ရရှိနိုင်ပြီး ရင်းနှီးမြှုပ်နှံသူများသည် အာဆီယံဒေသအတွင်း နီကယ်နှင့် EV ထုတ်လုပ်မှု ကွင်းဆက်များအပေါ် ရင်းနှီးမြှုပ်နှံမှုကို ပိုမိုအလေးသာလျက်ရှိသည်။

လက်လှမ်းမီသမျှ ကြည့်မည်ဆိုပါက အာဆီယံဒေသသည် ကျွန်ုပ်တို့၏ ဖောက်သည်များအတွက် အဓိကကျသည်ဟု Puno က ဆိုသည်။ ကျွန်ုပ်တို့၏ ဖောက်သည်များအနေနှင့် ကာဗွန်ထုတ်လုပ်မှုကင်းစင်သည့် net-zero လုပ်ငန်းများကို ကတိကဝတ်ပြုထားကြပြီး ပိုမိုသန့်ရှင်းသည့်၊ ပိုမိုရေရှည်တည်တံ့ခိုင်မာသည့် လုပ်ငန်းများကို ရင်းနှီးမြှုပ်နှံလိုကြသည်ဟု Puno က မှတ်ချက်ပေးခဲ့သည်။

အဖွဲ့အများစုအနေဖြင့် M&A ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် ဘဏ္ဍာရေးဈေးကွက်ကို ပိုမိုအာရုံစိုက်ရန် မျှော်လင့်ပြီး အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSMEs) များကို ပိုမို ရည်ရွယ်ကြောင်း၊ အထူးသဖြင့် ဘဏ္ဍာရေးနည်းပညာကုမ္ပဏီ (fintech)များကို ပိုမိုရည်ရွယ်သည်။ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ထုတ်လုပ်မှုစွမ်းအားသည် အင်ဒိုနီးရှား GDP ၏ ၆၁ ရာခိုင်နှုန်းအထိ ပါဝင်လျက်ရှိသည်။

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အနေဖြင့် ၎င်းတို့၏ စီမံခန့်ခွဲမှုကို မြှင့်တင်ရန် လိုအပ်သည့်အခါ၊ ပိုမိုရှုပ်ထွေးနက်နဲပြီး အပိုဆောင်းဝန်ဆောင်မှုများ ပေးလိုသည့်အခါမျိုးတွင် ကုမ္ပဏီများပေါင်းစည်းရေး-ဝယ်ယူရေး M&A လိုအပ်ကြောင်း၊ အထူးသဖြင့် ဘဏ်များ၊ ဘဏ္ဍာရေးနည်းပညာ လုပ်ငန်းများ၊ အာမခံလုပ်ငန်းများနှင့် အက်ဆက်စီမံခန့်ခွဲရေး လုပ်ငန်းများတွင် လိုအပ်ကြောင်း စီးပွားရေးပညာရှင်များက ဆိုသည်။

သမဝါယမနှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ MSMEs များ၏ ၂၀ ရာခိုင်နှုန်းသာ ဘဏ်ချေးငွေများရယူ၍လုပ်ငန်းဆောင်ရွက်ကြောင်း သိရသည်။ Bank of America (BofA)၏ ကုမ္ပဏီများ ပေါင်းစည်းရေး-ဝယ်ယူရေး လုပ်ငန်းများမှာ အဓိကအားဖြင့် တိုးတက်မှုအလားအလာ ကောင်းမွန်သည့်လုပ်ငန်းများကိုသာ ရည်ရွယ်ပြီး ကြွေးမြီများတင်ရှိနေသည့် လုပ်ငန်းများ၏ အက်ဆက်များ ရောင်းချမှုများတွင် ပါဝင်ဆောင်ရွက်ရန် မရည်ရွယ်ကြောင်း BofA Indonesia ၏ ဥက္ကဋ္ဌ Mira Arifin က ဆိုသည်။

M&As မှတစ်ဆင့် Fortune-100 တွင်ပါဝင်ကာ အဆင့်ကုမ္ပဏီများဖြစ်လာရန် ကြိုးစားနေသည့် ကုမ္ပဏီများအနေဖြင့် အင်ဒိုနီးရှား၏ အရင်းအနှီးဈေးကွက်သည် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများ၏ ကြီးမားသော ယုံကြည်မှုကို ရရှိထားကြောင်း Mira ကဆိုခဲ့သည်။ EV ထောက်ပံ့ရေးကွင်းဆက်များနှင့် နည်းပညာမြင့် စက်မှုလုပ်ငန်းများတွင် M&A သဘောတူညီချက် ပိုမိုရရှိမည်ဟု မျှော်လင့်ကြောင်း သူမက ပြောကြားခဲ့သည်။

> **သမဝါယမနှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်း ဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ MSMEs များ၏ ၂၀ ရာခိုင်နှုန်းသာ ဘဏ်ချေးငွေများရယူ၍ လုပ်ငန်းဆောင်ရွက်ကြောင်း သိရသည်။**

BofA သည် စတော့အိပ်ချိန်းစာရင်းဝင် အများပိုင်ကုမ္ပဏီတစ်ခုဖြစ်သည့် အမေရိကန်အခြေစိုက် Hormel Foods Corporation ပိုင် PT Garudafood Putri Jaya ကုမ္ပဏီကို ပြီးခဲ့သည့် ဒီဇင်ဘာလက ၂၉ ရာခိုင်နှုန်းပိုင်ဆိုင်သည့် ပေါင်းစည်းမှုတစ်ခုကို ဆောင်ရွက်ခဲ့သည်။ ဤသည်မှာ ကယ်တင်ဖို့မဟုတ်ကြောင်း၊ ဤကုမ္ပဏီကို ပိုမိုကြီးထွားလာလိုသည့် ရည်ရွယ်ချက်ဖြင့် ပေါင်းစည်းခဲ့ခြင်းဖြစ်ကြောင်း၊ ငွေရှာရန် သက်သက်မဟုတ်ဘဲ ကုမ္ပဏီကို ပိုမိုတိုးတက်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း Mira က ဆိုခဲ့သည်။ ၂၀၂၂ ခုနှစ်အတွင်း ပိုင်ဆိုင်ပစ္စည်းဈေးနှုန်းများ ကျဆင်းခဲ့ခြင်းက ငွေကြေးလက်ဝယ်ရှိ ကုမ္ပဏီများအတွက် ပိုမိုစိတ်ဝင်စားသော အခွင့်အရေးများဖြစ်စေခဲ့ကြောင်း HSBC ဘဏ်မှ ရင်းနှီးမြှုပ်နှံမှုအရာရှိတစ်ဦးက ဆိုခဲ့သည်။


ဘဏ်အတိုးနှုန်းများ မြင့်တက်လာခြင်းသည် အစိမ်းရောင် စီးပွားရေးကို ကူးပြောင်းနေသည့် သတ္တုတူးဖော်ရေးနှင့် သတ္တုသန့်စင်ရေးလုပ်ငန်းများ၊ EV ဘက်ထရီထုတ်လုပ်ရေး လုပ်ငန်းများနှင့် မော်တော်ကား လုပ်ငန်းများအတွက် များပြားလှသည့် ညှိနှိုင်းမှုများ၊ အပေးအယူများ ဖြစ်ပေါ်လာနိုင်သည်။ ထိုအတောအတွင်း အင်ဒိုနီးရှားနိုင်ငံအတွင်း နည်းပညာကဏ္ဍ ပေါင်းစည်းမှုအချို့တွင် အချိန်ယူရန်လိုကြောင်း၊ နည်းပညာကုမ္ပဏီများမှာ စွမ်းဆောင်ရည်ပိုမိုမြင့်မားရန် လိုအပ်ကြောင်း သိရသည်။

ဤ M&A လုပ်ငန်းများကို စတင်မောင်းနှင်ရာတွင် ဘဏ်များအနေဖြင့် ၅ ရာခိုင်နှုန်းထက်ကျော်လွန်သည့် အကျိုးအမြတ်ပြန်ရနှုန်းရရှိရန် မျှော်လင့်ကြောင်း၊ ဤသည်မှာ အမေရိကန်ဗဟိုဘဏ်၏ စံအတိုးနှုန်းနှင့် လိုက်လျောညီထွေဖြစ်သည့် အတိုးနှုန်းဖြစ်ကြောင်း သိရသည်။ အတိုးနှုန်းများ ပြန်လည်မြင့်မားလာခြင်းသည် အရင်းအနှီး သို့မဟုတ် ငွေကြေးတွင် နှုန်းထားတစ်ခုရှိနေသည်ဆိုသည်မှာ ထင်ရှားကြောင်း Cheo က ဆိုခဲ့သည်။


ကုမ္ပဏီများ ဝယ်ယူခြင်း ပေါင်းစည်းခြင်းဆိုင်ရာ ကိစ္စရပ်များ အာရှနှင့် ပစိဖိတ်ဒေသတွင် သိသိသာသာ ကြီးထွားလာကြောင်း၊ တစ်ဖက်တွင်လည်း စီးပွားရေး၊ ဥပဒေရေးရာနှင့် နိုင်ငံရေး ကန့်သတ်ချက်များက ချောမွေ့စွာ အကောင်အထည်ဖော်ရေးကို မကြာခဏအဟန့်အတား ဖြစ်စေကြောင်း Price water house Coopers (PwC) မှ စီးပွားရေးပညာရှင်တစ်ဦးက ဆိုခဲ့သည်။ အာရှပစိဖိတ်ဒေသ၏ ဈေးကွက်များသည် စုစည်းမှုနည်းပြီး ကုမ္ပဏီများသည် ပုံမှန်အားဖြင့် ရင့်ကျက်မှုနည်းပါးသည်ကို တွေ့မြင်ရသော်လည်း အလျင်အမြန် ကြီးထွားလာနေသည့် ဒေသဖြစ်သည်ဟု PwC အာရှ-ပစိဖိတ်ဒေသဆိုင်ရာ မှ အဖွဲ့ခေါင်းဆောင် David Brown က အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။


**Reference: asianews.network.com**


အရည်အသွေး
ကောင်းမွန်သောကားအမျိုးအစားစုံ
စိတ်ကြိုက်ရွေးချယ်ဖို့
JPM နဲ့ဆက်သွယ်စို့...
JPM
CAR SALE CENTER
jpmautocenter@gmail.com
www.jpmmotors.com
ကားပါမစ်ရရှိထားသော နိုင်ငံ့ဝန်ထမ်းများကိုလည်း လိုချင်သောမော်တော်ကားများဝယ်ယူရရှိပြီး
လက်တင်စီးနိုင်သည်အထိ(အထူး)ဝန်ဆောင်မှုပေးပါသည်။
HOT LINE : 09253008800
အမှတ် (၄၂-အေ)၊တက္ကသိုလ်ရိပ်သာလမ်းသစ်၊ဗဟန်းမြို့နယ်၊ရန်ကုန်။ Ph: 09 44 888 2944,09 7 3333 555


Infinity Speed Lucky Co., Ltd
ISL
Logistics
DOOR TO DOOR WORLD WIDE SERVICE
24
Air
Sea
Land
Bld (5), Room (103/A), 2nd floor, 54th Street (Inngin Street), Pazaudaung Tsp, Yangon.
Ph : 095155012 , 09 965155012 , 09974850870 , 01201658 , Fax : 01201658
Email : aung@islgroups.com , Webside : www.islgroups.com


Premium Product OF MYANMAR
APIMONIDA AWARD WINNER,
HACCP CERTIFIED HONEY
FROM MYANMAR
100% PURE & AUTHENTIC HONEY
GOOD BEEKEEPING PRACTICES
QUALITY PRODUCTION
OVER 15 YEARS OF EXPERIENCE
IN HONEY EXPORT
HACCP
SMILE HAPPY
A TRUE TASTE OF PERFECTION
No.71, Kyun Shwe Wah Street, Shwe Nanthar San Pya Ward, Mingalardon Township, Yangon.
(+95) 950 30707, (+95) 97 999 88 777
enquiry@smilehappy.com.mm




# JMC MYANMAR

လိပ်စာ ။ ။ အမှတ် ၃၀၂ ၇၊ သံသုမာလမ်းမကြီး၊ ( ၁၅ ) ရပ်ကွက်၊ တော်ဥက္ကလာပ မြို့နယ်၊ ရန်ကုန်မြို့ ။

ဖုန်း ။ ။ ၀၉ - ၇၉၇၉၃၆၆၆၆၊ ၀၉ - ၉၇၇၄၃၅၄၉၁၊ ၀၉ - ၉၇၇၄၃၅၄၉၂



# ထိုင်းတွင် ကွန်ဒိုတိုက်ခန်း အများဆုံးဝယ်ယူသည့် ငါးနိုင်ငံ



၂၀၂၂ ခုနှစ်အတွင်း ထိုင်းနိုင်ငံတွင် ကွန်ဒိုတိုက်ခန်းများ ဝယ်ယူသည့် ထိပ်တန်းငါးနိုင်ငံစာရင်းကို ထုတ်ပြန်လိုက်ရာ တရုတ်နိုင်ငံသားများက ထိပ်ဆုံးမှ ရပ်တည်နိုင်ခဲ့ပြီး မြန်မာနိုင်ငံက အဆင့်(၅)နေရာတွင် ရှိနေကြောင်း ထိုင်းနိုင်ငံ၏ အိမ်ခြံမြေ သတင်းအချက်အလက်စင်တာ (Real Estate Information Centre - REIC)၏ ထုတ်ပြန်ချက်အရ သိရသည်။

တရုတ်နိုင်ငံတွင် ကိုဗစ်စည်းကမ်းများ တင်းကျပ်ချိန်မှစတင်ကာ တရုတ်နိုင်ငံသားများ အနေဖြင့် ထိုင်းနိုင်ငံတွင် အိမ်ခြံမြေများ ဝယ်ယူရန် ကြိုးပမ်းခဲ့ကြပြီး အများစုမှာ ကွန်ဒိုတိုက်ခန်းများကို ဝယ်ယူခဲ့ကြသည်ဟု စစ်တမ်းက ဖော်ပြထားသည်။

ထိုင်းနိုင်ငံ၏ အိမ်ခြံမြေဥပဒေအရ နိုင်ငံခြားသားများသည် မည်သည့်ကွန်ဒိုအဆောက်အအုံတွင်မဆို ယူနစ်၏ ၄၉ ရာခိုင်နှုန်းကို ပိုင်ဆိုင်ခွင့်ရှိပြီး ကျန်သည့် ၅၁ ရာခိုင်နှုန်းမှာ ထိုင်းနိုင်ငံသားများ၏ ပိုင်ဆိုင်မှုဖြစ်သည်။

ယခု ၂၀၂၃ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ တရုတ်နိုင်ငံသားများ၏ ကွန်ဒိုဝယ်ယူမှုမှာ ယခင်နှစ်များထက် နည်းပါးသော်လည်း တရုတ်ပိုင်ရှင်များသည် နိုင်ငံခြားကွန်ဒိုဈေးကွက်ကို လွှမ်းမိုးထားနိုင်ဆဲဖြစ်သည်။ ထို့ပြင် ၂၀၂၂ ခုနှစ် ပထမ ကိုးလတွင် နိုင်ငံခြားသားများ ဝယ်ယူသည့် ကွန်ဒိုအားလုံး၏ ထက်ဝက်နီးပါးခန့်ကို တရုတ်နိုင်ငံသားများက ပိုင်ဆိုင်ကြကြောင်း သိရသည်။

ထိုင်းနိုင်ငံ၏ အိမ်ခြံမြေ သတင်းအချက်အလက်စင်တာ(Real Estate Information Centre - REIC)၏ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအတွင်းတွင် ကွန်ဒိုအခန်းပေါင်း ၇,၂၉၀ ကို နိုင်ငံခြားသားပိုင်ဆိုင်မှုသို့ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ နိုင်ငံခြားသား ကွန်ဒိုပိုင်ဆိုင်မှာ တရုတ်နိုင်ငံက ဘတ် ၁၇ ဒသမ ၉၄ ဘီလီယံ သို့မဟုတ် ၄၈ ဒသမ ၅ ရာခိုင်နှုန်း၊ အမေရိကန်ပြည်ထောင်စုက ဘတ် ၁ ဒသမ ၆၁ဘီလီယံ သို့မဟုတ် ၄ ဒသမ ၄ ရာခိုင်နှုန်း၊ ပြင်သစ်နိုင်ငံက ဘတ် ၁ ဒသမ ၄၃ ဘီလီယံ သို့မဟုတ် ၃ ဒသမ ၉ ရာခိုင်နှုန်း၊ ရုရှားနိုင်ငံက ဘတ် ၁ ဒသမ ၃၆ ဘီလီယံ သို့မဟုတ် ၃ ဒသမ ၇ ရာခိုင်နှုန်း၊ မြန်မာနိုင်ငံက ဘတ် ၁ ဒသမ ၃၄ ဘီလီယံ သို့မဟုတ် ၃ ဒသမ ၆ရာခိုင်နှုန်း စသည်ဖြင့် အသီးသီးရှိနေကြသည်။

နိုင်ငံခြားသားများ ဝယ်ယူသည့် ကွန်ဒိုအားလုံး၏ ၅၀ ရာခိုင်နှုန်းနီးပါးရှိသော တရုတ်လူမျိုးများ၏ ဝယ်ယူမှုမှာ များသည်ဟု ထင်ရသော်လည်း ယခင်နှစ်များကထက် လျော့နည်းသွားသည်ဟုဆိုသည်။ ၂၀၁၈-၂၀၂၁ ခုနှစ်အတွင်း၌ ထိုင်းနိုင်ငံတွင် နိုင်ငံခြားသားများဝယ်ယူသည့် ကွန်ဒိုအားလုံး၏ ၅၅-၆၀ရာခိုင်နှုန်းသည် တရုတ်ပိုင်ရှင်များဖြစ်ကြောင်း သိရသည်။

၂၀၂၂ ခုနှစ် နှောင်းပိုင်းတွင် ထိုင်းနိုင်ငံ၌ ရုရှားနိုင်ငံသားများ၏ ကွန်ဒိုဝယ်ယူမှုက တရုတ်နိုင်ငံသားများထက် ပိုမိုများပြားလာကြောင်း သိရသည်။ ထို့ပြင် မြန်မာနိုင်ငံသည်လည်း ထိုင်းနိုင်ငံတွင် ကွန်ဒိုဝယ်ယူမှု ယခင်နှစ်များထက် သိသိသာသာ များပြားလာခဲ့ကြောင်း စစ်တမ်းတွင် ဖော်ပြထားသည်။

**Source; thethaiger.com**

## ဩစတြေးလျလေကြောင်းလိုင်း Qantas အမြတ်ရရှိမှု ပြန်လည်မြင့်တက်လာ



ဩစတြေးလျ လေကြောင်းလိုင်းတစ်ခုဖြစ်သည့် Qantas သည် ၂၀၂၂ ခုနှစ် ဒုတိယ နှစ်ဝက်မှစတင်ပြီး အမြတ်ငွေများ ပြန်လည်ရရှိခဲ့ကြောင်း ယင်းကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ သိရှိရသည်ဟု ဘီဘီစီသတင်းဌာနက ဖော်ပြထားသည်။

ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်ကတည်းက Qantas လေကြောင်းလိုင်း၏ အမြတ်ရရှိမှုမှာ သိသိသာသာ တိုးတက်လာခဲ့ပြီး ခြောက်လတာ ကာလတွင် ဩစတြေးလျဒေါ်လာ တစ်ဘီလီယံ (အမေရိကန်ဒေါ်လာ ၆၈၃ သန်း/ ဗြိတိန် ပေါင် ၅၆၆ သန်း) အထိပင် အမြတ်အစွန်း ရရှိခဲ့ကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်။

ဩစတြေးလျသည် ကိုဗစ်ကာလက တင်းကျပ်သော ခရီးသွားစည်းမျဉ်းများကို ချမှတ်ခဲ့ခြင်းကြောင့် ယင်းကပ်ရောဂါကာလအတွင်း ခရီးသွားကဏ္ဍနှင့်ဆက်နွယ်သည့် ကုမ္ပဏီများအနေဖြင့် ဩစတြေးလျဒေါ်လာ ခုနစ်ဘီလီယံကျော် ဆုံးရှုံးခဲ့ရသည်ဟု သတင်းများ ထွက်ပေါ်ခဲ့သည်။

Qantas လေကြောင်းလိုင်း အပါအဝင် ဩစတြေးလျ လေကြောင်းလိုင်းများသည် ဖျက်သိမ်းလိုက်သော လေယာဉ်ခရီးစဉ်များ၊ ခရီးဆောင်အိတ်များ ပျောက်ဆုံးမှုနှင့် ခရီးစဉ်ကြန့်ကြာမှုများအပေါ် ဝေဖန်မှုများနှင့်အတူ ပြဿနာပေါင်း မြောက်မြားစွာကို ရင်ဆိုင်ဖြေရှင်းခဲ့ရပြီး ဝင်ငွေများလည်း သိသိသာသာ လျော့ကျခဲ့ရခြင်းဖြစ်သည်။

"လွန်ခဲ့တဲ့ ၁၂ လလောက်က ကျွန်တော်တို့ကြုံတွေ့ခဲ့ရတဲ့ ကြီးမားတဲ့ ဆုံးရှုံးမှုတွေကို ထည့်သွင်းစဉ်းစားကြည့်မယ်ဆိုရင် လက်ရှိအနေအထားဟာ ကြီးမားတဲ့ အပြောင်းအလဲတစ်ခုပါပဲ။ ၂၀၂၂ ခုနှစ် ဒုတိယနှစ်ဝက်မှာ ကျွန်တော်တို့ လေကြောင်းလိုင်းရဲ့ အမြတ်ငွေက အမေရိကန်ဒေါ်လာ သန်း ၆၀၀ ကျော်ခဲ့ပါတယ်။ ဒါဟာ ကိုဗစ်အလွန် စီးပွားရေးဦးမော့မှုရဲ့ ရလဒ်တစ်ခုဖြစ်ပါတယ်။ ဩစတြေးလျနိုင်ငံကို လာရောက်လည်ပတ်ကြတဲ့ ပြည်ပခရီးသွားတွေကိုလည်း ကျေးဇူးတင်ရမှာပါ။ ပြီးတော့ ကျွန်တော်တို့ လေကြောင်းလိုင်းအနေနဲ့ ခရီးသွားပြည်သူတွေကို ပြန်လည်အကျိုးပြုနိုင်တဲ့ အစီအစဉ်တွေကို လုပ်ဆောင်သွားဖို့ ရှိပါတယ်"ဟု Qantas လေကြောင်းလိုင်း၏ အမှုဆောင်အရာရှိချုပ် Alan Joyce (ဓာတ်ပုံ) ပြောသည်။

ဩစတြေးလျနိုင်ငံတွင် ကိုဗစ်စည်းကမ်းချက်များကို ၁၈ လကျော်ကြာ ချမှတ်ခဲ့ပြီး ပြည်ပအဝင်အထွက် လမ်းကြောင်းများကိုလည်း ပိတ်ထားခဲ့ခြင်းကြောင့် ခရီးသွားကဏ္ဍကို အဓိကထိခိုက်စေခဲ့သည်။ ထို့ကြောင့် Qantas လေကြောင်းလိုင်း အနေဖြင့်လည်း ၂၀၂၀ ပြည့်နှစ်က ဝန်ထမ်းပေါင်း ၂၀၀၀ ခန့်ကို လျှော့ချခဲ့ဖူးသည်။

Qantas လေကြောင်းလိုင်းသည် အခက်အခဲပေါင်းများစွာ ကြားမှပင် AirlineRatings.com၏ အဆင့်သတ်မှတ်ချက်တွင် ကမ္ဘာ့ဘေးအကင်းဆုံး လေကြောင်းလိုင်းအဖြစ် ပြန်လည်ရရှိခဲ့သည်။ Qantas လေကြောင်းလိုင်းကို ၁၉၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၆ ရက်က စတင် တည်ထောင်ခဲ့ခြင်းဖြစ်သည်။

**Source; BBC**

စိုင်းဗညား - စုစည်းသည်




## ဆမ်ဆောင်းက မောင်းသူမဲ့ကားများအတွက် ချစ်ပ်ပြားများ ထုတ်လုပ်မည်

စမတ်ဖုန်းများ အပါအဝင် အီလက်ထရွန်နစ်ပစ္စည်းများ ထုတ်လုပ်သည့် ဆမ်ဆောင်းကုမ္ပဏီသည် မောင်းသူမဲ့ကားများအတွက် ဉာဏ်ရည်တု (AI) အသုံးပြုထားသည့် ချစ်ပ်ပြားများကို ထုတ်လုပ်သွားရန် ဆုံးဖြတ်လိုက်ခြင်းနှင့်အတူ မောင်းသူမဲ့ကားဈေးကွက်သို့ ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ဆမ်ဆောင်းနှင့်ပြိုင်ဘက် Xiaomi ကုမ္ပဏီက မောင်းသူမဲ့ကားများနှင့် လျှပ်စစ်ကားများ ထုတ်လုပ်သွားရန် လမ်းကြောင်းကို ရွေးချယ်ခဲ့ပြီး ဆမ်ဆောင်းကလည်း မောင်းသူမဲ့ကားများအတွက် ချစ်ပ်ပြားများ ထုတ်လုပ်သွားရန် လမ်းကြောင်းကို ရွေးချယ်လာခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဆမ်ဆောင်းကုမ္ပဏီသည် အမေရိကန်အခြေစိုက် ကုမ္ပဏီတစ်ခုနှင့်ပူးပေါင်းပြီး မောင်းသူမဲ့ကားများ ထုတ်လုပ်သွားရန် ပြင်ဆင်နေကြောင်း သိရသည်။

ဆမ်ဆောင်းကထုတ်လုပ်မည့် အဆိုပါ ချစ်ပ်ပြားများတွင် ကွန်ပျူတာပုံရိပ်နှင့် လမ်းကြောင်းတွက်ချက်ခြင်း၊ 4D ပုံရိပ်ဖော်ရေဒါ စသည့် နည်းပညာများ ပါဝင်လာမည်ဖြစ်ကြောင်းလည်း သိရသည်။

**Source; Xinhua**